www.burmeseclassic.com

THOE SAUNG

# သိုးဆောင်း



တော

ပုံပြင်လွယ်ထားတဲ့ချစ်သူ

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြေခံစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆော
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက် တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျ ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စိစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၅၆၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၉၄၀၆၁၁

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် - ၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၈၀၀ ကျပ်

သိုးဆောင်း — [illegible]
(ပုံပြင်ဓေတွလွယ်ထားတဲ့ချစ်သူ) / သိုးဆောင်း။ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁
၁၈၁ - စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။
(၁) ပုံပြင်ဓေတွလွယ်ထားတဲ့ချစ်သူ

www.burmeseclassic.com

# နိဒါန်း

ညက စုန်းအိုတစ်ကောင်ရဲ့ ဝတ်ရုံလို မည်းမည်းလှုပ်
နေသည်။

မိုးစက်တွေက ကောင်းကင်ကြီး ရေညှစ်ချသလို
တဝေါဝေါနှင့် အဆက်မပြတ်။

ဝင်းခနဲလက်သွားတတ်သည့် လျှပ်ကြိုးမျှင်တွေကိုပင်
မြင်တွေ့နေရသေးသည်။

လေကြမ်းက ဘီလူးနမ်းသလို၊

မှောင်မည်းနေပေမဲ့ အသက်ပါလွန်းလှသည့် မိုးပြင်း
ညတစ်ညဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

'သား' ဟူ၍ ကြောက်ခမန်းလိလိ အော်လိုက်သော မိခင်တစ်ယောက်ရဲ့အော်သံ၊

'ဒိန်း' ခနဲထွက်ပေါ်လာသည့် ထိခိုက်သံတစ်ချက်၊

မီးစုံဖွင့်ထားသည့် ကားတစ်စီး၊

သွေးပျက်မတတ် ထိတ်လန့်ကြောက်ရွံ့သွားသော မိခင်တစ်ယောက်ရဲ့ပြယုဂ်၊

BURMESE CLASSIC .com

မှောင်နှင့်မည်းမည်း မိုးရေထဲမှာ . . .

နက်သောညပေမို့ ပတ်ဝန်းကျင်က ရှင်းရှင်းလင်းလင်း၊

ထိုစဉ်မှာပင် ဟွန်းသံနှင့်အတူ ကားမီးရောင်တစ်ချက်က နောက်ပိုင်းမှ ထွက်ပေါ်လာသည်။



တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် ပုံပြင်အရမ်းကြိုက်သော ကျောင်းသူတစ်ဦး ရှိခဲ့ဖူးလေသည်။ မည်မျှထိကြိုက်သလဲဆိုလျှင် သူမကို စိတ်ဝင်စား၍ ရည်းစားဖြစ်ရန် ကြိုးစားသူတိုင်းကို ပုံပြင်တစ်ပုဒ် ပြောပြခိုင်းသည်။

ပုံပြင်လေးနာမည်က 'ယုန်နဲ့လိပ် ဒုတိယပုံပြင်'။

ဒါပေမဲ့ မည်သည့်ကျောင်းသားကမျှ ထိုပုံပြင်ကို မှန်အောင် ပြောမပြနိုင်ကြ။ (ဝါ) သူမလက်ခံနိုင်အောင် ပြောမပြနိုင်ကြချေ။

ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ သူမအချစ်ကို ရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဒါပေမဲ့ တစ်နေ့မှာတော့ ထိုအစဉ်အလာကို လုံးဝရိုက်ချိုးပစ်လိုက်သော ကျောင်းသားတစ်ဦး ပေါ်လာလေသည်။

နာမည်က 'ဝေဖြိုး'။



www.burmeseclassic.com

www.burmeseclassic.com

# I

ကင်န်တင်းတစ်ခုက အသက်ရှုသံများနှင့် လှို့ဝှက်သည်းဖိုဆန်ဆန် တိတ်ဆိတ်နေသည်။

"အခုပြောမယ့်ပုံပြင်က ကျွန်တော်တို့ငယ်ငယ်တုန်းက ကျောင်းမှာသင်ခဲ့ရတဲ့ ယုန်နဲ့လိပ်ပုံပြင်ရဲ့အဆက်ပေါ့။ ခင်ဗျားပြောခိုင်းတဲ့ ယုန်နဲ့လိပ် ဒုတိယပုံပြင်လို့လည်း ပြောလို့ရပါတယ်။ ပထမပုံပြင်ထဲကအတိုင်း ယုန်နဲ့လိပ် အပြေးပြိုင်ကြတော့ ယုန်က ရှုံးသွားတယ်။ အဲဒီမှာတင် လိပ်အပေါင်းက အောင်ပွဲခံကြတာပေါ့။ ဒါ သူတို့ဘယ်လိုမှ မျှော်လင့်မထားတဲ့ အနိုင်လေ။ သူတို့ရဲ့သမိုင်းမှာလည်း ယုန်ကိုနိုင်အောင် ပြေးနိုင်တယ်ဆိုတာ မှတ်ကျောက်တင်သွားပြီ။

တောအုပ်ထဲမှာရှိသမျှ တိရစ္ဆာန်အပေါင်းကလည်း လိပ်တွေကို တအံ့တသြနဲ့ ဝိုင်းဝန်းချီးကျူးကြတယ်။ လိပ်တွေက သတ္တိရှိပြီး ဇွဲလည်းကောင်းကြတယ်ပေါ့။ ဒီပြိုင်ပွဲရဲ့ရလဒ်နဲ့ ပတ်သက်ပြီး လိပ်တွေကိုလည်း အထင်မသေးရဲတော့ဘူး။



အဲဒီအချိန်မှာ ယုန်တွေကတော့ လိပ်တွေနဲ့ ဆန့်ကျင်ဘက်ပဲ။ ခေါင်းတောင် မဖော်နိုင်ကြဘူးတဲ့။ သူတို့အားလုံးကို ဝိုင်းဝန်းကဲ့ရဲ့သံတွေလည်း နေရာတိုင်းမှာ ကြားနေရတယ်။

အပျင်းကြီးတယ်၊ ပြိုင်ဘက်ကို လျှော့တွက်တယ်။ အရှက်ကို မရှိကြဘူးနဲ့ စုံနေတာပဲတဲ့။ ဒီမှာတင် ယုန်တွေက တိုင်ပင်တယ်။ သူတို့ ဒီလို အဖြစ်မခံနိုင်ကြဘူးလေ။ အနှေးဆုံးလို့သတ်မှတ်ထားတဲ့ သတ္တဝါတွေက သူတို့ကိုအနိုင်ယူပြီး တောအုပ်မှာ သမိုင်းသစ်တင်သွားတာကို လက်မခံနိုင်ကြဘူး။

အဲတော့ သူတို့က လိပ်နဲ့ နောက်တစ်ကြိမ် အပြေးထပ်ပြိုင်ဖို့ တိုင်ပင်တယ်။ ပြီးတော့ ချက်ချင်းပဲ သတင်းပို့လိုက်တယ်တဲ့။ ယုန်နဲ့လိပ် နောက်တစ်ကြိမ် အပြေးထပ်ပြိုင်ကြမယ်ပေါ့။

ယုန်တွေရဲ့ စိန်ခေါ်မှုကိုလည်းကြားရော လိပ်တွေဘက်က ချက်ချင်း လက်မခံသေးဘူး။ စိန်ခေါ်သံကြားကြားချင်း လိပ်အပေါင်းက တိုင်ပင်တယ်။ ဒီပွဲမှာ သူတို့နိုင်ခဲ့တယ်ဆိုတာလည်း သူတို့တော်လို့မဟုတ်ဘဲ ယုန်ရဲ့ပေါ့လျှော့မှုဆိုတာ သိနေတာကိုး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီတစ်ကြိမ်ပြိုင်ပွဲမှာ ယုန်က ထပ်အိပ်မှာမဟုတ်တော့ဘူးလေ။ ဒါဆို သူတို့ အနိုင်ရဖို့ မသေချာတော့ဘူး။ အဲတော့ ဘယ်လိုလုပ်ကြမလဲ။ လိပ်ခေါင်းဆောင်နဲ့တကွ သူတို့တွေ အကြာကြီးတိုင်ပင်ကြတယ်ပေါ့။ ယုန်တွေကတော့ လိပ်တွေရဲ့အဖြေကို စောင့်ရတာ ခြေတကြွကြွပဲ။

နောက်တစ်နေ့မှာတင် လိပ်တွေဘက်က အပြေးပြိုင်ဖို့ သဘောတူလိုက်တယ်။ ဒါပေမဲ့ လိပ်တွေဘက်က တစ်ခုတောင်းဆိုတယ်။ ပြိုင်ရမယ့် ပြေးလမ်းကြောင်းနဲ့ ပန်းတိုင်ကို သူတို့ဘက်က သတ်မှတ်မယ်တဲ့။

ယုန်တွေကတော့ အပြေးထပ်ပြိုင်ရဖို့သာ ဆန္ဒစောနေလို့ ဘာမှ မစဉ်းစားတော့ဘူး။ လိပ်တွေဘက်ကအဆိုကို ချက်ချင်းပဲ သဘောတူလိုက်တယ်။ နောက်တော့ သူတို့နှစ်ဖက်တိုင်ပင်ပြီး ပြိုင်ပွဲနေ့ကို သတ်မှတ်လိုက်ကြတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အပြေးပြိုင်မယ့်နေ့လည်းရောက်ရော လာကြည့်မယ့်ပရိသတ်တွေ အများကြီးပဲတဲ့။ ပထမအကြိမ်တုန်းကထက်ကို ပရိသတ်တွေအများကြီး လာကြည့်ကြတယ်။ ဒါပေမဲ့ မတူတော့ဘူး။ ပထမအကြိမ်တုန်းကလို ပရိသတ်က ယုန်ဘက်မှာချည်း ရှိမနေတော့ဘူးလေ။ အခုတစ်ကြိမ်မှာ ပရိသတ်က နှစ်ဖက်မျှသွားပြီ။

ယုန်နဲ့လိပ် ပြိုင်ပွဲကွင်းဆီလည်းဝင်ရော အော်ဟစ်အားပေးကြတဲ့အသံတွေ တစ်တောလုံးကို ညံသွားတာပဲတဲ့။ နှစ်ကောင်လုံး နေရာယူပြီးသွားတော့ လိပ်အကြီးအကဲက သူတို့ရှေ့ရောက်လာတယ်။ ပြီးတော့ တာမထွက်ခင် စကားနည်းနည်းပြောတယ်။

အဆွေယုန်နဲ့ အဆွေလိပ်တဲ့ . . .သင်တို့နှစ်ယောက်အတွက် ယခုရပ်နေရာလမ်းဟာ သင်တို့ရဲ့ ပြေးလမ်းပါပဲ။ ဒီလမ်းရဲ့အဆုံးမှာ သင်တို့အတွက် ပန်းတိုင်ရှိတယ်။ အဲဒီပန်းတိုင်ကို အရင်ဆုံးရောက်အောင်သွားနိုင်သူက ဒီပွဲအတွက် အနိုင်ရသူဖြစ်ပါတယ်လို့ ပြောပြီး လိပ်အကြီးအကဲက သူ့နေရာဆီ ပြန်လည်ထွက်ခွာသွားတယ်။ ဒါပေမဲ့ လိပ်အကြီးအကဲရဲ့မျက်နှာမှာ ဘာမှန်းမသိတဲ့ အပြုံးတစ်ခုရှိနေတာကို ဘယ်သူမှ သတိမထားမိလိုက်ကြဘူး။

ဒါဟာ ပြိုင်ပွဲဆီ အာရုံရောက်နေတာရယ်၊ လိပ်ကို အနိုင်ပြေးချင်နေတာရယ်ကြောင့် သတိလက်လွတ်ဖြစ်သွားရတဲ့ ယုန်တွေရဲ့ ချို့ယွင်းချက်ပေါ့။

တာစလွှတ်တယ်ဆိုရင်ပဲ ယုန်က အားသွန်ခွန်စိုက် ပြေးတာပေါ့။ ဒီပွဲကို သူအနိုင်ရမှဖြစ်မှာ။ ဒါက သူ့အတွက်တင်မဟုတ်ဘူး၊ သူတို့တစ်မျိုးလုံးအတွက်၊ ယုန်တွေရဲ့သမိုင်းကြောင်းအတွက်ဆိုတဲ့ ဖိအားတွေရှိနေတယ်လေ။ လိပ်ကတော့ အေးဆေးပဲတဲ့။ ပထမပွဲတုန်းကထက်တောင် စိတ်အေးလက်အေးနဲ့ ဖြည်းဖြည်းချင်း၊ တရွေ့ချင်း လှမ်းသွားနေတယ်လို့ ထင်မိတယ်။

ပြေးလာလိုက်တာ သိပ်မကြာပါဘူး။ ခဏလေးနဲ့ ယုန်က ပန်းတိုင်ကို လှမ်းမြင်နေရတဲ့ အကွာအဝေးကို ရောက်လာတယ်။ အားပေးတဲ့ ပရိသတ်တွေကလည်း ဆူဆူညံလို့ပေါ့။



"ပြေးထားကွ . . . ရောက်တော့မယ် . . . သိပ်မလိုတော့ဘူး"

"ယုန်ကွ"

"ဒီပွဲမှာ ယုန်နိုင်မှာကွ။ ငါတို့ယုန်ပဲ နိုင်မှာကွ"

ယုန်ဘက်က အားပေးနေတဲ့ ပရိသတ်တွေ ဆူဆူညံသွားတယ်။ သူတို့တွေ လိပ်ကို ခံပြင်းနေကြပြီလေ။

ဒါပေမဲ့ လိပ်တွေဘက်ကတော့ ဂရုမစိုက်ပါဘူး။ အနိုင်အရှုံးရလဒ်ကို ပြိုင်ပွဲမစခင်ကတည်းက ကြိုသိနေသလိုမျိုး၊ ထိမထင်အပြုံးတွေနဲ့ ငြိမ်နေကြတယ်။ 'စောင့်ကြည့်လိုက်' ဆိုသည့် သဘောမျိုးပေါ့။

မကြာပါဘူး။ ပန်းတိုင်ရောက်ခါနီးဆဲဆဲမှာပဲ အနိုင်အရှုံးက မထင်မှတ်တဲ့ အချိုးအကွေ့ကနေ တစ်မျိုးပြောင်းသွားပါတယ်။ ယုန်ဘယ်လိုမှ ဆက်ပြေးလို့ရမတော့ဘူး။ ပန်းတိုင်ဆိုတာလည်း မြင်နေလျက်နဲ့ တစ်ပါးသူအတွက် ဖြစ်သွားရပါပြီ။

ဘာဖြစ်လို့လည်းဆိုတော့ ယုန်ရဲ့ ပြေးလမ်းကြောင်းတည့်တည့်မှာ ရေမြောင်းတစ်ခု ခံနေတယ်။ တော်တော်လည်းကျယ်တော့ ယုန်ခမျာ ဘာမှဆက်လုပ်လို့ မရတော့ဘူး။ ခုန်ကူးလို့လည်းမရဘူး။ ရေထဲကဖြတ်သွားဖို့ကျတော့လည်း ရေမကူးတတ်တော့ ဒုက္ခရောက်ပြီပေါ့။

ပန်းတိုင်က ရေမြောင်းရဲ့တစ်ဖက်မှာ။ တကယ်မှ နီးနီးလေး။ ကုန်းပေါ်မှာဆိုရင် ပန်းတိုင်ကို ခဏချင်းပဲရောက်သွားမှာပါ။ ဒါပေမဲ့ အခုတော့ လုံးဝကိုသွားပြီ။

ဘယ်လိုဆက်လုပ်ရမလဲ စဉ်းစားပေမဲ့ အကြံကမထွက်ဘူး။ လမ်းကလည်း ဒီတစ်လမ်းပဲရှိတာ။ နောက်တစ်လမ်းကနေ ပတ်သွားလို့လည်းမရဘူး။ ပြန်ပဲလှည့်ရမလား၊ ဒီအတိုင်းပဲ ဆက်နေရမလား တစ်ကောင်းတည်း ယောက်ယက်ခတ်နေတာနဲ့ အချိန်က တော်တော်ကြာသွားတယ်။

စောင့်ကြည့်နေတဲ့ ပရိသတ်တွေကလည်း ယုန် ဘယ်အချိန်များ ပန်းတိုင်ရောက်ပြီး အောင်ပွဲခံမလဲ စောင့်ကြည့်နေကြတာပေါ့။ ဒီမှာ ယုန်က ဒုက္ခအကြီးကြီးနဲ့ တွေ့နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ အတော်ကြီးကြာသွားချိန်မှာပဲ လိပ်က သူ့အနားကို ရောက်လာခဲ့တယ်။ ယုန်ကို တွေ့တွေ့ချင်းပဲ လိပ်က လှောင်ပြုံးလေးနဲ့ ခနဲ့တဲ့တဲ့ပြောတယ်။

"အဆွေယုန်က ဘာလို့ ဆက်မသွားတာလဲဗျ။ ပန်းတိုင်ကို ရောက်တော့မှာပဲဥစ္စာ။ ဘာလဲ . . . ကျွန်ုပ်ကို စောင့်နေတာလား။ ဒါမှ မဟုတ် ပြီးခဲ့တဲ့ပြိုင်ပွဲတုန်းကလိုပဲ တစ်ရေးအိပ်ပြီး အခုမှ နိုးလာတာ လား။

လိပ်ရဲ့ မထိတထိ ရိလိုက်တဲ့စကားကို ကြားပေမယ့် ဒီအချိန် မှာ ယုန်ခမျာ ဘာမှပြန်မပြောနိုင်ရှာဘူး။ သေချာတာကတော့ သူ လိပ် ကို ဒုတိယအကြိမ် ထပ်ရှုံးသွားပြီလေ။ ဒီတစ်ခါလည်း သူတို့ရဲ့ပေါ့လျော့ မှုပါပဲ။ လိပ်ကို အနိုင်လိုချင်တာနဲ့ ဘာကိုမှ မစဉ်းစားခဲ့ဘူး။

လိပ်တွေဘက်က ပြေးလမ်းနဲ့ ပန်းတိုင်သတ်မှတ်မယ်ဆိုတာ ကို သဘောတူလိုက်တာကိုက သူတို့အမှားပဲ။ လိပ်တွေအားလုံး ပူးပေါင်း ပြီး ပြေးလမ်းပေါ်မှာ ရေအိုင်တစ်အိုင်တူးတယ်။ ပြီးတော့ ပန်းတိုင်ကို ရေအိုင်ရဲ့တစ်ဖက်ခြမ်းမှာ သတ်မှတ်တယ်။ ကောက်ကျစ်တာမဟုတ်ဘူး ဆိုရင်တော့ လိပ်တွေရဲ့ဦးနှောက်က ချီးကျူးစရာပေါ့။ ဒါပေမဲ့ ဒီပွဲအတွက် တော့ ယုန်တွေရဲ့အရှုံးက သေချာသွားပြီလေ"

အဲဒီအချိန်မှာပဲ တရွေ့ရွေ့သွားနေတဲ့လိပ်က ယုန်ကိုကျော်ပြီး ရေအိုင်စပ်ကို ရောက်သွားတယ်။ ပြီးတော့ မျက်နှာကိုမော့ပြီး ဝံ့ကြွားတဲ့ အပြုံးနဲ့ စကားတစ်ခွန်းပြောတယ်။ လိပ်ပြောသွားတဲ့စကားလေးက အရမ်း လှတာပဲ။

"အဆွေယုန် . . . ပြိုင်ပွဲတစ်ခုရဲ့ အနိုင်အရှုံးဆိုတာ သူ့ရဲ့ဗီဇ ပေါ်မှာလည်း မမူတည်ဘူး၊ မနေမနား ကြိုးစားအားထုတ်ရတဲ့ ဝီရိယ အပေါ်မှာလည်း မမူတည်ဘူး၊ သတ္တဝါအများစု လက်ကိုင်ထားတတ်ကြ တဲ့ 'ကံ' ဆိုတဲ့ ဝေါဟာရပေါ်မှာလည်း မူတည်တာမဟုတ်ဘူး။ အရှုံး ကို အနိုင်ဖြစ်အောင် လှည့်တတ်တဲ့သူ့ရဲ့ အရည်အသွေးပေါ်မှာပဲ မူတည် တာပါတဲ့"



ပြီးတော့ လိပ်က ရေအိုင်ကိုကူးပြီး ပန်းတိုင်ဆီကို ရောက်သွား တယ်"

ပုံပြင်ဟုခေါ်သော စကားအရှည်ကြီး ဆုံးသွားတော့ တိတ်ဆိတ် နေသော ကန်တင်းက အနည်းငယ် အသက်ဝင်လာသယောင် ရှိသည်။ ထိုစဉ်မှာပဲ . . .

"ဒီပုံပြင်လေးရဲ့ ရည်ရွယ်ချက်ကတော့ ဆုံးဖြတ်ချက်တစ်ခုကို အလျင်စလို မချမိဖို့ဆိုတာရယ်၊ ပြိုင်ပွဲတစ်ခုအတွက် အဲဒီပြိုင်ပွဲနဲ့ပတ် သက်တဲ့ အရည်အချင်း ကိုယ့်မှာနည်းနေရင်တောင် အားသာတဲ့ ကိုယ့် ရဲ့ နောက်အရည်အချင်းတစ်ခုနဲ့ ပြိုင်ပွဲရဲ့ အနိုင်အရှုံးကို ကိုယ်လိုသလို လှည့်ယူနိုင်တယ်ဆိုတဲ့အကြောင်း ရည်ရွယ်ထားတဲ့ ပုံပြင်တစ်ပုဒ်ပဲ"

စကားဆုံးလျှင် ဆုံးသွားချင်းမှာတော့ ပုံပြင်စကတည်းက တအံ့ တသြဖြစ်နေသော မိန်းကလေးတစ်ယောက်မှာ . . .

"ရှင် . . . ရှင် . . . ဒီပုံပြင်ကို ဘယ်ကရတာလဲ"

ဝေဖြိုးဆိုသောကျောင်းသားမှာ လျှို့ဝှက်ပြုံးတစ်ခုကို ပီပီပြင် ပြင် ပြုံးလိုက်သည်။

"အဲဒီမေးခွန်းက တို့နှစ်ယောက်ကြားမှာ မရှိဘူးလေ။ မင်းက ပုံပြောနိုင်းတယ်။ မင်းပြောနိုင်းတဲ့ပုံပြင်ကို ငါကပြောတယ်။ အဲဒီတော့ တို့နှစ်ယောက်ကြားမှာရှိတာက ငါပြောလိုက်တဲ့ပုံပြင် မှန်မမှန်ဆိုတဲ့ အချက်ပဲ"

ထိုစကားကြောင့် နားထောင်သူမိန်းကလေးမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။ ပြီးတော့ . . .

"ခက်တာက ပုံပြင် မပြီးသေးဘူး"

"သိထားပါတယ်။ ယုန်နဲ့လိပ်ပုံပြင်က နောက်တစ်ပုဒ်ကျန်သေး တယ်။ မင်းအလိုဆိုရင်တော့ ယုန်နဲ့လိပ် တတိယပုံပြင်လို့ သတ်မှတ် မှာပေါ့"

မိန်းကလေးဘက်မှ နောက်တစ်ကြိမ် အံ့သြမှုကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မပုံပြင်တွေကို အခုအချိန်အထိ မှန်အောင်ပြောနိုင်တဲ့လူလည်း မရှိသေးဘူး"

"ဒါလည်း သိထားပါတယ်။ ငါကတော့ ခြွင်းချက်ပေါ့"

"သေချာလို့ချည်လား"

မိန်းကလေး၏စကားသံမှာ မခံချင်မှုနဲ့ စိန်ခေါ်မှုတို့ ရောစွက်ပါဝင်နေသလို ထင်ရသည်။

"ဒါကတော့ ပုံပြင်ကို အစအဆုံးနားထောင်လိုက်ရတဲ့ မင်းကပိုသိမှာပါ"

ပုံပြောသူ ဝေဖြိုးဆိုသော ကျောင်းသား၏မျက်လုံးနှင့် စကားသံများတွင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတို့ ရာနှုန်းပြည့်ပါဝင်နေသည်။

"ကျွန်မသိချင်တာက ဒီပုံပြင်တစ်ပုဒ်တည်း မဟုတ်ဘူး။ ကျွန်မဆီမှာ ပုံပြင်တွေ အများကြီးကျန်သေးတယ်။ ဒါပေမဲ့ ပုံလာပြောသူတိုင်းက ပထမပုံပြင်မှာတင် မှားသွားကြလို့"

"ငါသဘောပေါက်ပါတယ်"

လက်ကာကာ ပြောလိုက်သော ဝေဖြိုးစကားကြောင့် ပြောသူမိန်းကလေးမှာ စကားတို့ ရပ်သွားသည်။

"နောက်ပြီး မင်းပြောနိုင်းမယ့်ပုံပြင်တွေကို အမှားအယွင်းမရှိပြောပြဖို့ စိတ်ဝင်စားနေတယ်"

မျက်လုံးချင်း ခဏတာဆုံသွားပါသည်။ နှစ်ဦးစလုံးက လက်ဝင်းနေသော အကြည့်တွေကို လွန်လွန်ကြူးကြူး သုံးထားကြသည်မို့ ကြည့်ရသည်မှာ ကျောပင်ချမ်းသွားလောက်သည်။ ထိုခဏ . . .

"ကျွန်မလည်း ရှင်ပြောပြမယ့်ပုံပြင်တွေကို နားထောင်ဖို့ စိတ်အရမ်းထက်သန်နေတယ်ဆိုရင်ရော"

"ကောင်းပြီလေ . . . မနက်ဖြန် ယုန်နဲ့လိပ် ဒုတိယပုံပြင်ကို ငါ လာပြောပြမယ်"

ထို့နောက်မှာတော့ ကန်တင်းတစ်ခုလုံးသည်က ထိန်းချုပ်မှုအရှိန်အဝါကင်းလွတ်စွာနဲ့ နိုးထသက်ဝင် သွားပါတော့သည်။ ဆိုင်အပြင်ဘက်သို့ ကျောင်းသားတစ်ယောက်မှာ လွယ်အိတ်ကို စလွယ်သိုင်းရင်းလက်တစ်ဖက်ဖြင့် ပုဆိုးကိုမရင်းနှင့် ခပ်သွက်သွက် လျှောက်သွားနေသည်။

ကျောင်းသူတစ်ယောက်ကတော့ ဆိုင်တွင်းမှနေ၍ ထိုကျောင်းသား၏ကျောပြင်အား မမှိတ်မသုန် စိုက်ကြည့်နေပါသည်။

သူမနာမည်က 'ပိုးကဗျာ'

www.burmeseclassic.com

## II

ဒုတိယအကြိမ် ယုန်တွေ ထပ်ရှုံးသွားပြီးတဲ့နောက်မှာတော့ လိပ် တွေက တောထဲမှာ ဘုရင်တစ်ဆူလိုလိုကို ဖြစ်သွားကြပြီး ခေါင်းကိုမော့ ရင်ကိုကော့ပြီး ဝင့်ဝင့်ကြွားကြွားနဲ့ပေါ့။ ယုန်တွေခမျာတော့ နေစရာတောင် မရှိတော့ဘူးတဲ့။

ဒါပေမဲ့ သူတို့ စိတ်ဓာတ်မကျပါဘူး။ နောက်တစ်ကြိမ် ထပ် ပြိုင်ကြဖို့ စိန်ခေါ်တယ်။ ဒီတစ်ခါ စိန်ခေါ်သံလည်းကြားရော လိပ်တွေ က ဟက်ဟက်ပက်ပက်ကို ရယ်ကြတယ်တဲ့။ နှစ်ခါရှုံးသွားပြီးတာတောင် မမှတ်သေးဘူးလားပေါ့။

ဒီအချိန်မှာ လိပ်တွေက စိတ်ကြီးဝင်သွားပြီ။ တစ်သက်လုံးနိုင် လာတဲ့ယုန်တွေ သူတို့လက်ထက်မှာ ရှုံးရပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင် ကြီးသွားကြပြီ။

ယုန်တွေစိန်ခေါ်ပုံကလည်း လိပ်တွေအလှည့်တုန်းကလိုပါပဲ၊ ဒီတစ်ခါ ပြိုင်ပွဲရဲ့ ပြေးလမ်းကြောင်းနဲ့ ပန်းတိုင်ကို သူတို့ဘက်က သတ်



မှတ်မယ်တဲ့။ လိပ်တွေက အရင်လိုတွေးတောတတ်ရင် ဒါ ယုန်တွေရဲ့ အနိုင်ရဖို့ အကြံအစည်ဆိုတာ တွေးမိမှာပါ။ တွေးလည်း တွေးဖြစ်လိမ့် မယ်။ ဒါပေမဲ့ လိပ်တွေက အရင်လို မဟုတ်တော့ဘူး။ ယုန်တွေ ဘယ်လို ပြိုင်ပြိုင် သူတို့ကို မနိုင်ပါဘူးဆိုတဲ့စိတ်ကို ဝင်သွားတာ။ အဲတော့ ဘာမျှ တွေးမနေတော့ဘဲ ပြိုင်ပွဲကို လက်ခံလိုက်တယ်။

တတိယအကြိမ် ပြိုင်ပွဲမှာလည်း ဒုတိယအကြိမ်တုန်းကလိုပဲ ပရိသတ်တွေ အများကြီးပါပဲ။ ယုန်နဲ့လိပ်ပြိုင်ပွဲကွင်းမှာ နေရာယူပြီးသွား တော့ ပထမပြိုင်ပွဲတုန်းက လိပ်အကြီးအကဲအတိုင်းပဲ ယုန်အကြီးအကဲ ဆင်းလာတယ်။ ပြီးတော့ ယှဉ်ပြိုင်ကြမယ့် သူတို့နှစ်ယောက်ကိုပြောတယ်။

"အဆွေယုန်နဲ့ အဆွေလိပ် . . . ဟောဟိုမှာမြင်နေရတဲ့ တောင် ကုန်းလေးရဲ့ထိပ်မှာ ပန်းတိုင်ရှိပါတယ်။ ပန်းတိုင်ကို အရင်ရောက်အောင် သွားနိုင်သူက အနိုင်ပါပဲတဲ့"

ဒါ ယုန်တွေရဲ့ နောက်ဆုံးကျည်ဆန်။ ဒီတစ်ပွဲမှ သူတို့ထပ်ရှုံး သွားရင် သူတို့ဘဝက သွားပြီ။

"တာစလွှတ်တယ်ဆိုရင်ပဲ နှစ်ကောင်စလုံးက ကြိုးကြိုးစားစား ပြေးကြတယ်။ ယုန်ကလည်း အနိုင်ရချင်သလို၊ လိပ်ကလည်း သူရထား တဲ့အနိုင်ကို ဆက်ထိန်းချင်တယ်လေ။ ဒါပေမဲ့ ထုံးစံအတိုင်းပါပဲ။ ယုန် က အဝေးကြီးကို ရောက်သွားချိန်မှာ လိပ်ကတော့ နောက်မှာ တရွေ့ရွေ့ ပေါ့။

အဲဒီမှာပဲ ယုန်က မထင်မှတ်တာတစ်ခုကို လုပ်လိုက်တယ်။ သူရောက်နေတဲ့နေရာက ပန်းတိုင်ကို သိပ်မလိုတော့ဘူး။ မတ်စောက် တဲ့တောင်ကုန်းလေးကို တက်သွားလိုက်တာနဲ့ ရောက်ပြီ။ ဒါပေမဲ့ ယုန် က ဆက်မတက်ဘဲ တောင်ကုန်းလေးအောက်ခြေမှာ တစ်ချက်သမ်းဝေ ပြီး အိပ်လိုက်တယ်တဲ့။

အားပေးတဲ့ ပရိသတ်တွေ 'ဟာ' ခနဲဖြစ်ကုန်ကြတာပေါ့။ လိပ် တွေဘက်ကဆို အဆိုးဆုံးပဲတဲ့။ ပထမဆုံးပွဲလိုမျိုးပဲ ယုန် အပျင်းကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com

အိပ်လိုက်တာလို့ သူတို့က ထင်ကြတယ်။ ပြိုင်ပွဲကိုကြည့်နေသူတွေ အကုန်လုံးလည်း ယုန်ကို ဝိုင်းကဲ့ရဲ့ကြတာပေါ့။

ပထမပွဲရှုံးဖူးထားတာတောင် မမှတ်ဘဲ ပန်းတိုင်နီးမှအိပ်တယ်။ ဘာညာပေါ့လေ။ ဒါပေမဲ့ ယုန်တွေကတော့ အေးဆေးပါပဲ။ တရွေ့ရွေ့သွားနေတဲ့လိပ်ကိုသာ ခပ်တည်တည် ကြည့်နေကြတယ်။

လိပ်ကလည်း ယုန်အိပ်နေတာမြင်တော့ အားတက်ပြီး ပြေးလိုက်တာ ခဏလေးနဲ့ ယုန်အိပ်နေရာဆီ ရောက်သွားတယ်။ ယုန်ကတော့ လိပ်ရောက်လာတာ မသိပါဘူး။ တခူးခူးနဲ့ အိပ်ပျော်နေတာ ပိုးလိုးပက်လက်တွေတောင် လန်လို့။

ပန်းတိုင်က သိပ်မလိုတော့ဘူး။ မတ်စောက်တဲ့ တောင်ကုန်းလေးကို တက်ပြီးသွားတာနဲ့ ရောက်ပြီ။ လိပ်က တရွေ့ရွေ့နဲ့ ယုန်ကိုကျော်သွားပြီး တောင်ကုန်းလေးကိုတက်ဖို့ ကြိုးစားတယ်။ ပထမ ခြေလှမ်းနည်းနည်းလောက်က ကိစ္စမရှိပေမဲ့ တောင်ကုန်းလေးတစ်ဝက်လောက်အရောက်မှာပဲ လိပ်ခမျာ ကျွမ်းပြန်ပြီး ပြုတ်ကျသွားတယ်တဲ့။

ဘာဖြစ်လို့လဲဆိုတော့ လိပ်ရဲ့ကျောခွံက လေးတယ်လေ။ တောင်ကုန်းက မတ်စောက်နေတော့ တစ်ဝက်အရောက်မှာပဲ နောက်လေးပြီး ပက်လက်လန်ကျသွားတာ။ အခါခါကြိုးစားပြီးတက်ပေမဲ့ လိပ် ဘယ်လိုမှ တက်လို့မရနိုင်ဘူး။ တောင်ကုန်းတစ်ဝက်လောက် ရောက်တာနဲ့ ပက်လက်လန်ကျသွားတာပဲ။

နောက်ဆုံး ဘယ်လိုမှ တက်လို့မရတဲ့အဆုံးမှာတော့ လိပ်ခမျာ လက်လျှော့လိုက်ရတယ်။ တစ်ကိုယ်လုံးလည်း မလှုပ်ရှားနိုင်အောင် နုံးချည့်သွားတာပေါ့။ အဲဒီအချိန်မှာပဲ အိပ်နေတဲ့ယုန်က နိုးလာခဲ့တယ်။ ပြီးတော့ တုတ်တုတ်မှမလှုပ်နိုင်အောင် အမောဖြေနေတဲ့ လိပ်ကိုကြည့်ပြီး စကားတစ်ခွန်းပြောတယ်။

ယုန်ပြောသွားတဲ့စကားလေးက အရမ်းလှတာပဲ။

"ကဲ . . . ခင်ဗျား အခုတော့ ကျွန်တော့်ရဲ့ ရေမြောင်းထဲကို ရောက်နေပြီလေတဲ့"



"ဇာတ်သိမ်းကတော့ ငါဆက်ပြောဖို့ လိုတော့မယ်မထင်ပါဘူး"

စကားဆုံးသွားသည့်နောက်မှာတော့ ပိုးကဗျာဆိုသူ မိန်းကလေးမှာ လုံးဝကို တုန်လှုပ်သွားရတော့သည်။ မယုံကြည်နိုင်လောက်အောင် တအံ့တသြ ဖြစ်နေသော ပိုးကဗျာအားကြည့်ရင်း . . .

"ဘာလဲ . . . ဒုတိယပုံပြင်ကိုလည်း အမှားအယွင်းမရှိ ငါပြောပြလို့ အံ့သြသွားတာလား။ မအံ့သြနဲ့။ ဒီထက်အံ့သြစရာတွေ မင်းအများကြီး ထပ်ကြုံရဦးမှာ"

ပိုးကဗျာကတော့ နှုတ်ဆိတ်လျက်သာရှိနေပါ၏။

"ပုံပြင်ရဲ့ ရည်ရွယ်ချက်ကတော့ ဘယ်လောက်ပဲ အနိုင်တွေရနေပါစေ ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးမဝင်ဖို့၊ မာနမထားရှိဖို့နဲ့ ပြိုင်ပွဲတစ်ခုရဲ့ အနိုင်အရှုံးဆိုတာ တစ်ခါတစ်ရံ ကိုယ့်အားသာချက်၊ သူ့အားသာချက် . . . လွယ်လွယ်ပြောရရင်တော့ သူ့ကွင်းကိုယ့်ကွင်း ရွေးတတ်မှုအပေါ်မှာလည်း မူတည်ကြောင်း ဖော်ပြပေးထားတဲ့ ပုံပြင်တစ်ပုဒ်ပဲ။ ဘယ်လိုလဲ . . . ငါပြောတဲ့ ရည်ရွယ်ချက်ကလည်း ဆိုးဆိုးဝါးဝါးကြီး မမှားဘူးမလား"

ပိုးကဗျာကတော့ တိတ်မြဲ တိတ်လျက်။

"ထားပါတော့လေ . . .။ ဒီနေ့အတွက် ဒီလောက်ပါပဲ။ ဒီနေ့ကလည်း သောကြာနေ့ဆိုတော့ နောက်အပတ်မှပဲ ပုံပြင်တွေကို ထပ်ဆက်ကြတာပေါ့"

ပြောပြီးပြီးချင်း လွယ်အိတ်ကိုဆွဲကာ ထရပ်လိုက်စဉ်မှာပဲ . . .

"နေပါဦး . . . နောက်တစ်ခေါက်အတွက် ကျွန်မမေးမယ့် ပုံပြင်တွေကို မသိချင်တော့ဘူးလား။ ပုံပြင်နဲ့သက်ဆိုင်ရာ ခေါင်းစဉ်လေးတွေကိုပေါ့"

ထိုစကားကြောင့် ဝေဖြိုး၏နှုတ်ခမ်းထောင့်စွန်းမှာ တွန့်သည်ဆိုရုံလောက်သာ တွန့်ကွေးသွားလေသည်။ ပြီးတော့ . . .

"ငါထင်ပါတယ်၊ ငါ့စကားကို နားထောင်ပြီးတာနဲ့ ဒီနေ့အတွက် မင်း တတိယအကြိမ်မြောက် အံ့သြသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

အသံမထွက်ပေမဲ့ ပိုးကဗျာ၏အကြည့်တို့ စူးခနဲ လက်သွားသည်။

"မင်းပြောခိုင်းမယ့် ပုံပြင်တွေကို ငါကြိုသိနေတယ်ဆိုရင် လက်ခံမှာလား"

"မဖြစ်နိုင်ဘူး"

ပိုးကဗျာနှုတ်ဖျားဆီမှ စကားတစ်ခွန်း ထွက်သွားသည်။

"ဖြစ်နိုင်ပါတယ်။ မင်းစိတ်ထဲမှာပဲရှိတဲ့၊ ဘယ်သူ့ကိုမှ မမေးဖူးသေးတဲ့၊ ဘယ်သူကမှလည်း မှန်အောင်ပြောမပြနိုင်သေးတဲ့ ပုံပြင်တွေကို ငါကြိုသိနေတယ်။ အထူးသဖြင့် နောက်အပတ်မှာ မင်း ငါ့ကိုပြောခိုင်းမယ့် မင်းစိတ်ထဲက တတိယမြောက်ပုံပြင်ကိုပေါ့"

ဒိန်းခနဲဆောင့်ခုန်သွားသော ရင်ခုန်သံတစ်ချက်နဲ့အတူ ပိုးကဗျာမျက်တောင်တို့ တွန့်ချိုးမှေးစင်းသွားလေပြီ။

"ကြွက်တစ်ကောင်ကိုတော့ အထင်မကြီးကောင်းဘူးပေါ့ကွာ။ ဒါပေမဲ့ မင်းပုံပြင်ထဲကကြွက်ကို ငါ အရမ်းအားကျတယ်"

ᨏ ᨏ ᨏ



## III

ရှေ့မှာ ဆရာဘာသင်နေလဲ မိုးတိမ်မသိပါ။ အခန်းထဲရှိနေသူတွေမှာလည်း ဆရာသင်နေတာကို နားထောင်နေကြလား၊ ဒါမှမဟုတ် လိုက်ပါဆွေးနွေးနေကြလားလည်း သူမသိ။ သိတာက အခုလောလောဆယ် သူ စာအုပ်တစ်အုပ်ကို အသည်းအသန်ဖတ်နေသည်။

ရေးသူကတော့ စိတ်ပညာပါမောက္ခကြီး ဟိုးဝပ်ဂါဒနာဆိုသူဖြစ်၍ ဖတ်နေသည့်အကြောင်းအရာက Multiple Intelligence ဟူသော 'ဉာဏ်များစွာသီအိုရီ' ဖြစ်သည်။

ဆရာကြီးရေးထားသည်က ဉာဏ်ခုနစ်မျိုးရှိကြောင်း၊ လူတို့တွင် ထိုဉာဏ်ခုနစ်မျိုးအနက် တစ်မျိုးမဟုတ်တစ်မျိုး ရှိတတ်ကြောင်း၊ အချို့မှာ နှစ်မျိုးသုံးမျိုးထိပင် ရှိကြောင်း၊ အဓိက အရေးကြီးသည်မှာ အဦးဆုံးဉာဏ်နှစ်မျိုးဖြစ်ပြီး ထိုဉာဏ်နှစ်မျိုးရှိသူမှာ အတန်းပညာသင်ယူရာတွင် ထူးချွန်နိုင်ကြောင်း၊ ထိုဉာဏ်နှစ်မျိုးမရှိပေမယ့်လည်း အခြားဉာဏ်များတွင် ထူးချွန်ချင်ပါက သက်ဆိုင်ရာ နယ်ပယ်တို့တွင် အောင်မြင်သူများဖြစ်နိုင်ကြောင်း စသည်တို့ကို ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ ထိုဉာဏ်ခုနစ်မျိုးအားဖတ်ရင်း ကိုယ့်မှာ ဘယ်လို ဉာဏ်တွေရှိနိုင်မလဲ စိစစ်နေပါ၏။

ဆရာကြီးရဲ့ ဉာဏ်ရည်ခုနစ်မျိုးက . . .

(၁) ဘာသာစကားဉာဏ် (Lingustic intelligence)

(၂) လောဂျစ် - သင်္ချာဉာဏ် (Logical-mathematical intelligence)

(၃) ဂီတဉာဏ် (Musical intelligence)

(၄) ကွက်လပ်အကွာအဝေးဉာဏ် (spatical intelligence)

(၅) ခန္ဓာကိုယ် လှုပ်ရှားရွေ့လျားဉာဏ် (Body-kinesthetic intelligence)

(၆) လူအချင်းချင်း ဆက်ဆံရေးဉာဏ် (Inter personal interlligence)

(၇) လူအတွင်းကြည့်ဉာဏ် (Intra personal intelligence)

ထိုဉာဏ်ခုနစ်မျိုးအား တစ်ခုချင်းဆီကြည့်ရင်း ကိုယ့်မှာ ဘယ်ဉာဏ်ရည်တွေရှိသလဲ ခေါင်းညိတ်ခေါင်းခါ ရွေးချယ်စိစစ်နေစဉ်မှာပင် အသံတစ်ခုက အခန်းထဲမှာ ဟိန်းပြီးထွက်လာသည်။ (အမှန်တော့ ကိုယ့်အာရုံနဲ့ ကိုယ့်ဖို့ ထိုအသံကို မကြားလိုက်ပါ)

"နောက်ဆုံးတန်းက အကျႌအဖြူဝတ်ထားတဲ့ ကျောင်းသား . . မတ်တပ်ရပ်စမ်း"

အနည်းငယ် တိတ်ဆိတ်သွားသည်ဟုတော့ အာရုံမှာ ခံစားမိသည်။ ဒါပေမဲ့ စိတ်မဝင်စားပါ။ စိတ်ဝင်စားသည်က ကွက်လပ်အကွာအဝေးဉာဏ် (Spatical intelligence) ဟူသည့် ပန်းချီဆရာနှင့် စွန့်ဦးတီထွင်သူ စီးပွားရေးသမားတွေ၊ ကွန်ပျူတာ ပရိုဂရမ်ရေးသူတွေမှာ ရှိတတ်သည့်ဉာဏ်မျိုး သူ့မှာ ရှိမရှိ၊ သိပ်တော့ မသေချာပါ။ သူ့မှာ ပန်းချီဉာဏ်က ဝေဝေဝါးဝါးပင်မဟုတ်လား။

ထိုစဉ်မှာပင် ဘေးမှကျောင်းသားက တံတောင်ဖြင့်တို့ကာ . .



"ဟော့ကောင် . . . မင်းကို ဆရာ မတ်တတ်ရပ်ခိုင်းနေတယ်'

ထိုအသံနဲ့ မရှေးမနှောင်းမှာပင် . . .

"ဟော့ကောင် . . . မင်းကို မတ်တတ်ရပ်ခိုင်းနေတာ မကြားဘူးလား"

ဒေါသတကြီးနှင့် ဆရာ၏အော်ငေါက်သံကြားတော့မှ မိုးတိမ်သတိဝင်သွားကာ ကမန်းကတန်းထရပ်တော့ . . .

"မင်းကဘာလဲကွ။ သင်နေတဲ့စာကို မလေးစားတာလား။ ငါ့ကို မလေးစားတာလား။ မင်းကိုကြည့်နေတာ ကြာပြီ။ ငါစာသင်နေတာကို အာရုံမရောက်ဘဲ တစ်ယောက်တည်း ခေါင်းညိတ်ခေါင်းခါနဲ့ ဘာလုပ်နေတာလဲ"

"ဗျာ . . . ဟို . . . ဟိုဟာ . . . ကျွန်တော် . . . "

ချက်ချင်းလက်ငင်း ဘာပြောလို့ ပြောရမှန်းမသိ။ ဒါပေမဲ့ မိုးတိမ်ပဲလေ။ မကြာပါဘူး။ ဘောကို တစ်ချက်ကြည့်ပြီး အကောင်းဆုံးအဖြေတစ်ခုကို ခပ်တည်တည်ပေးလိုက်သည်။

"ဆရာသင်နေတာနဲ့ ပတ်သက်ပြီး ကျွန်တော့်အမြင်နဲ့ ဟုတ်၏ မဟုတ်၏ ချိန်ထိုးကြည့်နေတာပါ"

"ဘာကွ"

ထင်မှတ်မထားသောစကားမို့ ဆရာ့အသံဟိန်းထွက်သွားသည်။ ပြီးတော့ မျက်နှာကိုမဲ့ရင်း သူ့ကို ခပ်ချဉ်ချဉ်ကြည့်ကာ . . .

"လာလုချည်လားကွ။ မင်းက ငါသင်နေတာကို ဟုတ်တယ်၊ မဟုတ်ဘူး ချိန်ထိုးကြည့်ရအောင် အခု ငါ ဘာသင်နေတယ်ဆိုတာရော သိလို့လား"

ဘောကို လှမ်းကြည့်မိတော့ ချားလ်စ်ဒါဝင် (charles Darwin ၏ Evolution Theory(အဆင့်ဆင့်ပြောင်းလဲခြင်းသီအိုရီ) ကို ရှင်းထားတာဖြစ်ပြီး လူသည် မျောက်က ဆင်းသက်လာသည်ဖြစ်ကြောင်းကို မှတ်စုအတိုအစများစွာနဲ့ ရုပ်ပုံတချို့ကိုပါ ရေးဆွဲပြထားသည်။

"သိပါတယ် . . . Evolution သီအိုရီပါ"



www.burmeseclassic.com

www.burmeseclassic.com

"Evolution သီအိုရီရဲ့ ဆိုလိုရင်းက ဘာလဲ"

မိုးတိမ် အနည်းငယ်ငြိမ်ကာ ဘောမှမှတ်စုအတိုအစများကို ကြည့်ရင်း ခေါင်းကို ခပ်လေးလေးရမ်းမိသည်။ ပြီးတော့ နောင်လာနောင်သားတွေအတွက် ရတက်မအေးဖြစ်သွားရပုံမျိုး အမူအရာဖြင့် . . .

"လူဟာ မျောက်ကဆင်းသက်လာတယ်ဆိုတဲ့ အချက်ပါပဲ။ ဒါပေမဲ့ အဲဒီသီအိုရီ မှားနေတယ်"

"ဘာကွ . . . "

ဆရာ၏ အသံဝါကြီးနဲ့အတူ တစ်ခန်းလုံး ငြိမ်ကျသွားသည်။ မတ်တပ်ရပ်နေသော သူ့ကိုလည်း တစ်ခန်းလုံးက ဝိုင်းကြည့်ကုန်ကြ၏။

"ဒီလိုပါ . . . ။ လူဟာ မျောက်က ဆင်းသက်လာတာမှန်ခဲ့ရင် မျောက်ဆိုတဲ့သတ္တဝါတွေ ဘာကြောင့် ကမ္ဘာပေါ်မှာ ဆက်ရှိနေသေးတာလဲ"

" . . . . . . . "

"ဒီသီအိုရီပေါ်နေတာ ကြာပါပြီ။ အမှန်ဆို လူဟာ မျောက်က ဆင်းသက်လာလို့ မျောက်နေရာမှာ လူတွေနေရာယူပြီး ကမ္ဘာပေါ်မှာ လူသားတွေချည်းပဲ ရှိနေသင့်ပြီ။ မျောက်မရှိသင့်တော့ဘူး။ အခုလက်ရှိ မျောက်တွေရှိနေသေးတာက ဒီသီအိုရီ လုံးဝမှားတယ်ဆိုတဲ့ အချက်ပါပဲ"

ဆရာက ထူးဆန်းစွာ ငြိမ်သက်နေသည်။ ဒါပေမဲ့ ခါးကြီးထောက်ကာ မျက်လုံးတွေကတော့ စားတော့ဝါးတော့မတတ်။

"ကျွန်တော်တို့ မျက်စိရှေ့မှာပဲ မျောက်တွေမွေးလာတယ်။ ပြီးတော့ မျောက်အဖြစ်နဲ့ပဲ သေသွားတယ်။ ဒါဝင်ရဲ့ သီအိုရီအတိုင်း ဘာလို့ လူအဖြစ်ပြောင်းပြီးမှ သေမသွားရတာလဲ။ ကျွန်တော်လည်း မျောက်တွေကို မြင်မိတိုင်း စောင့်ကြည့်မိပါတယ်။

ဘယ်အချိန်များ လူအဖြစ် ပြောင်းလာမလဲလို့၊ လူအဖြစ်လည်း မပြောင်းပါဘူး။ လူမကျ၊ မျောက်မကျဘဝကိုလည်း ပြောင်းမလာဘူး။



မျောက်က မျောက်ဘဝအတိုင်းပဲ သေသွားတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဒါဝင်ရဲ့ သီအိုရီမှားတယ်ဆိုတာ အသေအချာပါပဲ"

"Right . . . မင်း လုံးဝမှန်တယ် သူငယ်ချင်း"

ဆောမှတစ်ယောက်က ခပ်တိုးတိုး ထောက်ခံသည်။ ဟိုတစ်စ၊ ဒီတစ်စရယ်သံတွေလည်း အခန်းထဲမှာ ဖြိုးဖြိုးဖြောက်ဖြောက် ကြားရသည်။ ဆရာကတော့ ခါးထောက်ထားလျက်မှ မျက်နှာတစ်ပြင်လုံး ရဲတွတ်ကာ မီးဝင်းဝင်းတောက်မျက်လုံးတွေဖြင့် ကြည့်နေ၏။

အတန်ကြာတော့မှ ဒေါသကို မနည်းမျိုသိပ်ထားရဟန်နှင့် . .

"မင်းနာမည် ဘယ်သူလဲ"

" မိုးတိမ်ဟန်ပါ"

နာမည်ကြားတော့မှ ပိုမိုးသွားလေသည်။ ဆရာ့ပုံစံက ဒေါသထွက်ရုံတင်မဟုတ်တော့ဘဲ တရားခံတွေ့သည့် စုံထောက်တစ်ယောက်ပုံစံပင် ပေါက်သွားကာ . . .

"ဩော် . . . မိုးတိမ်ဟန်ဆိုတာ မင်းကိုး"

" . . . "

"နာမည်တော့ အကြီးသားပဲကွ။ ငါတို့ဆရာတွေကြားမှာ မင်းနာမည် ခဏခဏကြားနေရတယ်။ အတန်းမှန်မှန်မတက်တာတွေ၊ စာသင်ချိန် ပေါက်ကရမေးခွန်းတွေ ထမေးတာတွေ၊ စာမေးပွဲခန်းထဲမှာ အောင်မှတ်ပဲဖြေပြီး အချိန်စေ့အောင် ထိုင်အိပ်နေတာတွေနဲ့ မင်းက ဟုတ်တော့ အဟုတ်သားကွ"

ချီးမွမ်းခန်းငြိကာမဟုတ်ပေမဲ့ မိုးတိမ်ကတော့ သူနဲ့မဆိုင်သလိုပင်၊ ရှုံ့ချအပြစ်တင်နေတာတောင် အောင်ပွဲရစစ်သူကြီးတစ်ယောက်လို ဝံ့ဝံ့ကြွားကြွားရပ်ကာ မျက်နှာကို မော့ထားသေး၏။

"ဒါပေမဲ့ မကြာတော့ပါဘူး။ မင်းအပြစ်တွေကို မေဂျာပါမောက္ခဆီတင်ပြလို့ ပါမောက္ခက မင်းအတွက် စာတစ်စောင်ရေးပေးသွားတယ်။ ကြုံတုန်း တစ်ခါတည်းဖတ်သွားလိုက်"

ဒီတစ်ချက်ကတော့ မျက်လုံးပင် ပြူးသွားရသည်။ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

တည်းလိုလိုပင် အုံ့မည်းညိုမှိုင်းသော ကံကြမ္မာလုလုကြီးကိုလည်း မြေးမြင်မိလိုက်၏။ ဆရာကတော့ ဘယ်အချိန်ကတည်းက ရေးချင်နေသည် မသိသော စာတစ်ကြောင်းကို ဘောမှာ ရေး

ချနေသည်။

**Pardon impossible, to be sent to section (c)**

ပြီးတော့ မြေဖြူဖြင့် စာကြောင်းကို တစ်ချက်ခေါက်ရင်း သူ့ကို ပြောသည်။

"မင်းကို ဒီအပြစ်ပေးမှာ"

ရေးပြသောစာကြောင်းအား ဘာသာပြန်ကြည့်လိုက်တော့ . . .

"ခွင့်လွှတ်၍မဖြစ်နိုင်။ section (C)သို့ပို့ရန်၊

အနည်းငယ်ဆိုတာထက်ကို အတိုင်းအတာတစ်ခုထိ ကျွတ်ကျဲသွားသည်။ section (B) ဆိုလျှင်တောင် ပေါင်းစရာသင်းစရာ သူငယ်ချင်းအချို့ ရှိသေးသည်။ ဒါပေမဲ့ section (C) ကတော့ သူ့အတွက် အစိမ်းသက်သက်၊ ဖြစ်တော့မဖြစ်သေး။

"အဲတော့ ဒီ section (A) ထဲမှာ မင်းဘာတွေ ထပ်လုပ်ချင်သေးလဲ။ ဘာတွေ ထပ်ဖြစ်ချင်သေးလဲ။ အားရအောင်လုပ်သွားချည်။ ပြီးရင်တော့ section (C) ကိုမြန်းတော့"

ရေးပြသော ပြစ်ဒဏ်အားကြည့်ရင်း မိုးတိမ် ခေါင်းတဆတ်ဆတ်ညိတ်နေပါသည်။ ပြီးတော့ မျက်နှာ mood ကို ချက်ချင်းချိန်းပစ်လိုက်ကာ . . .

"ကျွန်တော် ဘာမျှထပ်မလုပ်ချင်တော့ပါဘူး ဆရာ။ ဘာမျှလည်း မဖြစ်ချင်တော့ဘူး။ ဒါပေမဲ့ ဖြစ်ခွင့်ရှိရင်တော့ ဆရာရေးပြထားတဲ့ စာကြောင်းက ကော်မာ (comma) လေးဖြစ်ချင်တယ်"

သူ၏ပြောစကားကြောင့် ဆရာ မျက်မှောင်ကြုတ်ကာ ကြည့်သည်။ အခန်းတွင် ရှိနေသူတွေမှာလည်း သူ့ကိုတစ်လှည့်၊ ဘောမှစာကြောင်းကိုတစ်လှည့် အကြည့်တွေပြေးကုန်၏။ ထိုစဉ်မှာပင် အခန်းဝ



သို့ ဆရာမတစ်ယောက်ရောက်လာကာ . . .

"ဆရာ . . . ဒီမှာ လက်မှတ်လေးတစ်ချက်လောက်"

ဘာကြောင့်မှန်းမသိပေမဲ့ ဆရာ သူ့ကိုကြည့်နေရာမှ အာရုံပြောင်းသွားပြီး အပေါက်ဝဘက်လျှောက်သွားသည်။ ထိုအခွင့်အရေးကို မိုးတိမ် လက်လွှတ်မခံခဲ့ပါ။ ဆတ်ခနဲပင် အတန်းရှေ့ပြေးသွားပြီး အသင့်ရှိနေသောမြေဖြူဖြင့် ကော်မာ (comma) ကို နေရာပြောင်းပစ်လိုက်သည်။ ပြီးတော့ လွယ်အိတ်ကို ကောက်ဆွဲရင်း အခန်းနောက်ပေါက်မှ တစ်ရှိန်ထိုးလစ်လေတော့၏။

အတန်းရှေ့ အမည်းရောင်ကျောက်သင်ပုန်းကြီးပေါ်တွင် ကျန်ခဲ့သည်ကတော့ . . .

**Pardon, impossible to be sent to section (c)**

'ခွင့်လွှတ်လိုက်ပါ၊ section (c) သို့ပို့ရန် မဖြစ်နိုင်'

မိုးတိမ်ဟာန်ဆိုတာ အဲဒါပါပဲ။

ထိုအခြင်းအရာ၏ နောက်ဆက်တွဲအဖြစ် အခန်းထဲမှာ မိန်းကလေးသံနှစ်သံက ခပ်တိုးတိုးလေး ထွက်ပေါ်လာလေသည်။

"သူဆိုရင်ရော ဘယ်လိုလဲ"

"မဆိုးဘူး။ သူဆိုရင် ငါတို့သိချင်တာကို ကောင်းကောင်းစုံစမ်းပေးနိုင်လိမ့်မယ်"

"ဒါပေမဲ့ တစ်ခုပဲ။ သူလိုလူတစ်ယောက်က အခြားတစ်ယောက် အကူအညီတောင်းတာကို လွယ်လွယ်လက်ခံပြီး ဆောင်ရွက်ပေးမှာလား"

"မပူပါနဲ့။ ငါ့မှာ အကြံရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

## IV

အခန်းထဲမှ အပြေးထွက်လာသည်မို့ ခဏချင်းပင် အဆောင်ပြင်ရောက်လာသည်။ ပြီးတော့ ဘယ်သွားရမှန်းလည်းမသိ။ ကန်တင်းသွားရအောင်ကလည်း ဒီအချိန် ဘယ်သူမျှ ရှိမှာမဟုတ်။ ထို့ကြောင့် နီးစပ်ရာ သစ်ပင်တစ်ပင်အောက်မှာသာ ဝင်ထိုင်နေလိုက်သည်။

ဘယ်လိုလုပ်ရမလဲ။ section (c) ကိုတော့ ရောက်လို့မဖြစ်။ ဒါပေမဲ့ ခုန ဆရာပြောသွားတာကိုထောက်လျှင်တော့ တကယ်ပင် section (c)သို့ရောက်ကိန်း မြင်နေသည်။ ဆရာ့ကိုပဲ သွားတောင်းပန်ရမလား၊ ဒါမှမဟုတ် ပါချုပ်ကိုပဲ သွားတွေ့ရမလား၊ ဘယ်လိုပဲပြောပြော မလွယ်တာတော့ သေချာသည်။

စိတ်ညစ်ညစ်နှင့် ထိုင်နေစဉ်မှာပဲ ခြေသံတစ်ခုနှင့်အတူ နှုတ်ဆက်သံလိုလိုကိုပါ တွဲလျက် ကြားလိုက်ရသည်။

"မိုးတိမ် . . . ဘာလုပ်နေတာလဲ"

ကြည့်မိတော့ ပထမနှစ်ကတည်းက တစ်ခန်းထဲတက်လာသည့် အတန်းဖော်သူငယ်ချင်း အေးစုကြည်။



"အေးဟာ ပျင်းပျင်းရှိတာနဲ့ ထိုင်နေတာ"

မိုးတိမ်စကားကြောင့် အေးစုကြည်က သူ့ကို ရယ်ချင်ပက်ကျိ မျက်နှာနှင့်ကြည့်ကာ . . .

"ဟုတ်လို့လား . . . ဘယ်သူ့ကို ပညာထပ်ပြရမလဲ ထိုင်စဉ်းစားနေတာ မဟုတ်ဘူးလား"

မိုးတိမ် ပြုံးဖြစ်ပါသည်။ နောက်ပြီး ဘေးမှာဝင်ထိုင်လိုက်သော အေးစုကြည်အား မချိုမချဉ်ကြည့်ရင်း . . .

"ခုန အခန်းထဲမှာ နင်ရှိနေတယ်ပေါ့"

"ရှိတာပေါ့ဟ။ နင် မတ်တတ်ထရပ်တဲ့ အချိန်ကနေစပြီး အခန်းထဲက ထွက်ပြေးတဲ့ အချိန်အထိကို ရှိနေတာ။ ဘယ်လိုလဲ တော်တော်မှ မောသွားရဲ့လား"

မိုးတိမ် ခြောက်ကပ်ကပ် တစ်ချက်ရယ်မိသည်။ တကယ်တော့လည်း ဘာမျှမဟုတ်ပါဘူး။ ကျောင်းသားဘဝကို ကျောင်းသားပီသစွာ ဖြတ်သန်းချင်သူတစ်ယောက်အတွက် ယခုကိစ္စလောက်က စာရင်းထဲမှာ မရှိသလောက်ပင် ပါးလျလွန်းလှသည်။ ဒါပေမဲ့ ရလဒ်ကတော့ သိပ်ကောင်းမည်မထင်ပါ။

"ဒီလောက်က ငါ့အတွက် အကြောင်းမဟုတ်ပါဘူးဟာ . . . ရိုးနေပါပြီ။ ဒါပေမဲ့ တစ်ခုပဲဆန်းသွားတယ်"

"ဘာလဲ ဆရာပေးမယ်ဆိုတဲ့ အပြစ်ဒဏ်ကိုပြောတာလား"

"အေး . . . ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ။ section (c) ကို မသွားရအောင် ဘယ်လိုလုပ်ရမလဲလို့"

"ဘယ်လိုမှ မလုပ်နဲ့။ ဒီအတိုင်းလေးပဲနေ။ နင် section (c)ကို မပြောင်းရပါဘူး"

အေးစုကြည်စကားကြောင့် မိုးတိမ် နားမလည်စွာ လှမ်းကြည့်ရင်း . . .

"ဘာဖြစ်လို့"

"နင် section (c) ကို မပြောင်းရအောင် အကူအညီပေးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရှိတယ်"

"ဘယ်သူလဲ . . . ဆရာမ ဒေါ်အေးသီတာလား"

ဆရာမ ဒေါ်အေးသီတာမှာ မိုးတိမ်နှင့် အေးစုကြည်အပါအဝင် အခန်းဖော်သူငယ်ချင်း အတော်များများတက်ကြသော ကျူရှင်ဆရာမဖြစ်သည်။ ကျောင်းတွင်လည်း နည်းပြဆရာမတစ်ယောက်ဖြစ်၏။

"မဟုတ်ဘူး . . . ဆရာမလည်း မဟုတ်ဘူး၊ ဆရာလည်း မဟုတ်ဘူး။ ငါတို့လို ကျောင်းတက်နေတဲ့ သာမန်ကျောင်းသူတစ်ယောက်"

မိုးတိမ် အသံထွက်အောင်ပင် ရယ်လိုက်မိသည်။ ပြီးတော့ အရယ်တစ်ဝက်နဲ့ပင် . . .

"အေးစုကြည် . . . နင်ငါ့ကို လာနောက်နေတာလား။ ပါမောက္ခကိုယ်တိုင် ပေးမယ့်အပြစ်ကို ကျောင်းသူတစ်ယောက်က ဘယ်လိုကူညီမှာလဲ"

"ရော် . . . ဟုတ်ပါတယ်ဆိုမှပဲ။ အဲဒါပြောချင်လို့ ငါလိုက်လာတာ။ မဟုတ်ဘဲနဲ့ နင့်နောက်ကို ငါခြေညောင်းခံပြီး လိုက်လာမလား"

အေးစုကြည်၏ ရှုတည်တည်စကားကြောင့် မိုးတိမ်မျက်နှာတည်သွားရသည်။ ပုံစံကြည့်ရတာတော့ နောက်နေခြင်းဖြစ်ဟန်မတူ။ ထိုစဉ်မှာပင် အေးစုကြည်ထံမှ နောက်ထပ်စကားသံအချို့ ထပ်ထွက်လာပါ၏။

"နင် section (c) ကို မပြောင်းရအောင် သူ ကူညီပေးနိုင်တယ်။ ဒါပေမဲ့ သူပေးတဲ့အကူအညီနဲ့ ညီမျှတဲ့ ကူညီမှုတစ်ခုကို နင်ကလည်း သူ့အတွက် လုပ်ပေးရလိမ့်မယ်"

ဒီစကားကတော့ အံ့ဩရုံပင်မကတော့ဘဲ စိတ်ဝင်စားမှုတို့ အစပျိုးသွားသည်။ အရင်ကတည်းက ဒါမျိုးတွေ စိတ်ဝင်စားတတ်သော သူ့အတွက် ယခုကိစ္စက အဆင်ပြေသည်ထက် သာလွန်ကာ အလျော်အစားလည်း မျှနေသည်။ ထို့ကြောင့် . . .

"နင် နောက်နေတာမဟုတ်ဘူးဆိုရင်တော့ ငါစိတ်ဝင်စားသွားပြီ။ ငါ section (c) ကို ဘယ်လိုမှ ရောက်သွားလို့မဖြစ်ဘူး"

"ဟုတ်ပြီလေ . . . အဲဒါဆိုလည်း သူတောင်းဆိုတာကို လက်ခံလိုက်ပေါ့"

"ဒါနဲ့နေပါဦး သူက ဘယ်သူလဲ။ ငါက ဘယ်လိုအကူအညီမျိုးတွေ ပေးရမှာလဲ"

"အခုလောလောဆယ်တော့ ငါပြောပြခွင့်မရှိဘူး။ အခုကိစ္စကို နင့်ဘက်က လက်ခံတယ်ဆိုမှသာ"

အေးစုကြည်က စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ သို့ပေမယ့် သူမရဲ့ဆိုလိုရင်းကို မိုးတိမ် နားလည်လိုက်ပါသည်။ ထို့ကြောင့် . . .

"ကောင်းပြီလေ . . . သူ့ဘက်ကသာ သေချာတယ်ဆိုရင်တော့ နင့်သူငယ်ချင်းကို ပြောလိုက်ပါ။ ငါ့ဘက်ကလည်း အဆင်သင့်ပါပဲလို့"

"အိုကေ . . . "

ထို့နောက်မှာတော့ နှစ်ဖက်သောပြောစကားတို့ အဆုံးသတ်သွားခဲ့လေသည်။ မကြာခင်အချိန်အတွင်း တစ်လှမ်းချင်းလှမ်းထွက်သွားသော မိန်းကလေးတစ်ယောက်၏ခြေသံကို ကြားရသည်။

ပြီးတော့ ထိုမိန်းကလေး၏ ကျောပြင်အားကြည့်ကာ စဉ်းစားခန်းဝင်သွားသော ကျောင်းသားတစ်ဦး၏ အတွေးတစ်စကိုပါ မြင်လိုက်ရလေသည်။

www.burmeseclassic.com

# V

ပါမောက္ခအခန်းထဲက ထွက်လာတော့ ခေါင်းတွေ ချာချာလည်နေသည်။ ပါမောက္ခ ထိပ်ခေါက်လွှတ်လိုက်၍ မဟုတ်ပါ။ ခေါင်းနဲ့တံခါး ဝင်ဆောင့်မိလို့လည်း မဟုတ်။ ပါမောက္ခပြောသည့် စကားတွေကြောင့် ချာချာလည်သွားခြင်း၊

"မင်းကို ငါ့တူမက တော်တော်ထောက်ခံပေးနေတယ်။ နောက်တစ်ခါ အဲလိုအပြစ်တွေ ထပ်မဖြစ်စေရပါဘူးတဲ့။ သူတို့သူငယ်ချင်းတွေ ဝိုင်းပြီး ထိန်းပေးမယ်လို့ ပြောတယ်။

လိမ္မာစမ်းပါကွာ။ မင်းလည်း အရည်အချင်းရှိတဲ့ ကျောင်းသားတစ်ယောက်မှန်း ငါသိပါတယ်။ ဘာမဟုတ်တဲ့ကိစ္စတွေနဲ့ အရည်အချင်းတွေ ဖြုန်းမပစ်စမ်းပါနဲ့"

ဘာတွေလဲ။ ပါမောက္ခရဲ့သူမဆိုသည်က 'ပိုးကဗျာ' တဲ့။ ပိုးကဗျာနဲ့ သူနဲ့က သူငယ်ချင်းတဲ့။ သူအခန်းမပြောင်းရဖို့ ပိုးကဗျာက ပါမောက္ခဆီမှာ ထောက်ခံပေးထားတယ်တဲ့။



တော်တော်တော့ စဉ်းစားရခက်သော ကိစ္စပင်။ သေချာတာတစ်ခုတော့ရှိသည်။ အဲဒါက မိုးတိမ်အခန်းပြောင်းရမှာ မဟုတ်တော့။ ဒါပေမဲ့ ခံဝန်လက်မှတ်တစ်ခုနှင့် ကတိအထပ်ထပ်ကို ပါမောက္ခဆီ၌ ပေးထားခဲ့ရသည်။ ကိစ္စမရှိပါ။ ဒါမျိုးတွေက သူ့အတွက် ရိုးနေပါပြီ။

အခုလောလောဆယ် တွေးရခက်နေသည်ကတော့ 'ပိုးကဗျာ' ဆိုသော ကျောင်းသူတစ်ယောက်အကြောင်းပါပဲ။ ပြီးတော့ မနေ့က အေးစုကြည်ပြောသွားခဲ့သည့်စကားတွေ နားထဲမှာ တရစ်ဝဲဝဲကြားယောင်လာသည်။ ဒါဆို သူ့ကိုအကူအညီတောင်းမှာသည် ပိုးကဗျာများလား။

အကြောင်းမရှိဘဲနဲ့တော့ သူ့ကို ကူညီမှာမဟုတ်။ ပြီးတော့ သူငယ်ချင်းဆိုတာလည်း မဟုတ်ခဲ့။ မသိဘူးလားဆိုလျှင်တော့ ပိုးကဗျာကို မိုးတိမ် ကောင်းကောင်းသိပါသည်။ ပုံပြင်ကို ဗဟိုပြု၍ အချစ်ရေးကို ရှောင်တိမ်းတတ်သည့် သတင်းကြီးသော မိန်းကလေးကို သူသေချာသိသည်။

ဒီလို သတင်းကြီးသော မိန်းကလေးမျိုးနဲ့ မပတ်သက်ချင်ခဲ့ပါ။ ဒါပေမဲ့ အခုအဖြစ်အပျက်ကတော့ . . .

ပိုးကဗျာဘက်က စတင်လိုက်တာလား၊

(သို့)

မပါချင်၍ ဘေးထွက်နေသူကိုမှ တမင်တကာ ဝင်တိုက်လိုက်တာလား။

အတိအကျတော့မသိ။ ဒါပေမဲ့ သေချာမှုတစ်ခုရရန်တော့ မိုးတိမ် ကြိုးစားရပေလိမ့်မည်။ သိပ်ခက်ခဲမည်တော့ မထင်ပါ။

အခန်းထဲသွားပြီး အေးစုကြည်နဲ့တွေ့လိုက်လျှင် အရာအားလုံး ရှင်းလင်းသွားနိုင်သည် မဟုတ်ပါလား။

• • •

"အေးစုကြည်"

ရှေ့တည့်တည့်မှာရပ်ရင်း ခေါ်လိုက်တဲ့သူ ခေါ်သံကြောင့် စာ

www.burmeseclassic.com

ငံ့ရေးနေရာမှ အေးစုကြည် မော့ကြည့်သည်။ ပြီးတော့ စူးရဲရဲဖြစ်နေသော သူ့ပုံစံကိုကြည့်၍ သဘောပေါက်သွားသလို ကိုယ်ကိုရို့၍ နေရာပေးကာ . . .

"မိုးတိမ် . . . လာထိုင်လေ"

လိုရင်းကိုပဲ ပြောလိုက်ပါသည်။

"ငါ ပါမောက္ခနဲ့ တွေ့ပြီးသွားပြီ"

ထိုစကားကြောင့် အေးစုကြည်က ဖျတ်ခနဲ မော့ကြည့်ကာ . .

"ဟုတ်လား . . . အဆင်ပြေတယ်မလား"

သူမပုံစံနှင့် ပြောစကားကတော့ အရာအားလုံးကို သိနေသလိုမျိုး။

"အေး . . . အဆင်ပြေပါတယ်။ အဲဒါကြောင့်လည်း နင့်ကိုလာတွေ့တာ"

မပွင့်တပွင့်ပြုံးပါ၏။ မိုးတိမ်သိလိုသည်ကို ဆက်မေးလိုက်သည်။

"ငါ အခန်းမပြောင်းရအောင် ကူညီပေးမယ်ဆိုတဲ့ နင့်သူငယ်ချင်းက ပိုးကဗျာလား"

ချက်ချင်းမဖြေဘဲ တုံးရန်ကောဟူသောပုံစံဖြင့် ကြည့်လိုက်ပြီးကာမှ . . .

"နင်ကလည်း နင်းဆီပါဆိုမှ ဆူးပါလားလို့ မေးနေရသေးတယ်။ အေးပေါ့ဟ . . .။ ပိုးကဗျာမို့ နင့်ကို ကူညီတာပေါ့။ မဟုတ်ရင် ဘယ်သူက အခြောက်တိုက် နင့်ကို ကူညီမှာလဲ"

"ဒါဆို ငါပြန်ကူညီရမှာကလည်း ပိုးကဗျာပေါ့"

အေးစုကြည် ခေါင်းညိတ်လိုက်သည့်နောက်မှာ သူ့ရင်ထဲအလိုလို လေးကျသွားရသည်။ ပြီးတော့ သူမက နှုတ်ခမ်းလှုပ်ရုံပြုံးကာ တစ်နေရာကို မေးငေါ့ပြရင်း . . .

"ပြောရင်းဆိုရင်း ဟိုမှာလာနေပြီ။ သူ့ဘက်ကတာဝန်ကျေပြီလို့တော့ ငါထင်တာပဲ။ နင့်ဘက်ကပဲ ကျန်တော့တယ်"



မိုးတိမ် လှမ်းကြည့်လိုက်စဉ်မှာပဲ . . .

ညို့ငင်လွန်းသော ခြေတစ်လှမ်းကို စခင်းလိုက်သည့် မိန်းကလေးတစ်ယောက်၊ ယစ်မူးဖွယ်အပြုံးတွေနှင့် အခန်းတွင်း ဝင်လာနေသည်။

တစ်ခန်းလုံး ငြိမ်ကျသွားသလို . . .

ဒါပေမဲ့ မိုးတိမ်ဆိုသော သူ့အတွက်မှာတော့ . . .

အရာရာသည် တင်းရင်းပိတ်လှောင်လို့။



www.burmeseclassic.com

www.burmeseclassic.com

အစအဆုံးဖတ်နေရာမှ မိုးတိမ်စာအုပ်ကို ပိတ်လိုက်ပါသည်။ ပြီးတော့ စိတ်ထဲမှာ တစ်ခေါက်ပြန်စီကြည့်လိုက်သည်။ အားလုံး အဆင်ပြေသွားတော့မှ စာအုပ်ကို စာအုပ်စင်ပေါ်တင်ရင်း ထထွက်ခဲ့လိုက်ပါ၏။

အခန်းထဲရောက်၍ နာရီကြည့်မိတော့ (၈း၀၀) နာရီထိုးဖို့ (၅) မိနစ်။ ထုံးစံအတိုင်းပဲ စားပွဲပေါ်မှ သူ၏လက်ကိုင်ဖုန်းလေးအား ကောက်ကိုင်ကာ တစ်နေ့တာ၏ ပထမဆုံးအကြိမ်အဖြစ် စက်ဖွင့်ပေးလိုက်သည်။

သူထင်တာ မမှားဖူးဆိုလျှင်တော့ သေချာပါသည်။

မကြာခင်အချိန်အတွင်း ရှင်းအောင်ပြောရပါက (၈း၀၀) နာရီ တိတိအချိန်မှာ တစ်စုံတစ်ယောက်၏ ခေါ်ဆိုမှုကြောင့် သူ့ဖုန်းလေးမြည်လာနိုင်ပါသည်။

ထို့အတူ သူ့ဘက်က ဖုန်းထူးသံတစ်ခုကိုလည်း ထုံးစံအတိုင်း ပြန်လည်ပြောကြားပေးရပေလိမ့်မည်။



# VI

"ကလင် . . . ကလင် . . . ကလင် . . . "

ညကြီးအချိန်မတော် မြည်လာသည့်ဖုန်းသံကြောင့် ပိုးကဗျာ အိပ်မှုန်စုံမွှားဖြင့် ကောက်ကိုင်လိုက်သည်။

"ဟယ်လို . . . "

"မိန်းမ . . . ငါ . . . "

တစ်ဖက်မှ ခပ်သွက်သွက်ထွက်လာသော စကားသံကြောင့် ပိုးကဗျာ စုတ်တစ်ချက်ကိုသပ်ရင်း . . .

"ကျွတ် . . . ဘာလဲဟ၊ ဒီအချိန်ကြီးကျမှ ဘာလုပ်မလို့လဲ"

"ငါအိပ်လို့မရလို့ နင့်ဆီ ဖုန်းလှမ်းဆက်လိုက်တာ"

"ရူးနေလား . . . အရူးမရဲ့။ နင်အိပ်လို့မရတာနဲ့ဘဲ သူများအိပ်နေတာကို နှောင့်ယှက်ရလား"

တစ်ဖက်မှ အေးစက်ကြည်၏ ခိုးခိုးခစ်ခစ်ရယ်သံကို ကြားရသည်။

"ကဲပါဟာ . . . အခုလည်း နိုးသွားပြီမလား။ နိုးလက်စနဲ့ ဆက်နိုးလိုက်တော့။ ထုံးစံအတိုင်း အိပ်မပျော်ရင် ကစားနေကျကစားနည်းလေး ကစားရအောင်"

"မကစားဘူး . . . ငါဆက်အိပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com

ပိုးကဗျာ ခပ်ဆတ်ဆတ်အော်လိုက်တော့ . . .

"အိပ်ပေါ့။ နင်အိပ်လည်း ငါဖုန်းထပ်ခေါ်လို့ရတာပဲ"

"ဖုန်းပလပ်ဖြုတ်ထားလိုက်မှာပေါ့"

"ရတယ်လေ . . . နင့်ဟမ်းဖုန်းရှိတာပဲ။ မဟုတ်လည်း အန်တီ့ဆီလှမ်းဆက်ပြီး . . ."

"ကျွတ် . . . မိစု . . . လာမရစ်နဲ့ဟာ"

ပိုးကဗျာ စိတ်ပျက်လက်ပျက်ပုံစံဖြင့် ခပ်ညည်းညည်းပြောမိသည်။

"ဘာလဲ . . . နင်က နင့်အလှည့်ကျမှ ရှောင်ပြေးချင်တာလား။ ငါ့အလှည့်တုန်းကရော နင်ဘယ်လိုညစ်ထားလဲ"

ပိုးကဗျာ လှဲနေရာမှပဲ သက်ပြင်းချမိလိုက်ပါသည်။ ဘယ်လိုမှ ပြောလို့ရမည်မဟုတ်တော့။ သူမတုန်းကလည်း ယခုကဲ့သို့ပင် လုပ်ထားတာဆိုတော့ အေးစုကြည်ရစ်သမျှ ခံရပေဦးတော့မည်။

"ကဗျာ . . ."

"ဘာလဲ"

မချိုမချဉ်ကြားရသော နာမည်ခေါ်သံကြောင့် ခပ်ဆတ်ဆတ်ပင် အော်ထူးလိုက်သည်။ ကျယ်လောင်သွားသော သူမအသံကြောင့် ဖုန်းထဲမှပင် မိစု၏ တဟီးဟီးရယ်သံကို ကြားရ၏။ နောက်ပြီး အရယ်တစ်ဝက်နဲ့ပင် . . .

"ပြီးခဲ့တဲ့အခေါက်တုန်းက ငါနိုင်ထားတာနော်။ အခုရော ဘယ်လိုလဲ။ ငါပဲ အနိုင်ထပ်ယူရမှာလား"

"ဝေးသေးတယ်။ တမင်တကာ လွယ်လွယ်လေးမေးလိုက်လို့ ဖြေနိုင်တာကိုများ သူ့ကိုယ်သူ ဟုတ်လှပြီမှတ်နေတယ်။ သိပ်အထင်ကြီးမနေနဲ့။ မနက်ဖြန် ငါလိုချင်တာကို နင်လိုက်ဝယ်ပေးရမှာ"

"ဟုတ်လား . . . အဲလိုတော့ ပြောကြတာပဲ။ ပြီးမှပဲ ရှိစုမဲ့မုန့်ဖိုးလေးတွေ ငါ့အတွက်ဖြစ်ဖြစ်ကုန်တာ။ အင်း . . . မနက်ဖြန် ငါဘာဝယ် ရရင်ကောင်းမလဲ"

ဖုန်းထဲမှပင် စဉ်းစားသလို တအင်းအင်းလုပ်နေသည်ကြောင့်



ပိုးကဗျာ နားကြားပြင်းကပ်ကာ . . .

"ကဲ . . . မိန်းမ ပေရှည်မနေနဲ့။ အခု နင့်မေးအလှည့်မလား၊ မေးတော့။ ပြီးရင် ငါဆက်အိပ်ရဦးမှာ"

"အိုကေ . . . အိုကေ . . . ဒါဆိုလည်း မေးလိုက်တော့မယ်။ ခေါင်းပူဖို့သာ ပြင်ထားတော့"

ထို့နောက် နှစ်ယောက်သား ဖုန်းကိုင်ထားလျက်နှင့် အတန်ငယ် တိတ်ဆိတ်သွားလေသည်။ မကြာလိုက်ပါ။ အေးစုကြည်ဘက်မှနေ၍ တိတ်ဆိတ်မှုအား စတင်ပြောင်းလဲလိုက်သည်။

"မုဆိုးတစ်ယောက်က သမင်တစ်ကောင်ကို မြားနဲ့ပစ်လိုက်တယ်ဟာ။ မုဆိုးပစ်လိုက်တဲ့မြားတံက သမင်ရဲ့ ဘယ်ဘက်မျက်လုံးကဝင်ပြီး ညာဘက်နားကို ဖောက်သွားတယ်။ ပြီးတော့ တစ်ဆက်တည်း သမင်ရဲ့ ခွာကိုပါ စိုက်သွားတယ်။ မေးတဲ့မေးခွန်းက သမင် ဘယ်အခြေအနေမှာ မြားမှန်တာလဲတဲ့"

မေးခွန်းဆုံးသွားတော့ အစပထမအတိုင်း ပြန်လည်တိတ်ဆိတ်သွားသည်။ အေးစုကြည်ဘက်မှ အဖြေကို ငံ့လင့်သယောင် တိတ်ဆိတ်သွားသော်လည်း ပိုးကဗျာဘက်ကတော့ စဉ်းစားမှုအစိတ်အပိုင်းတွေနဲ့ ငြိမ်သက်သွားသည်ထင်၏။

တွေးဖို့တော့ ကောင်းနေသည်။ မျက်လုံးနဲ့ နားမှာစိုက်သည့် မြားက ဘာကြောင့်ခွာကိုပါ ထပ်စိုက်သွားရတာနည်း။ အချိန်အနည်းငယ်တော့ ကြာသွားသည်ထင်သည်။ ဒါပေမဲ့ လိုအပ်သောအချိန်တစ်ခုကို ကျော်လွှားလွန်မြောက်ပြီးသွားသည့် နောက်မှာတော့ . . .

သူမ ပုစ္ဆာ၏အဖြေတစ်စကို လှစ်ခနဲ တွေ့လိုက်ပါပြီ။

"စိတ်တော့မကောင်းဘူး မိစုရယ်။ ငါမဖတ်ထားဘူးပေမယ့် နင့်မေးခွန်းကို တွေးလို့ရသွားပြီ"

"ဒါဆို နင်ဖြေနိုင်တယ်ပေါ့"

"အသေအချာပဲ . . . နားထောင်။ သမင် ဘယ်အခြေအနေမှာ မြားမှန်တာလဲဆိုတော့ ညာဘက်နားရွက် ယားနေတဲ့အချိန်မှာ ( . . . ) သမင်က ညာဘက်နားရွက်ယားနေလို့ အနောက်ဘက်ညာခြေကိုမြှောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး နားရွက်ကို ခွာစောင်းနဲ့ပွတ်နေတယ်။ အဲဒီအချိန်မှာပဲ မုဆိုးက သမင်ရဲ့ ဘယ်ဘက်မျက်လုံးကိုချိန်ပြီး လေးနဲ့ပစ်လိုက်တော့ မြားတံက ပထမ ဘယ်ဘက်မျက်လုံး၊ ဒုတိယ ညာဘက်နား၊ တတိယကတော့ မြှောက်ထားတဲ့ ခွာကိုစိုက်ပြီး သမင်သေသွားတာပေါ့။ ဟုတ်တယ်မလား"

ပိုးကဗျာ၏ စကားသံဆုံးသွားတော့ အေးစုကြည်ဘက်မှ ခဏတာ ကြောင်အမ်းသွားလေသည်။ (သို့) မနက်ဖြန်ဆိုတာကို ကြိုတွေး၍ မျက်ခုံးလှုပ်သွားတာလည်း ဖြစ်လောက်သည်။ ထိုစဉ်မှာပဲ အောင်နိုင်သူတစ်ယောက်ရဲ့ လေသံမျိုးနဲ့ . . .

"နင်ကိုက ကံမကောင်းတာပါဟာ . . . အိပ်မပျော်လို့ ငါ့ဆီ ဖုန်းဆက်တာ အခုတစ်ညလုံး ထိုင်ငိုရတော့မယ်။ နောက်ညတွေ အိပ်မပျော်ရင်လည်း ငါ့ဆီဖုန်းဆက်လိုက်နော်။ ငါမအိပ်ဘဲ ထိုင်စောင့်နေမယ် သိလား"

တစ်ဖက်မှ ဘာတွေမှန်းမသိ တဗျစ်တောက်တောက် ရေရွတ်သံတွေ ထွက်လာသည်။ သေချာမသဲကွဲပေမဲ့ မကျေမချမ်းမေတ္တာပို့နေသည်ဆိုတာတော့ နားက အလိုလိုခံစားမိ၏။

"အင်းပါလေ . . . ညဉ့်လည်း နက်လှပြီဆိုတော့ ဖုန်းချလိုက်ပါတော့မယ်။ မနက်ဖြန် ငါလိုချင်တာ လိုက်ဝယ်ပေးမှာဆိုတော့ အားရှိအောင် အိပ်ရေးဝဝအိပ်လိုက်ဦး"

ပြောပြောပြီးချင်း ဖုန်းချပစ်လိုက်ပါတော့သည်။ မိစုတော့ ဘယ်လောက်ခံရခက်နေမည်မသိ။

"ကောင်းတယ် . . . မှတ်ထား။ မနက်ဖြန်ကျမှ ကောင်းကောင်း ညှင်းပစ်လိုက်ဦးမယ်"

ထို့နောက်တော့ သူမမျက်လုံးကို ပြန်လည်မှေးဆင်းထားလိုက်သည်။ အမြင်အာရုံတွေ မှောင်မည်းနေပေမဲ့ မျက်လုံးရဲ့ကောင်းကင်မှာ လမင်းတစ်စင်း သာနေပါသည်။

ထိုလမင်းသည်ကား မည်သူထွန်းတဲ့ လမင်းပါလဲ။



# VII

မိုးတိမ်ထိုင်ခုံတွင်ထိုင်ကာ တစ်စုံတစ်ရာအား အသည်းအသန် တွေးတောနေသည်။ ဘေးမှာတော့ ကျော်ရဲဇော်နှင့် ချမ်းမြေ့သွင်တို့ ရှိနေကြ၏။ သူတို့နှစ်ဦးကတော့ မိုးတိမ်လိုမဟုတ်။ လက်ဖက်ရည်ငှဲ့သောက်လိုက်၊ ဆေးလိပ်မီးညှိလိုက်နှင့် ပေါ့ပေါ့ပါးပါး ရှိနေကြသည်။

ထိုစဉ်မှာပဲ အရှည်ကြီးက ကုန်သွားပြီဖြစ်သော ရေနွေးဖန်ခွက်ထဲသို့ ဓာတ်ဘူးကိုမြှောက်ကာ ငှဲ့ချနေသည်။ ဓာတ်ဘူးကို အပေါ်သို့ ပင့်မြှောက်၍ထည့်သည်ကြောင့် ရေမှုန်ရေမွှားတို့ လွင့်စင်ကာ ဘေးနားချထားသော ဆေးလိပ်မီးပေါ်သို့ကျ၍ ရှဲခနဲမြည်သွားသည်။

ဒါကိုကြည့်၍ အရှည်ကြီးက (ကျော်ရဲဇော်မှာ ပိန်ပိန်ရှည်ရှည်ဖြစ်သောကြောင့် အကုန်လုံးက အရှည်ကြီးဟုခေါ်သည်)

"ဟေ့ကောင် . . . မိုးတိမ်၊ ဓာတ်ဘူးအပေါက်ဝက ထွက်ကျလာတဲ့ရေတွေက တစ်စုတစ်စည်းထဲ ဖန်ခွက်ထဲကိုမကျဘဲ ဘာလို့ ရေမှုန်တွေကွဲပြီး ဘေးကို လွင့်စဉ်ကုန်ရတာလဲ"

ပြန်ဖြေသံထွက်မလာသည်မို့ နှစ်ဦးသား၏အကြည့်တွေ ခိုင်းခနဲ သူ့ဆီရောက်လာကြသည်။ ဒီအထိ သတိမထားပါသေး။ ဘေးချင်းကပ်ထိုင်နေသူ ချမ်းမြေ့သွင်က အနားနားကပ်ပြောပါမှ . . .

www.burmeseclassic.com

"ဟော့ကောင် . . . မင်းကို အရှည်ကြီးမေးနေတယ်"

"ဟင် . . . ဘာလဲ . . . ဘာမေးတာလဲ"

အရှည်ကြီးက ဘဝင်မကျသလိုပုံစံဖြင့် ခေါင်းကို တစ်ချက်ယမ်းကာ . . .

"ဒီလိုကွာ . . . ငါအခု ရေနွေးငှဲ့ချလိုက်တယ်။ အမှန်ဆို ဓာတ်ဘူးကထွက်ကျလာတဲ့ ရေတွေက တစ်စုတစ်စည်းထဲ ဖန်ခွက်ထဲကို ကျရမှာပေါ့။ အဲဒါကို ဘာလို့ ရေမှုန်တွေလွင့်စင်ပြီး ဘေးကို ထွက်ကုန်ရတာလဲ"

"မင်း ဓာတ်ဘူးကို အမြင့်ကြီးက ငှဲ့လို့နေမှာပေါ့"

"ဟုတ်တယ်လေ . . . အမြင့်ကငှဲ့ချလို့ အောက်ပိုင်းရောက်လေ ရေတွေ ကွဲထွက်လေဆိုတာကိုတော့ ငါတို့သိတာပေါ့။ ဘာလို့ အဲလိုဖြစ်ရတာလဲလို့ မေးတာ"

အတွေး၏ လိုအပ်မှုအတိုင်း မိုးတိမ် လွယ်အိတ်ကိုဖွင့်လိုက်သည်။ ပြီးတော့ ဆေးလိပ်ဘူးအားထုတ်ရင်း တစ်လိပ်နှိုက်၍ မီးညှိကာ . . .

"အနီးစပ်ဆုံး ပြောရရင်တော့ကွာ စာသင်ဆောင်အပေါ်ဆုံးထပ်ကနေ ကျောက်ခဲတစ်ခဲ အောက်ကို ပစ်ချသလိုပေါ့။ ကမ္ဘာ့ဆွဲအားနဲ့ ပတ်သက်လို့တော့ မင်းတို့ သိတယ်မလား"

"သိတာပေါ့ကွ . . . ရူပဗေဒသမားတွေပဲ"

"အေး . . . အဲဒီအတိုင်းပဲ ပစ်ချလိုက်တဲ့ ကျောက်ခဲက ကမ္ဘာ့ဆွဲအားကြောင့် မြေပြင်နဲ့ နီးလာလေလေ အောက်ကို ထိုးကျလာတဲ့ အလျင် မြန်လာလေလေပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ဗဟိုချက်နဲ့ တဖြည်းဖြည်း နီးလာတာကိုး။ အဲလိုပြောင်းလဲသွားတဲ့ အလျင်ကိုတော့ အရှိန်ပေါ့ကွာ၊ (acceleration)ပေါ့။

အဲဒီသဘောကို နားလည်မယ်ဆိုရင်တော့ မင်းမေးတဲ့မေးခွန်းက လွယ်လွယ်လေးပဲ"

အရှည်ကြီးနှင့် ချမ်းမြေ့သွင်တို့မှာ တစ်ယောက်ကိုတစ်ယောက်



သာ ကြည့်မိလိုက်ကြပါသည်။ လွယ်လွယ်လေးဆိုသော်လည်း သူတို့ နားမလည်ပါ။ ဒါကို နားလည်သောမိုးတိမ်က . . .

"ဒီလိုကွ . . .။ ဓာတ်ဘူးရဲ့နှုတ်သီးက ကျလာတဲ့ရေက အစပိုင်းမှာတော့ နှေးသေးလို့ တစ်စုတစ်စည်းထဲပဲ။ ရေစုတွေက တစ်ခုနဲ့ တစ်ခု စုစည်းတွယ်ကပ်နေလို့ ရေတိုင်သဘောမျိုးပေါ့။ ဒါပေမဲ့ အောက်ကို ထပ်ဆင်းသွားတာနဲ့ ရေစီးနှုန်းကမြန်လာပြီ။

နောက်ပြီး ဆွဲအားကြောင့် ရေစက်အစိတ်အပိုင်းတွေရဲ့ အလျင်ကလည်း မတူညီတော့ဘူး။ အဲဒီအခါမှာ ရေတိုင်သဘောသဘာဝကနေ ဖောက်ဖျက်လာတယ်။ ဆွဲအားဒဏ်ကို ပိုခံရတဲ့ ရေစက်အစိတ်အပိုင်းတွေက အလျင်မြန်မြန်နဲ့ အောက်ကိုထိုးကျပြီး ဆွဲငင်တဲ့၊ ကျဆင်းတဲ့ အလျင်အလျောက် ရေမှုန်ရေမွှားတွေအဖြစ် ဘေးကို လွင့်စင်ကုန်တယ်။ အလျင်မတူတဲ့အတွက် ရေတိုင်သဘောလည်း မရှိတော့ဘူး။

အောက်ပိုင်းရောက်လေလေ ရေတိုင်သဘောက ဖောက်ဖျက်ပြီး ကွဲထွက်ကုန်လေပဲ။ အခု ဒါ ဖန်ခွက်ထဲကိုပဲ ငှဲ့ထည့်လို့နော်။ မြေကြီးပေါ်ကိုသာ ငှဲ့ချရင် အဲဒီသဘောကို ပိုတွေ့ရလိမ့်မယ်"

စကားဆုံးသွားတော့ အရှည်ကြီးနှင့် ချမ်းမြေ့သွင်တို့နှစ်ယောက်မှာ စဉ်းစားသလို ငြိမ်သက်သွားကြသည်။ အတန်ကြာသွားတော့ အရှည်ကြီးက ခပ်လေးလေး ခေါင်းညိတ်ပေမယ့် ချမ်းမြေ့သွင်ကတော့ ခုန ရေမှုန်တွေ လွင့်စင်မှုကြောင့် ရှဲခနဲမြည်ကာ မီးငြိမ်းသယောင်ဖြစ်သွားသော လက်တွင်းမှဆေးလိပ်ကို တစ်ချက်ကြည့်၍ . . .

"ဒါဆို ရေနဲ့ထိရင် မီးငြိမ်းသွားတာကရော ဘာဖြစ်လို့လဲ"

ချမ်းမြေ့သွင်အမေးကို မိုးတိမ်မပြောခင် အရှည်ကြီးက အရင်စုတ်သပ်သည်။

"ကျွတ် . . . မင်းကလည်း မီးကို ရေနဲ့ငြိမ်းတာ ထုံးစံပဲဥစ္စာ ဘာထူးဆန်းလို့လဲ။ မီးနဲ့ရေက မီးများမီးနိုင်၊ ရေများရေနိုင်ပဲ။ အဲဒါ ကလေးတွေတောင် သိတယ်"

"ဟုတ်တယ်လေ . . . အဲဒါတော့ ငါလည်းသိတာပေါ့။ ငါ



www.burmeseclassic.com

www.burmeseclassic.com

မေးတာက ရေနဲ့တွေ့ရင် လောင်နေတဲ့မီးက ဘာလို့ငြိမ်းသွားတာလဲလို့ မေးတာ"

ဒီတစ်ခါတော့ အရှည်ကြီးက မဖြေ။ စိတ်ရှုပ်သလိုပုံစံဖြင့် သူ့ကို လှမ်းကြည့်သည်။ မိုးတိမ်ကတော့ ဆေးလိပ်ကို တစ်ချက်ရှိုက်ရင်း...

"မီးကို ရေနဲ့ငြိမ်းရတာတော့ လူတိုင်းသိကြတယ်ကွ။ ဒါပေမဲ့ ဘာလို့ငြိမ်းရတယ်ဆိုတာကိုတော့ သိတဲ့လူရှားတယ်။ ဒီလိုကွ . . . ရေမှာ ထူးဆန်းတဲ့ဓာတ်တစ်မျိုးရှိတယ်။ အဲဒါက ပူလွန်းတဲ့အရာဝတ္ထုနဲ့ တွေ့ထိရင် ရေက အပူကိုစုပ်ပြီး အငွေ့ကိုထုတ်တယ်။

ဥပမာ လောင်နေတဲ့မီးပေါ် ရေပက်လိုက်ရင် 'ရှဲ' ခနဲမြည်ပြီး အငွေ့ထွက်သွားတာကို ပြောတာ။ ရေရဲ့ထုထည်ထက် အဆပေါင်းများစွာပိုကြီးတဲ့ ရေငွေ့ပေါ့။ အဲဒီရေငွေ့ကပဲ လောင်ကျွမ်းနေတဲ့အရာဝတ္ထုကို လေနဲ့ကင်းအောင် အပြင်က ဝန်းရံလိုက်တာ။ အဲဒီအခါမှာ လောင်နေတဲ့အရာဝတ္ထုက ပြင်ပက အောက်စီဂျင်မရတော့လို့ ဆက်မလောင်နိုင်တော့ဘူး။ အဲဒါကြောင့် မီးငြိမ်းသွားရတာပဲ"

"ဒါဆို ရေနွေးငွေ့ကြောင့်လို့ ပြောရမှာပေါ့"

"အေး"

ထောက်ခံသလို ခေါင်းညိတ်ရင်းဆိုတော့ အရှည်ကြီးက သူ့အမြင်ကို ဝင်ပြောသည်။

"ရေနွေးငွေ့က အောက်စီဂျင်ကို ဖြတ်တောက်ပစ်လိုက်တဲ့သဘောမျိုးပေါ့။ အဲလိုဆို ရေနွေးငွေ့တွေပြည့်နေတဲ့ အလုံပိတ်အခန်းတစ်ခုထဲမှာ လူကိုထားရင် အသက်ရှူကြပ်ပြီး သေသွားနိုင်တာပေါ့"

မိုးတိမ် တုံ့ပြန်မှုမရှိတော့ဘဲ နှုတ်ဆိတ်သွားရပါပြီ။ ကန်တင်းဆီ ဦးတည်လာနေသော ခပ်ဆန်းဆန်း ကျောင်းသားတစ်ယောက်ကို မြင်နေရပြီ။ ထိုစဉ်မှာပဲ မေးခွန်းတစ်ခုက နားစည်ထဲသို့ ဆက်လက်ဝင်ရောက်လာပါ၏။

"ရေမှာ မင်းပြောသလို ဂုဏ်သတ္တိမရှိဘူးဆိုရင်ရော ဘာဖြစ်မယ်ထင်လဲ"



မေးခွန်းလေးက လှနေသည်ကြောင့် လက်ကျန်ဆေးလိပ်အား ခွက်ထဲသို့ ထိုးချေရင်း ပြန်ဖြေပေးလိုက်သည်။

"ရေရဲ့ဂုဏ်သတ္တိပျောက်သွားမယ်ဆိုရင်တော့ ရေနွေးအိုးတည်ရင် ဆီပူအိုးလိုပဲ ရေမျက်နှာပြင်မှ မီးထတောက်ကုန်လိမ့်မယ်"

ထိုအခိုက်မှာပဲ နံဘေးဝိုင်းဆီမှာ အချက်ပေးသံလိုလို ချောင်းဆိုးသံတစ်ခုက . . .

"အဟမ်း . . . "

သူတို့သုံးယောက်လုံး သတိအနေအထား ဖြစ်သွားရပြီ။ ဟုတ်ပါ၏။ တစ်ဖက်မိန်းကလေးဝိုင်းမှာ ယောကျာ်းတစ်ယောက်၏ ခြေလှမ်းတစ်စုံ ဝင်ရောက်နေပါပြီ။

"ကျွန်တော် ဒီနေ့ နည်းနည်းနောက်ကျသွားတယ်။ ခွင့်လွှတ်ပါ"

ပိုးကဗျာက သူ့ဆီသို့ ကြည့်သည်ဆိုရုံမျှ ပညာပါပါ တစ်ချက်လှမ်းကြည့်ရင်း ပြောသူကို တုံ့ပြန်သည်။

"ရပါတယ်။ ရှင်လာမယ်ဆိုတာ ယုံထားတဲ့အတွက် ကျွန်မ ထိုင်စောင့်နေတာပါ"

ထိုအခြေအနေနဲ့ပင် လုံလောက်ခဲ့ပြီ။ ယခုစကားပြောနေသူမှာ သူတို့စောင့်ကြည့်ရမည်ဖြစ်သော 'ဝေဖြိုး'။ ဒါပေမဲ့ ဝေဖြိုးမရိပ်မိရန်တော့ သူတို့သုံးယောက်စလုံး သတိထားထားသည်။ ပိုးကဗျာဘေးမှာတော့ အေးစက်ကြည်နှင့် သူတို့မသိသည့် ကျောင်းသူတစ်ယောက်ထိုင်နေ၏။ ဝေဖြိုးက ပိုးကဗျာနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ . . .

ဝေဖြိုးကတော့ စကားမဆက်ဘဲ ရေသန့်တစ်ဘူး မှာသောက်နေသည်။ ဘူးတစ်ဝက်ကျိုးသွားကာမှ လက်ခုံဖြင့် နှုတ်ခမ်းတစ်ချက်သုတ်ရင်း . . .

"ကျွန်တော် ပုံပြင်စလို့ရပြီလား"

"ကျွန်မ နားထောင်နေတာ ကြာပြီ"

ဝေဖြိုးက ခေါင်းကိုညိတ်ကာ ထိုင်ခုံကို ကျောမှီကိုချလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့နောက်မှာတော့ ပုံပြင်တစ်ပုဒ်၏ ရေရွတ်သံတစ်ခုက တဒုတ်ဒုတ်ခုန်နေသော နှလုံးခုန်သံတွေနှင့်အတူ . . .

မြို့လေးတစ်မြို့ . . .

အတော်အတန်စည်ကားတဲ့ မြို့လေးတစ်မြို့ပေါ့။ ပင်လယ်ပြင်ပြာပြာကြီးကို မျက်နှာမူပြီး တည်ဆောက်ထားတဲ့ မြို့လေးတစ်မြို့ဆိုရင် ပိုမှန်လိမ့်မယ်။ မြို့လေးက စည်ကားပါတယ်။ မြို့လေးမှာနေထိုင်ကြတဲ့လူတွေကလည်း စီးပွားရေးချောင်လည်ကြလို့ အေးအေးချမ်းချမ်းရှိလှတယ်။

မြို့လေးနဲ့ ပင်လယ်ပြင်ကြီးရဲ့ကြားမှာတော့ ကြီးမားခိုင်ခံ့လှတဲ့ ရေတာတမံကြီးတစ်ခုနဲ့ ခံထားတယ်။ ရေတာတမံကြီးက နှစ်ပရိစ္ဆေဒများစွာ ကြာနေပါပြီ။ ဒါပေမဲ့ ခိုင်ခံ့၊ ကျစ်လစ်၊ မြင့်မားလွန်းတဲ့အတွက် ပင်လယ်ပြင်မှာ ဘယ်လောက်ပဲ မုန်တိုင်းတွေထန်ထန်၊ ဘယ်လောက်ပဲ ရေတွေကြီးကြီး တာတမံကြီးကိုကျော်ပြီး မြို့လေးထဲကို ရေတွေလျှံကျမလာဘူးတဲ့။ အဲဒါကြောင့် မြို့လေးထဲမှာရှိတဲ့လူတွေက အေးအေးချမ်းချမ်း နေနိုင်ကြတာပေါ့။

ဒီတာတမံကြီးက သူတို့ရဲ့အသက်ပဲလေ။ တာတမံကြီးသာ တစ်ခုခုဖြစ်သွားရင် သူတို့တစ်မြို့လုံး ရေတွေဝါးမျိုပြီး စုန်းစုန်းမြုပ်သွားမှာ။ ဒါပေမဲ့ ရေတာတမံကြီးက မြင့်မားခိုင်ခံ့လွန်းတော့ ပင်လယ်ရေ ဘယ်လောက်ကြီးကြီး မှုစရာမလိုဘူးပေါ့။

မြို့သူမြို့သားတွေဟာလည်း ပင်လယ်နဲ့နီးတော့ ပင်လယ်နန်းမြေပို့ချတဲ့ အနီးအနားကျွန်းစုလေးတွေမှာ စိုက်ပျိုးရေးတွေလုပ်ရင်း စီးပွားရေးအဆင်ပြေကြတယ်။ စိုက်ပျိုးရေးကို အဓိကထားတဲ့ မြို့လေးပေါ့။

ဘိုးဘွား၊ ဘီဘင်တွေ လက်ထက်ကတည်းက စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်လာကြတော့ အခုအချိန်မှာ တော်တော်အောင်မြင်နေကြပြီ။ မြို့သူမြို့သားတွေလည်း ပြုံးလို့ပျော်လို့ပေါ့။

ဒါပေမဲ့ ဘယ်လောက်ပဲ အဆင်ပြေအေးချမ်းနေပါစေ လူဆိုတာကတော့ သိတဲ့အတိုင်းပဲလေ။ စိတ်ဓာတ်တွေက လူသားဆန်ကြ



တယ်။ တစ်နေ့မှာတော့ အဲလို အေးချမ်းနေတဲ့မြို့လေးက တစ်စုံတစ်ရာ ပယောဂကြောင့် ဆူဆူပူပူ ဖြစ်လာပါတယ်။ ဘယ်လောက်ထိအောင်လည်းဆိုရင် မြို့က တာဝန်ရှိလူကြီးတွေ စုဝေးဆုံးဖြတ်ရတဲ့အထိ ပြဿနာကြီးမားလာတယ်။ ဘာပြဿနာလည်းဆိုတော့ 'ကြွက်' ပြဿနာပါပဲ။

မြို့က တာဝန်ရှိလူကြီးတွေ အခန်းတစ်ခုထဲမှာ စုဝေးတိုင်ပင်နေတယ်။ အကုန်လုံးလည်း မျက်နှာမကောင်းကြဘူး။ အဲဒီမှာတင် မြို့ရဲ့တာဝန်အရှိဆုံး အကြီးအကဲရဲ့ စကားစတင်သံကို ကြားရတယ်။

"ဘယ်လိုလုပ်ကြမလဲ။ အစက အဲလောက်မဟုတ်ပေမယ့် အခုတော်တော်အခြေအနေဆိုးလာကြပြီ။ ငါတို့ယာခင်းတွေ အားလုံးနီးပါး ကြွက်တွေဖျက်ဆီးမှုကြောင့် ဘာမှသုံးလို့မရတော့ဘူး။ ယာခင်းတွေ ပျက်ကုန်ပြီ။ ငါတို့မြို့လေးက စိုက်ပျိုးရေးကို အဓိကထားနေရတယ်ဆိုတာ အားလုံးသိကြတဲ့အတိုင်းပဲ။ အခု ယာခင်းတွေပျက်ကုန်တော့ စီးပွားရေးထိခိုက်လာနိုင်တယ်။ နောက်ပြီး ကြွက်တွေကလည်း တဖြည်းဖြည်းနဲ့ ဒီထက်ပိုဆိုးလာတော့မှာ"

စကားဆုံးတော့ ပျက်ယွင်းနေတဲ့ မျက်နှာတွေအကုန်လုံး ဒီထက်ပိုဆိုးကုန်ကြတယ်။ တချို့က အချင်းချင်း ခေါင်းတွေဆိုင်ပြီး တီးတိုးတီးတိုး ပြောကြတယ်။ တိုင်ပင်ကြတာနေမှာပေါ့။ မကြာပါဘူး။ အချင်းချင်း တိုင်ပင်နေရာကနေ တစ်ယောက်ကထပြောတယ်။

"ဒါဆို ကျွန်တော်တို့ ကြွက်တွေကို နှိမ်နင်းရမှာပေါ့"

"ဟုတ်တယ် . . . နှိမ်နင်းရမယ်"

"ကြွက်တွေကို သတ်ပစ်ရမယ်"

"ငါတို့စိုက်ခင်းတွေကို မဖျက်ဆီးနိုင်တော့အောင် မျိုးဖြုတ်ပစ်မယ်"

စကားတွေက တစ်ယောက်တစ်ပေါက်အသံတွေနဲ့ ဆူညံသွားတယ်။ ဒါပေမဲ့ ရည်ရွယ်ချက်ကတော့ တစ်ခုတည်းပါပဲ။ အဲဒါက ကြွက်တွေကို နှိမ်နင်းပစ်ဖို့။

နှိမ်နင်းဖို့ဆိုတော့ ဘယ်လိုနည်းနဲ့ နှိမ်နင်းရမှာလဲဆိုတဲ့ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုက ပေါ်လာတယ်။

"စိုက်ခင်းတွေအားလုံးကို အဆိပ်ဖျန်းပစ်လိုက်မယ်ကွာ။ အဲဒါဆို စိုက်ခင်းတွေဝင်စားတာနဲ့ ဒီကောင်တွေ သေပြီပဲ"

"ဒါဆို ငါတို့စိုက်ခင်းတွေအားလုံး ပစ်လိုက်ရမှာပေါ့"

"အခုလည်း ဘာထူးလို့လဲ၊ ပစ်နေရပြီပဲ"

တစ်ယောက်က ဝင်ပြောတယ်။

"ဟိုးရှေးရှေးတုန်းကအတိုင်း တစ်အိမ်ကို ကြောင်တစ်ကောင်စီ မွေးကြရင်ရော"

"မလွယ်တော့ဘူး။ ကြွက်တွေက တော်တော်များနေပြီ"

ဒီလိုနဲ့ ကြွက်တွေနှိမ်နင်းဖို့နည်းလမ်းကို စဉ်းစားကြရင်း နောက်ဆုံးမှာ စိုက်ခင်းတွေကို ပိုးသတ်ဆေးဖျန်းဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒီလိုနဲ့ ပိုးသတ်ဆေးဖျန်းပြီးတဲ့ တစ်ညမှာပေါ့။ ကြွက်သားအမိသုံးကောင်က သူတို့ရဲ့တွင်းလေးထဲမှာနေရင်း အထိတ်တလန့်ဖြစ်နေကြတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့တွင်းနဲ့ ကပ်လျက်တွင်းထဲက အသံတွေကြားနေရတာကိုး။ အသံက သေဆုံးခါနီး မချိတင်ကဲ အော်မြည်နေတဲ့အသံ။

ကြွက်တစ်ကောင်ရဲ့ သေခါနီးဆဲဆဲ သွေးရူးသွေးတန်း ကုတ်ခြစ်အော်ညည်းသံပေါ့။ အဲဒီအသံကို ကြားပြီး တစ်ဖက်တွင်းထဲက ကြွက်သားအမိသုံးကောင်ဟာ သူတို့အလှည့် ဘယ်တော့ရောက်လာမလဲ တုန်လှုပ်နေကြတယ်။

ကြွက်သားအမိ၊ သားအဖသုံးကောင်ဆိုတာက အဖေရယ်၊ အမေရယ်။ သူတို့သား ကြွက်ပေါက်လေးရယ်ပေါ့။ ကြွက်ပေါက်ဆိုပေမယ့် မွေးခါစမဟုတ်ဘူး။ သာမန်ကြွက်တစ်ကောင် နည်းနည်းရှိနေပေမဲ့ သူတို့မိဘတွေအမြင်မှာတော့ ကြွက်ပေါက်စလေးပါပဲ။ ဒါပေမဲ့ ကိုယ်တိုင် အစာရှာစားရတဲ့အထိတော့ ထဲထဲဝင်ဝင် မဖြစ်သေးဘူး။

အသံတွေကြားနေရတော့ ကြွက်လေးက အမေဖြစ်သူကို မေးတယ်။



"မေမေ . . . ဟိုဘက်တွင်းထဲက ဦးဦးကြွက် ဘာဖြစ်လို့လဲဟင်"

သားကမေးတော့ အမေက သက်ပြင်းချပြီး ဖြေရှာတယ်။

"အဆိပ်မိနေတာ သားရဲ့။ မကြာခင် အသံတွေ ငြိမ်သွားလိမ့်မယ်"

"အဆိပ်ဆိုတာ ဘာလဲ"

ဘာမှမသိသေးတဲ့ ကြွက်လေးတစ်ကောင်ဆိုတော့ အဆိပ်ဆိုတာကို ဘာမှန်းမသိဘူး။ အဲတော့ ဘေးမှာရှိတဲ့ အဖေဖြစ်သူက ဖြေပေးတယ်။

"အဆိပ်ဆိုတာ အသက်ကို သေစေတတ်တဲ့အရာပေါ့။ အဆိပ်စားမိရင် အသက်သေနိုင်တယ်။ အခု ဟိုဘက်ကကြားနေရတဲ့ အသံတွေက အဆိပ်စားမိလို့ သေခါနီးအော်နေတဲ့ အသံတွေ"

"ဟာ . . . ဘာလို့အဆိပ်ကို ဦးဦးကြွက်က စားရတာလဲ"

"မသိလို့ စားတာပေါ့ကွယ်။ ဖေဖေတို့ရှာစားနေတဲ့ ယာခင်းတွေထဲကို လူတွေ အဆိပ်ဖျန်းထားတာ မသိလိုက်လို့။ သူတင်မဟုတ်ဘူး ဖေဖေတို့အမျိုးတွေ တော်တော်များများ သေကုန်ကြပြီ။ ဖေဖေတို့တောင် ကံကောင်းလို့"

"ဘာလို့ လူတွေက အဆိပ်ဖျန်းရတာလဲ ဟင်"

"ဖေဖေတို့ကြွက်တွေ အစာရှာစားကြတာကို သူတို့ယာခင်းတွေ ဖျက်စီးတယ်ဆိုပြီး အဆိပ်ဖျန်းလိုက်ကြတာ"

မေးနေတဲ့ကြွက်လေး ခဏတော့ ငြိမ်သွားတယ်။ ဒါပေမဲ့ မကြာပါဘူး . . .

"ယာခင်းတွေဖျက်စီးသွားရင် သူတို့လူတွေ ဘာဖြစ်နိုင်လဲဟင်"

"ယာခင်းက သီးနှံတွေမထွက်ရင် သူတို့ စီးပွားရေးကြပ်တည်းကြမှာပေါ့။ ဒီထက်ဆိုးရင် အစာရေစာ ရှားပါးလိမ့်မယ်။ အဲတော့ လူတွေက ဖေဖေတို့လုပ်လို့ သူတို့အစာရေစာ ပျက်စီးတယ်ဆိုပြီး နှိမ်နင်းတာပဲ"

www.burmeseclassic.com

ကြွက်လေးစဉ်းစားသလို ငြိမ်သွားပြီးကာမှ . . .

"သားတို့က သူတို့ကို မဖျက်စီးပါဘူး။ အသက်ရှင်ရပ်တည်ဖို့ အတွက်ပဲ ကြိုးစားတာပါ။ သူတို့လည်း သူတို့ရပ်တည်မှုအတွက် သီးနှံတွေစိုက်ပျိုးပြီး အစာရှာကြတယ်။ သားတို့လည်း သားတို့ကျွမ်းကျင်ရာနဲ့ အစာရှာကြတယ်။ အတူတူပဲလေ။ ဒါကို ဘာလို့ သားတို့ကို အပြစ်မြင်နေရတာလဲ"

မိဘနှစ်ပါးကတော့ ခေါင်းကိုသာ ယမ်းနေမိကြတယ်။ ပြီးတော့ ကြွက်လေးရဲ့အမေက တိုးတိုးလေးညည်းတယ်။

"မပြောတတ်ပါဘူးကွယ်တဲ့"

အဲဒီအချိန်မှာပဲ တစ်ဖက်ကကြားနေရတဲ့ အသံတွေ ငြိမ်ကျသွားတယ်။ သူတို့ရဲ့အမျိုးအဆွေတစ်ယောက်တော့ သေခွင့်ကြုံသွားပြီထင်ပါရဲ့။

ဒီလိုနဲ့ပဲ နောက်ရက်တွေမှာ ကြွက်တွေ ထပ်ခါထပ်ခါ သေကျန်ကြတယ်။ လူတွေကတော့ သူတို့အကြံ အောင်မြင်တယ်ဆိုပြီး ပြုံးပြုံးပြုံးပြုံးနဲ့ပေါ့။

ရက်နည်းနည်းကြာသွားတော့ မြို့ထဲကလူတွေမှာ ပြဿနာတစ်ခု ထပ်ကြုံလာတယ်။ ဒီတော့ အရင်အတိုင်းပဲ မြို့ကတာဝန်ရှိသူတွေ တိုင်ပင်ကြတယ်ပေါ့။ ပြဿနာကမသေဘဲ ကျန်ခဲ့တဲ့ကြွက်တွေက ယာခင်းတွေအစား လူတွေရဲ့အိမ်ပေါ်တက်ပြီး သောင်းကြမ်းကုန်လို့ပဲ။

ကြွက်တွေမှာ စားစရာမရှိတော့ဘူးလေ။ အဲဒီတော့ လူတွေရဲ့ စားသောက်ဖွယ်ရာတွေကို အတင်းဝင်၊ အတင်းနှိုက် လုပ်လာကြတဲ့အထိ ဖြစ်လာတယ်။ အဲတော့ ပိုဆိုးပြီပေါ့။ လူတွေက သူတို့ရဲ့ကျန်းမာရေးအတွက်ပါ စိုးရိမ်လာကြပြီလေ။ ဒါပေမဲ့ လူတွေက နှိမ်နင်းဖို့နည်းလမ်းကို မကြာခင်ပဲ ရှာတွေ့သွားပါတယ်။

ခေတ်မီတဲ့မြို့ဆိုတော့ မကြာခင်ပဲ တစ်မြို့လုံးကို ဆေးဖျန်းလိုက်ကြတယ်။ ဒီတစ်ခါဆေးကတော့ သေစေနိုင်တဲ့ဆေး မဟုတ်ဘူး။ အနံ့နံ့ရင် ကြွက်တွေ မူးမေ့သွားစေနိုင်တဲ့ဆေး။ တကယ်ပါပဲ ဆေးနံ့ရှူမိတဲ့



ကြွက်တွေအားလုံးက မတုန်မလှုပ် မူးမေ့ကုန်ကြတယ်။ အဲတော့မှ ညှပ်တွေနဲ့ညှပ်ပြီး ကြွက်တွေကို တစ်ဖက်မှာရှိတဲ့ ပင်လယ်ထဲကို သွားလွှင့်ပစ်ကြတာပေါ့။ ကြွက်သေကောင်တွေဆိုတာ ပင်လယ်ကမ်းစပ်မှာ မည်းမည်းလှုပ်နေတာပဲတဲ့။

မကြာပါဘူး။ ရေကျတာနဲ့ပဲ ကြွက်သေကောင်တွေ ပင်လယ်ရေနဲ့အတူ ဟိုးအတွင်းပိုင်းထဲကို ပါသွားကြတော့တယ်။ ကြွက်တွေရဲ့ ဘဝက နိဂုံးချုပ်ပြီပေါ့။

လူတွေကတော့ ကြွက်ရန်က ဝေးပြီဆိုပြီး ပျော်ရွှင်သွားကြပြီ။ ကြွက်တွေကို နှိမ်နင်းနိုင်တဲ့အနေနဲ့တောင် အောင်ပွဲခံကြသေးတယ်။ လူတွေကြည့်ရတာ 'ဝဋ်' ဆိုတဲ့လည်ပတ်မှုကို လုံးလုံးမေ့နေပုံပါပဲ။

ဒါပေမဲ့ ကံကောင်းထောက်မစွာပဲ ကြွက်လေးတစ်ကောင်က မသေပဲ တွင်းထဲမှာ ကျန်ခဲ့ပါတယ်။ အဲဒီကြွက်လေးကတော့ မိသားစုသုံးဦးထဲက မိဘတွေ အပြင်ပေးမလွှတ်လို့ တွင်းထဲမှာကျန်ခဲ့တဲ့ ကြွက်သားလေးပေါ့။ သူ့မိဘတွေခေါ်တဲ့နာမည်က ဖြူဖွေးတဲ့။

တကယ်တော့ ဖြူဖွေးလို့သာခေါ်တာ အရောင်က အဖြူရောင်မဟုတ်ပါဘူး။ ဒါပေမဲ့ ထူးထူးခြားခြား လက်ချောင်း၊ ခြေချောင်းလေးတွေနဲ့ နှုတ်သီးမှာ လာဖြူနေတယ်။ အဲဒါကြောင့် မိဘတွေက ချစ်စနိုးနဲ့ ဖြူဖွေးလို့ ခေါ်ကြတာ။

ဖြူဖွေးလေးက သူ့အဖေနဲ့အမေ ပြန်အလာကို တွင်းထဲမှာစောင့်ရင်းနဲ့ အချိန်တွေ တော်တော်ကြာလာတယ်။ တွင်းထဲမှာဆိုပေမယ့် ဖြူဖွေးလေးသိပါတယ်။ အပြင်မှာ နေ့နဲ့ည နှစ်ခါပြောင်းပြီးသွားပြီ။

ဒီလိုနဲ့ နောက်ဆုံးမှာ ဖြူဖွေးလေး အပြင်ထွက်လာခဲ့တယ်။ နေ့ဘက်တော့ မထွက်ရဲပါဘူး။ ညဉ့်နက်နက် အချိန်တစ်ခုမှာပေါ့။ တွင်းဝရောက်တယ်ဆိုရင်ပဲ ထူးခြားတဲ့ အနံ့တစ်မျိုးကို ရှူရှိုက်ရတယ်။ ဒါပေမဲ့ ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ဘူး။

ဆေးဖျန်းထားတာ ကြာပြီဆိုတော့ ဆိုးဆိုးဝါးဝါး အနံ့ထွက်စရာလည်း မလိုတော့ဘူးလေ။ ဖြူဖွေးလေး အပြင်ရောက်တော့ တစ်မြို့လုံး



www.burmeseclassic.com

www.burmeseclassic.com

က တိတ်ဆိတ်နေတယ်။ ဖြူဖွေးလေးလည်း ဘယ်သွားလို့သွားရမှန်းမသိ ကြောင်ကြောင်တောင်တောင် ဖြစ်နေတုန်းမှာပဲ သူ့အပေါ်ဘက်ကထွက်လာတဲ့ စကားသံအချို့ကို ကြားရတယ်။

"ပွဲစားကြီး ဦးမင်္ဂလာ ဒီအချိန်ဆို အိပ်လောက်ပြီ။ သူ့အိမ်သွားကြမယ်"

ဖြူဖွေးလေး သေချာကြည့်မိတော့မှ သူ ဇရပ်တစ်ခုရဲ့အောက်ကို ရောက်နေမှန်းသိရတယ်။ သူကြားနေရတာက ဇရပ်ပေါ်က ပြောနေတဲ့ စကားတွေ။ အဲဒီအချိန်မှာပဲ . . .

"ပစ္စည်းထည့်ဖို့ အိတ်ရောပါရဲ့လား"

"ပါတယ်"

"ဓားရော"

"ဓားလည်း ပါတယ်"

ဖြူဖွေးလေး ကြည့်နေတုန်းမှာပဲ အဲဒီလူတွေ ဇရပ်ပေါ်က ဆင်းသွားကြတယ်။ အနက်ရောင်အဝတ်တွေနဲ့ မျက်နှာတွေကို ဖုံးအုပ်ထားတယ်။ မြင်ရုံနဲ့ လူကောင်းလား၊ လူဆိုးလားဆိုတာ ခွဲခြားနိုင်ပါတယ်။ အမှန်တော့ အဲဒီလူတွေက သူခိုးတွေပါ။ ပွဲစားကြီး ဦးမင်္ဂလာအိမ်ကို ခိုးဖို့လာကြတာ။

ဒါနဲ့ ဖြူဖွေးလေးလည်း ဘယ်ကိုသွားရမှန်းမသိတာနဲ့ သူတို့နောက် ခပ်လှမ်းလှမ်းကနေ လိုက်သွားလိုက်တယ်။ မကြာပါဘူး။ ခြံစည်းရိုးအမြင့်ကြီးကာထားတဲ့ အိမ်အကြီးကြီးတစ်လုံးရှေ့မှာ သူခိုးသုံးယောက် ရပ်သွားတယ်။ ဒါ သူတို့ပစ္စည်းခိုးဖို့ရောက်လာတဲ့ ဦးမင်္ဂလာအိမ်ပါပဲ။

သူခိုးတွေ ခြံစည်းရိုးကျော်ဖို့ ကြိုးစားနေတုန်းမှာပဲ ဖြူဖွေးလေးကတော့ ခြံတံခါးအောက်ကနေ ခြံထဲကို တိုးဝင်လာခဲ့တယ်။ အိမ်ကြီးက အကြီးကြီးပါပဲ။ မီးတွေမှိတ်ပြီး ဘာသံမှ မကြားရတော့ဘူး။ တစ်အိမ်သားလုံး အိပ်ပျော်ကုန်ကြပြီထင်ရဲ့။ ဒါပေမဲ့ ဖြူဖွေးလေးကတော့ ရူးရူးစမ်းစမ်းနဲ့ အပေါက်တစ်ခုကနေ အိမ်ထဲဝင်သွားလိုက်တယ်။



အဲဒီမှာ ဝဝဖိုင့်ဖိုင့်နဲ့ ဦးမင်္ဂလာလို့ထင်ရတဲ့ လူကြီးကို တွေ့ရတာပဲ။ သူခိုးတွေရဲ့အဆိုအရဆို ပွဲစားကြီးပေါ့။ ဦးမင်္ဂလာက ထိုင်ခုံတစ်ခုမှာ ငူငူကြီးထိုင်နေတယ်။ တစ်ယောက်တည်းပဲ။ ဘေးမှာ ဘယ်သူမှ မရှိဘူး။ ဖြူဖွေးလေးဝင်လာတာကိုလည်း မြင်ပုံမရပါဘူး။

ထိုအချိန်မှာပဲ ဦးမင်္ဂလာပြောတဲ့ စကားသံတိုးတိုးကို ကြားရတယ်။

"သီးနှံတွေ ပျက်ကုန်ပြီဆိုတော့ အရင်လို ပွဲစားလုပ်လို့ အဆင်မပြေတော့ဘူး။ ငါဘာလုပ်ရင် ကောင်းမလဲ"

တစ်ယောက်တည်း ပြောနေတာပါ။ ဒီလောက်ချမ်းသာနေတာတောင် . . . မြို့မှာ သီးနှံတွေပျက်လို့ ဆင်းရဲလွန်းတဲ့လူတွေတောင် သူ့လောက် ဒုက္ခကြီးမှာမဟုတ်ဘူး။ သူ့မှာ ဒီလောက်ချမ်းသာနေလျက်နဲ့ စီးပွားရေးအတွက် ပူပန်နေရတယ်။ တော်တော်ကြီးတဲ့ ဒုက္ခပါပဲ။

"ကောက်ပဲသီးနှံတွေ ပျက်သွားပြီဆိုတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် တို့မြို့မှာ လာမယ့်နှစ် အစာရေစာရှားပါးတော့မှာပဲ။ အဲတော့ အခြားမြို့ကနေ ကုန်တွေဝယ်လှောင်ထားရမယ်။ ပြီးတော့မှ အမြတ်အများကြီးယူပြီး ဒီမြို့မှာ ပြန်ရောင်းရမယ်။ ဟုတ်ပြီ။ ဒီအကြံ ကောင်းတယ်"

အလွန်စက်ဆုပ်ဖွယ်ကောင်းတဲ့ စိတ်ဓာတ်ပါပဲ။ ဆင်းရဲဝတ်မွတ်ရာတဲ့ မြို့သူမြို့သားတွေကို သူလိုသူဌေးကြီးတစ်ယောက်က မကူညီဘဲ ခေါင်းပုံဖြတ် အမြတ်ထုတ်စားဦးမယ်တဲ့။ ဒါပေမဲ့ သူမသိလိုက်တာတစ်ခု ရှိနေတယ်။ အဲဒါက အခုလို မြို့သူမြို့သားတွေအပေါ် သူမကောင်းကြံနေချိန်မှာ သူ့အိမ်ကို သူခိုးဝင်ခိုးနေတယ် ဆိုတာကိုပေါ့။

သူများမကောင်းကြံသူတွေရဲ့ လမ်းစဉ်အတိုင်းပါပဲ။ ကံ,ကံ၏အကျိုးလို့ပဲ ဆိုရမှာပေါ့။ ကိုယ့်ရဲ့ မတော်လောဘကြောင့် ကိုယ်ပဲ ပြန်ခံရတော့မှာပါ။

ဒါနဲ့ ဖြူဖွေးလေးလည်း ဆက်မကြည့်ချင်တော့တာနဲ့ အိမ်ပြင်ထွက်လာခဲ့တယ်။ လမ်းပေါ်မှာ ဟိုကြည့်ဒီကြည့် လျှောက်သွားရင်း အိမ်ကြီးအိမ်ကောင်းတွေကို လွန်ပြီး နေရာတစ်နေရာ ရောက်လာတယ်။ ခုန



www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့တဲ့နေရာနဲ့ ဘာမျှမဆိုင်အောင် ကွာခြားလွန်းတဲ့ လူနေရပ်ဝန်းတစ်ခုပေါ့။

တကယ်တော့ ဖြူဖွေးလေးရောက်နေတဲ့နေရာဟာ မြို့မှာ အနွမ်းပါးဆုံး လူတွေနေထိုင်တဲ့ လူဆင်းရဲ ရပ်ကွက်တစ်ခုပါ။ တစ်ခါမှ မရောက်ဖူးတဲ့ ဖြူဖွေးလေးကတော့ အမြင်ဆန်းနေလို့ ဟိုဟိုဒီဒီ လျှောက်သွားကြည့်နေတယ်"

လမ်းကျိုလမ်းကြား၊ မြောင်းကျိုမြောင်းကြား သွားနေလို့မှမကြာပါဘူး ခြံတစ်ခြံရှေ့အရောက်မှာပဲ တိရစ္ဆာန်တစ်ကောင်ရဲ့ သွေးပျက်မတတ် အော်ဟစ်သံကို ကြားရတယ်။ အကျယ်ကြီးပဲ။ အနီးအနားတစ်ဝိုက်ကို အဲဒီအသံကြီးက ဟိန်းသွားတယ်။ ဖြူဖွေးလေးလည်း အလန့်တကြားနဲ့ ခြံပေါက်ဝကနေ ရပ်ကြည့်မိတော့ . . .

ဝက်တစ်ကောင်ကို လူတွေ ဝိုင်းသတ်နေကြတာပါ။ ဝက်လေးက သွေးအိုင်ထဲမှာ လုံတန်းလန်းနဲ့ လဲကျနေတယ်။ အသက်ကို အငမ်းမရရှူနေရလို့ ဗိုက်လေး ပိန်လိုက်ဖောင်းလိုက်နဲ့ အသက်ငင်နေပြီ။

ဖြူဖွေးလေး ကြည့်နေရင်းနဲ့ မျက်ရည်ဝဲသွားမိတယ်။ ချက်ချင်းပဲ လှည့်ထွက်သွားတော့ အပေါ်အင်္ကျီချွတ်ထားပြီး ချွေးတွေရွှဲနေတဲ့ လူတစ်ယောက်ရဲ့စကားသံက နောက်ကကပ်ပါလာတယ်။

"ကမ္ဘာမီးလောင်ရင်တော့ သားကောင် ချရင်းရမှာပဲ။ တို့တွေ အသက်ရှင်ရပ်တည်ဖို့အတွက် တိရစ္ဆာန်တွေကိုပဲ စတေးရတော့မယ်"

တစ်ဖက်ကကြည့်တော့ အသက်တစ်ချောင်း။ နောက်တစ်ဖက်ကကြည့်တော့ သူဌေးတွေရဲ့ စိုက်ခင်းတွေမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေ။ အခု စိုက်ခင်းတွေပျက်တော့ အလုပ်မရှိတော့ဘူး။ ဒီတော့ သူတို့အသက်ရှင်ရပ်တည်ဖို့က ခေါင်းလာပြီလေ။

ဖြူဖွေးလေး မကြားချင်ပေမယ့် နောက်စကားသံတစ်ခုကို ကြားဖြစ်အောင် ကြားလိုက်သေးတယ်။

"အဲဒါ ကြွက်တွေကြောင့်ကွ။ ကြွက်တွေလုပ်လို့ ငါတို့ ဘဝပျက်ရတာ"



စိတ်မကောင်းစွာနဲ့ပဲ ကျောခိုင်းခဲ့လိုက်တော့တယ်။ ဘယ်သွားရမှန်းလည်း မသိတော့ပါဘူး။ အဲဒီအချိန်မှာပဲ ညက တဖြည်းဖြည်းနဲ့ မနက်လင်းစပြုလာတယ်။

အခုထိလည်း ဘာမှမစားရသေးတော့ ဗိုက်က ဆာလာပြီ။ စားစရာကလည်း ဘာမျှမရှိဘူး။ ရေသောက်ဖို့ကျတော့လည်း မြို့ထဲကရေတွေထဲမှာ အနံ့အသက်တစ်ခုရနေတယ်။ ရက်ကြာသွားပေမယ့် ဆေးနံ့တွေ ကျန်နေသေးတာပါ။ ဒါနဲ့ပဲ မြို့လေးရဲ့ အရှေ့ဘက်ကိုထွက်ပြီး ရေတမံကြီးပေါ် တက်လိုက်တယ်။

ပြီးတော့ ပင်လယ်ပြင်ကြီးကိုကြည့်ပြီး လေကိုတစ်ဝကြီး ရှူသွင်းလိုက်တယ်။ အထီးကျန်ဆန်မှုတွေ၊ ဝမ်းနည်းမှုတွေ တစ်ခဏတာ လွင့်ပျောက်သွားသလိုပါပဲ။

နောက်မှ အောက်ကိုဆင်းပြီး ရေစပ်မှာ ရေဆင်းသောက်လိုက်တယ်။ ဒါက ဖြူဖွေးလေးရဲ့ဘဝကိုရော စိတ်ဓာတ်ကိုရော ချက်ချင်းပြောင်းသွားစေမယ့် မနက်ခင်းတစ်ခုဆိုတာ မသိခဲ့ပါဘူး။ ဒါပေမဲ့ မကြာခင်မှာပဲ ဖြူဖွေးလေးဘဝက လုံးလုံးပြောင်းလဲသွားခဲ့ပါပြီ။

ဘာဖြစ်လို့လဲဆိုတော့ ရေဆင်းသောက်မယ့် ရေစပ်နဲ့ မလှမ်းမကမ်းမှာ အလောင်းနှစ်လောင်း မျောနေတယ်။ တစ်ခုနဲ့တစ်ခုက အနီးစပ်ဆုံးအကွာအဝေးနဲ့ တရွေ့ရွေ့ မျောနေကြတာပါ။ ဒါဟာ ဘယ်သူတွေရဲ့အလောင်းလဲဆိုရင် ဖြူဖွေးလေးရဲ့ အဖေနဲ့အမေရဲ့ အလောင်းနှစ်လောင်းပေါ့။

အဖေနဲ့အမေကိုကြည့်ပြီး ဖြူဖွေးလေး မျက်ရည်ဖြိုင်ဖြိုင် စီးကျသွားခဲ့တယ်။ တချို့နေရာတွေမှာလည်း သူတို့မျိုးနွယ်တူသူတွေရဲ့ အလောင်းတွေက ပြန့်ပြန့်ကျဲကျဲပဲ။ ရေကျချိန်မှာ ပင်လယ်ထဲ ပါမသွားဘဲ တင်ကျန်ခဲ့တဲ့အလောင်းတွေ ထင်ပါတယ်။

အခုမှ သူတို့အမျိုးတွေရဲ့ ဇာတ်သိမ်းခန်းကို မျက်ဝါးထင်ထင် မြင်တွေ့ရတာပါ။ ဖြူဖွေးလေး ငိုလို့မဆုံးတော့ပါဘူး။ အခုဆို သူတစ်ယောက်တည်းပဲ ကျန်တော့တယ်။ ပထမ အားငယ်ဝမ်းနည်းစိတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ငိုနေရင်းကနေ ရင်ထဲမှာ တဆစ်ဆစ်နာကျင်လာတယ်။ ပြီးတော့ အငိုရပ်ပြီး ခံပြင်းနာကြည်းမှုတွေ နေရာယူလာတယ်။

နောက်တော့ အံကိုကြိတ်ပြီး လက်သီးတင်းတင်းဆုပ်လိုက်မိပါပြီ။ ငိုနေလို့လည်း မထူးတော့ပါဘူး။ အခုလောလောဆယ် သူ့စိတ်ထဲမှာ ရှိနေတာက . . .

'သူတို့မျိုးနွယ်စုတစ်စုလုံးအတွက် အကောင်းဆုံး ဘာပြန်လုပ်ပေးရမလဲ' ဆိုတဲ့ မေးခွန်း။

လူတွေရဲ့ ခိုးဝှက်လိုစိတ်တွေ၊ ငါ့အတွက် ငါ့ဖို့ဆိုတဲ့ အတ္တစိတ်တွေ၊ ကြီးနိုင်ငယ်ညှဉ်းမှုတွေ၊ သတ္တဝါအချင်းချင်း မစာနာမှုတွေကို ပြန်တွေးမိပြီး စိတ်ထဲမှာ စက်ဆုပ်လာတယ်။ လူဆိုတဲ့သတ္တဝါတွေရဲ့ အရေခွံကိုချွတ်ပြီး အတွင်းသားကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရလိုက်တာကိုး။

အဲဒီမှာတင် ဖြူဖွေးလေးက ဆုံးဖြတ်ချက်တစ်ခုကို သေချာချလိုက်တယ်။ ပြီးတော့ ကမ်းစပ်မှာ ရေကို တစ်ဝကြီး ဆင်းသောက်လိုက်တယ်။ မကြာပါဘူး။ ဖြူဖွေးဆိုတဲ့ ကြွက်လေးတစ်ကောင်ရဲ့ဘဝနဲ့ စိတ်ဓာတ်ဟာ မာကြောကျစ်လစ်ပြီး လူတွေကို စက်ဆုပ်စိတ်နဲ့ ရဲရင့်နေပါတော့တယ်။

ပထမတစ်ရက်၊ နှစ်ရက်မှာတော့ မထူးခြားသေးဘူး။ သုံးရက်မြောက်နေ့မှာပဲ ရေတာတမံကြီးရဲ့အောက်ခြေမှာ မြေဇာပုံကြီးတစ်ပုံ ပေါ်လာတာကို တွေ့ရတယ်။ ဒါပေမဲ့ ဘယ်သူမှ အရေးတယူမရှိကြဘူး။ ပေါ့ပေါ့ပါးပါးပဲ သဘောထားပြီး မသိသလိုဘဲ နေနေကြတယ်။

အမှန်ကတော့ အဲဒီမြေဇာပုံကြီးဟာ ရေတာတမံအောက်ခြေကို လိုက်ပြီး တွင်းတူးနေတဲ့ ဖြူဖွေးလေးရဲ့ လက်ချက်ပေါ့။ မနေမနားတူးလိုက်တာ ငါးရက်မြောက်နေ့မှာပဲ ဖြူဖွေးရဲ့နားမှာ ရေစီးသံလိုလို၊ ရေလှိုင်းခတ်သံကို ကြားရတယ်။ မကြာခင် သူ အောင်မြင်တော့မှာပါ။

စုန်းစုန်းမြုပ်သွားတဲ့ သူတို့တစ်မျိုးလုံးအတွက် ကလဲ့စားချေခွင့်ရတော့မယ်။ နှုတ်သီးနဲ့ လက်၊ ခြေတွေမှာလည်း ကုတ်ဖဲ့ရမှု၊ ကိုက်



ဖြတ်ရမှုတွေကြောင့် သွေးချင်းချင်းနီနေပြီ။ ဒါပေမဲ့ အခုအချိန်မှာ အဲဒီဒဏ်ရာတွေကို သူမေ့သွားပြီ။ သူ့ပန်းတိုင်ကို သူမြင်နေရပြီလေ။

ဒါပေမဲ့ သူ အချိန်တစ်ခုကို စောင့်ရဦးမယ်။ ဟုတ်တယ်။ နေလုံးကြီးပျောက်ကွယ်သွားမယ့်အချိန်ကို စောင့်ရဦးမယ်။

ထို့ကြောင့် ဖြူဖွေးလေး အလုပ်ကိုရပ်ပြီး အပြင်ကိုထွက်လာခဲ့တယ်။ ပြီးတော့ ရေတာတမံကြီးပေါ်တက်ပြီး တစ်မြို့လုံးကို အချိန်အကြာကြီး ထိုင်ကြည့်နေလိုက်တယ်တဲ့။ တဖြည်းဖြည်း ပင်လယ်ပြင်ကြီးထဲကို ဦးစိုက် ငုပ်လျှိုးဝင်ရောက်လာမယ့် နေလုံးနီနီကြီးကို စောင့်ရင်းပေါ့။

ဒီလိုနဲ့ ဖြူဖွေးလေးစောင့်နေတဲ့အချိန်က ရောက်လို့လာခဲ့ပါပြီ။

တစ်မြို့လုံးတိတ်ဆိတ်ပြီး အိပ်မောကျသွားကြပြီ။ ဒီတော့မှ ဖြူဖွေးလေးက တွင်းထဲပြန်ဆင်းပြီး လုပ်စရာရှိတာကို ဆက်လုပ်လိုက်တယ်။ မကြာပါဘူး၊ ရေတွေဝေါခနဲ စီးထွက်လာပါတယ်။ ပထမ နည်းနည်း၊ နောက် များများ။

ပြီးတော့ . . .

ပြီးတော့ . . .

ပင်လယ်ရေတွေ မြို့ထဲကို ဝင်ရောက်ပြီး လမ်းတွေ၊ ရေမြောင်းတွေပေါ်ကို ဖုံးလွှမ်းလာကြပေမဲ့ ဘယ်သူမှ သတိမထားမိကြပါဘူး။ သူတို့ယုံကြည်အားကိုးတဲ့ နှစ်ပေါင်းများစွာ ခိုင်ခံ့လာတဲ့ တာတမံကြီးက ကြွက်လေးတစ်ကောင်ရဲ့လုံ့လကြောင့် အောက်ခြေမှာပေါက်ပြီး ရေတွေစီးဆင်းနေပါပြီ။

အချိန်တစ်ခုထိ တောင့်ခံထားပေမယ့်လည်း မရတော့ပါဘူး။ မကြာခင် အချိန်တစ်ခုမှာပဲ ရေတာတမံကြီးက အကြောက်အကန် တိုးဝင်လာတဲ့ ရေစီးရဲ့ဒဏ်ကို မခံနိုင်တော့ဘဲ ထက်ပိုင်းကျိုးကျသွားတယ်။

အဲဒီနောက်မှာတော့ မြို့လေးဟာ မျက်စိတစ်မှိတ်အတွင်းမှာပဲ စုန်းစုန်းမြုပ်ပြီး ရေအောက်ရောက်သွားရတယ်ပေါ့။

". . ."

"ပုံလေးကတော့ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးသွားတော့ နားထောင်နေသူအားလုံးမှာ သက်မကိုယ်စီ ချမိသွားကြသည်။ ဝေဖြိုးကတော့ စကားအရှည်ကြီး ပြောလိုက်ရသူမို့ အာခြောက်ကာ ရှေ့မှာရှိနေသော ရေသန့်ဘူးကို အဖုံးဖွင့်မော့ချလိုက်သည်။

မည်သူမျှ ချက်ချင်း စကားမဆိုမိကြသေး။ ဝိုင်းချင်းကပ်လျက်ပေမဲ့ ပုံပြင်၏စီးကျောမှာ မျောသွားရသည်မို့ မိုးတိမ်တို့သုံးဦးမှာလည်း တိတ်ဆိတ်လျက်သာ ရှိနေပါသည်။ ထိုစဉ်မှာပင် ဝေဖြိုးက စကားကို ဆက်၏။

"ဒီပုံပြင်လေးက ယူတတ်ရင်တော့ ပညာတွေအများကြီးပဲ။ ဒါပေမဲ့ ငါကတော့ တစ်ခုပဲသဘောကျတယ်။ အဲဒါက ကြွက်တစ်ကောင်ရဲ့ စိတ်ဓာတ်ပဲ"

"ဘာဖြစ်လို့ . . . "

ပိုးကဗျာအစား အေးစုကြည်က မနေနိုင်စွာ ဝင်မေးသည်။

"ဟုတ်တယ်လေ . . . ကြွက်ဆိုတာ လူတွေနဲ့ယှဉ်ရင် ဘာမှ မဟုတ်တဲ့ ပိုးကောင်မွှားကောင်လေးပဲ။ ဒါပေမဲ့ မြို့တစ်မြို့ကို ရေနစ်သတ်ပစ်နိုင်တဲ့အစွမ်း သူ့မှာရှိတယ်"

မည်သူမျှ စကားဝင်မဆိုမိကြ။ ငြိမ်၍သာ နေနေကြပါသည်။ အတော်ကြီးကြာသွားကာမှ . . .

"ရှင်ပြောတဲ့ပုံပြင် မှန်ပါတယ်။ နောက်နေ့ရော ပုံပြင်လာပြောဦးမှာလား"

ဝေဖြိုး၏ ခြောက်ကပ်ကပ်ရယ်သံကို ကြားရ၏။ ပြီးတော့ ပိုးကဗျာကို မထိတရိတစ်ချက်လှမ်းကြည့်ကာ . . .

"လာမှာပါ . . . မင်းမေးမယ်လို့ ရည်စူးထားတဲ့ စတုတ္ထမြောက်ပုံပြင်ကို နောက်နေ့ လာပြောပြမယ်။ မေ့နေမှာစိုးလို့ ပုံပြင်နာမည်ကိုပါ တစ်ခါတည်း ပြောပြခဲ့မယ်။

မနက်ဖြန် ငါလာပြောမယ့်ပုံပြင်က 'ယောနသံစင်ရော်' တဲ့"



# VIII

ယခုတော့ စားပွဲနှစ်ဝိုင်းက တစ်ဝိုင်းပေါင်းမိသွားလေပြီ။

"သူ့ကို ဘယ်လိုမြင်လဲ"

ပိုးကဗျာ၏ မေးခွန်းက ဘယ်သူ့ကိုဦးတည်၍မေးမှန်း မသဲကွဲပေမယ့် အားလုံးနားလည်သည်။ ထို့အတူ ကာယကံရှင်ကိုယ်တိုင်ကလည်း နားလည်သည်။ ထို့ကြောင့် . . .

"ပြောပုံဆိုပုံကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ ပြီးတော့ ပုံပြင်ကိုလည်း တော်တော်ကြေညက်ထားတဲ့ပုံစံရှိတယ်။ သူပြောသွားတဲ့ ကြွက်တစ်ကောင်ရဲ့ ပုံပြင်ကရော တကယ်မှန်သွားတာလား"

"မှန်တယ်ဆိုတာထက်ကို ပြည့်စုံလွန်းနေတာ"

"ဩော် . . . "

ထိုမှတ်ချက်မှာ မိုးတိမ်နှုတ်ဖျားဆီမှ ထွက်လာခြင်းမဟုတ်ပါ။ နားထောင်နေသူတွေအားလုံး တစ်ပြိုင်တည်းလိုလို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ထွက်သွားကြခြင်းဖြစ်သည်။ ထိုစဉ်မှာပင် သူမသူငယ်ချင်းဟုထင်ရသူ မိန်းကလေးက . . .



www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြန် လာပြောမယ်ဆိုတဲ့ ပုံပြင်ကရော နင်မေးမယ်ဆိုတဲ့ ပုံပြင်ပဲလား"

"ဟုတ်တယ်"

ထိုစကားကြောင့် အေးစုကြည်နှင့် မေးသူမိန်းကလေးမှာ အံ့သြသွားသလိုရှိပေမဲ့ မိုးတိမ်တို့အုပ်စုကတော့ သိပ်မထူးဆန်းသလို တည်တည်ငြိမ်ငြိမ်သာရှိနေသည်။

"ယောနသံစင်ရော်ဆိုတာ ငါကြားဖူးသလိုပဲ။ အဲဒါ စာအုပ်ရှိတယ်မလား"

"ရှိတယ်လေ၊ စာရေးဆရာ ရစ်ချက်ဘတ်(ခ်)(Richard Bach)ရဲ့ ကမ္ဘာကျော်စာအုပ်ပဲ"

အေးစုကြည်၏ ဝေဝေဝါးဝါးစကားကို မိုးတိမ် အတည်ပြုထောက်ခံလိုက်တော့ . . .

"ဒါဆို သူ့ပုံပြင်က ကမ္ဘာကျော်စာအုပ်ကို ပြန်ပြောပြမှာပေါ့"

"အဲလိုတော့ မဟုတ်ပါဘူး။ ပုံပြင်ထဲက စင်ရော်လေးရဲ့စိတ်ဓာတ်က စာအုပ်ထဲကစင်ရော်နဲ့ နီးနီးစပ်စပ်တူနေတယ်လို့တော့ ပြောတာပဲ။ ငါက စာအုပ်မဖတ်ဘူးတော့ မသိဘူး"

ပိုးကဗျာ ခပ်လေးလေး ပြန်ပြောလိုက်သည့်နောက်မှာ . . .

"အရမ်းအံ့သြဖို့ကောင်းတာပဲဟာ။ ဝေဖြိုးက ပုံပြင်တွေမှန်အောင်ပြောနိုင်ရုံမကဘူး၊ ကဗျာနောက်နေ့ထပ်မေးမယ့် ပုံပြင်ကိုပါ ကြိုသိနေတယ်ဆိုတော့ . . .

"ငါတို့အမြင်ကတော့ သိပ်မထူးဆန်းဘူးလို့ ထင်တာပဲ"

မိုးတိမ်ဖြတ်ပြောလိုက်သည့် စကားကြောင့် တအံ့တသြပြောနေသူ အေးစုကြည်မှာ အမ်းသွားသည်။ ပြီးတော့ . . .

"ဘာဖြစ်လို့လဲ"

"သိပ်မခက်ပါဘူး။ ပိုးကဗျာသိထားတဲ့ ပုံပြင်တွေအလုံးစုံကို ဝေဖြိုးလည်း သိထားလို့နေမှာပေါ့"

ပိုးကဗျာ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်၏။ မိုးတိမ်ကတော့ အေး-



ဆေးပါသည်။ သူ၏တွေးထင်မှုအား ခပ်တည်တည်ပင် ဆက်ပြောသည်။

"ဒီလို . . .။ ပိုးကဗျာ အခုလိုမေးနေတဲ့ ပုံပြင်တွေမှာ စီးရီးတစ်ခုရှိလိမ့်မယ်။ ဆိုလိုတာက ဘာပုံပြင်ပြီးရင် ဘာလာမယ်၊ ဘာပုံပြင်ပြီးရင် ဘာပုံပြင်ဆိုတဲ့ နံပါတ်စဉ်ရှိလိမ့်မယ်။ အဲဒီနံပါတ်စဉ်အတိုင်းကို ဝေဖြိုး အားလုံးသိထားလို့ အခုလို ကြိုပြောနိုင်တာနေမှာပေါ့"

"ရှင်က ဘာလို့ အဲလိုပြောနိုင်ရတာလဲ"

အားလုံးက မိုးတိမ်စကားအား ဟုတ်တုတ်တုတ် ငြိမ်သွားကြပေမယ့် သူမကတော့ ခပ်ဆတ်ဆတ်ထမေးသည်။

"ဟုတ်တယ်လေ . . . ဝေဖြိုးက မင်းစိတ်ထဲအထိ လှမ်းမြင်ကြည့်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီပုံပြင်တွေကလည်း မင်းစိတ်ထဲမှာပဲရှိတာမလား။ မင်းနဲ့အနီးကပ်ပေါင်းနေတဲ့ သူငယ်ချင်းတွေကိုတောင် ပြောပြထားဖူးလို့လား"

အေးစုကြည်နှင့် နောက်တစ်ယောက်က ခေါင်းညိတ်ထောက်ခံပါသည်။ သူမတို့လည်း ပိုးကဗျာ၏ပုံပြင်တွေကို ကြိုတင်၍ သိခွင့်ရထားမည်မထင်ပါ။

"အဲတော့ . . . စဉ်းစားကြည့်၊ အဖြေက တစ်မျိုးတည်းပဲ။ မင်းသိထားသလိုပဲ ပုံပြင်စီးရီးအားလုံးကို ဝေဖြိုးလည်း သိထားလို့နေမှာပေါ့"

အကုန်လုံး တိတ်ကုန်ကြပါ၏။ သူမကတော့ သူ၏ထင်မြင်ချက်ကို လက်မခံချင်သလိုရှိသည်။

"ဒါဆို သူကရော ကျွန်မသိထားတဲ့ ပုံပြင်တွေကို ဘယ်ကသိတာလဲ"

"အဲဒါတော့ ဝေဖြိုးကိုယ်တိုင်ပဲ သိလိမ့်မယ်"

ထို့နောက်မှာတော့ စကားဝိုင်းက ခဏတိတ်ဆိတ်သွားသည်။ မိုးတိမ် နာရီကိုကြည့်မိတော့ ပိုးကဗျာဘေးမှာထိုင်နေသူ မိန်းကလေးကပါ လိုက်ကြည့်ရင်း . . .

"ကဗျာ . . . ငါတို့ pratical သွားလုပ်ရဦးမယ်နော်"

မိုးတိမ် မတ်တတ်ထရပ်လိုက်ပါသည်။ မိုးတိမ်ထတော့ အေး-

www.burmeseclassic.com

မှာရှိနေသူ အရှည်ကြီးနှင့် ချမ်းမြေ့သွင်ပါ ထရပ်သည်။

"ထားပါ . . . ငါ့ကိစ္စလည်း မဟုတ်ပါဘူး။ ငါတွေးမိသလောက်ကို ပြောပြတာပါ။ ငါလုပ်ရမှာက ဝေဖြိုးအကြောင်းကို စုံစမ်းပေးဖို့ပဲ မလား။ ရပါတယ် . . . ငါစုံစမ်းပေးပါ့မယ်"

ပြီးတော့ သူကအရင်ပင် စားပွဲဝိုင်းကို စွန့်ခွာလိုက်သည်။ သူ့နောက်မှ အရှည်ကြီးတို့နှစ်ဦး ပါလာသည်။ ကျန်ခဲ့သူမှာတော့ မိန်းကလေးသုံးဦးသာ ရှိတော့ပါ၏။

မကြာခင်မှာပဲ ထိုသုံးဦးထဲမှ ပိုးကဗျာနှင့် နောက်တစ်ယောက် ထထွက်သွားသည်ကို တွေ့ရသည်။ pratical လုပ်ရန် သွားခြင်းဖြစ်ပြီး ကျန်နေခဲ့သူကတော့ အေးစုကြည်ဖြစ်လေသည်။

အေးစုကြည်မှာ မိုးတိမ်တို့နှင့် မေဂျာတစ်ခုတည်းဖြစ်၍ ပိုးကဗျာနှင့် မေဂျာမတူပါချေ။ ပိုးကဗျာနဲ့ အတူပါသွားသူကတော့ သက်သက်လင်းဟုခေါ်သည့် ဓာတုဗေဒကျောင်းသူတစ်ဦး ဖြစ်လေသည်။

• • •

အရှည်ကြီးတို့နှင့် လမ်းခွဲပြီးတော့ မိုးတိမ်တစ်ယောက်တည်း ယောင်လည်လည်နှင့် ကျောင်းအပြင်ဘက်ကို ထွက်လာခဲ့သည်။ စာသင်ချင်စိတ်လည်း မရှိပါ။ ပြီးတော့ သူ့မှာ လတ်တလော တာဝန်တစ်ခုက ရှိနေသည်။

ဒီလိုနှင့် လျှောက်လာရင်း ခပ်ဝေးဝေးဆီမှ နာမည်ခေါ်သံတစ်ခုကို ကြားလိုက်ရသည်။

"ဟေ့ကောင် . . . မိုးတိမ်"

အသံလာရာဆီ လှမ်းကြည့်လိုက်တော့ . . .

"ဟာ . . . ကျော်ကြီး"

ကျော်ကြီးက ဝမ်းသာအားရ သူ့ဆီပြေးလာပါသည်။ လက်ထဲမှာလည်း စာရွက်ဖြူတစ်ထပ်ထည့်ထားသော ဖိုင်တစ်လုံးနှင့်။



"မင်း ဘယ်ကလာတာလဲ"

အနီးနားရောက်၍ မိုးတိမ်မေးလိုက်တော့ . . .

"Assignment လာတင်တာကွ။ မင်းရော ဘယ်သွားမလို့လဲ"

"အေးကွာ . . . ငါလည်း ဘယ်သွားရမှန်းမသိတာနဲ့ ကျောင်းအပြင်ဘက်ထွက်လာတာ။ အခုတော့ အတော်ပဲ မင်းနဲ့ငါ လိုက်ခဲ့မယ်"

ဒီလိုနှင့် မိုးတိမ်တစ်ယောက် ကျော်ကြီးနှင့် အဝေးသင်ဌာနရှိရာဆီ ပါသွားသည်။ ကျော်ကြီးဆိုသူမှာ သင်တန်းတစ်ခုတွင် ခင်မင်ခဲ့သော သူငယ်ချင်းဖြစ်ပြီး နာမည်ရင်းမှာ 'ကျော်သူအောင်' ဖြစ်သည်။ အလုပ်တစ်ဖက်နဲ့မို့ အဝေးသင်တက်နေသူဖြစ်ပါ၏။

ကျော်ကြီးနှင့်ပါသွားပြီး အဝေးသင်ဌာနမှာ နာရီဝက်လောက် အချိန်ပေးလိုက်ရသည်။ ပြီးမှ . . .

"မင်းကို ကောင်မလေးတစ်ယောက် ပြစရာရှိတယ်။ မပြန်နဲ့ဦး။ ငါနဲ့ခဏလိုက်ခဲ့ချည်"

"ဘယ်ကကောင်မလေးလဲ"

"ငါ အခန်းမပြောင်းရအောင် ကူညီပေးတယ်ဆိုတဲ့ ကောင်မလေးလေကွာ"

ထိုစကားကြောင့် ကျော်ကြီးက စဉ်းစားသလို ငြိမ်သွားသည်။ ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့ . . .

"သြော် . . . ဟိုတစ်ယောက်ကို ပြောတာလား"

မိုးတိမ် ခေါင်းညိတ်ရင်း ကျော်ကြီးအား ဆွဲခေါ်လာခဲ့သည်။ ဒီ အချိန် pratical ခန်းမှာပဲ ရှိလောက်သည်မို့ ဓာတုဗေဒပရက်တီကယ်ခန်းများရှိရာဆီ ဦးတည်လိုက်ပါသည်။

Pratical အခန်းတစ်ခုရှေ့၌ ကျောင်းသားနှစ်ယောက် ဝေ့လည်ကြောင်ပတ်လုပ်နေသည်။ သွားလိုက်ပြန်လိုက် လုပ်နေသော်လည်း ခြေသံမထွက်သည်မို့ အတွင်းမှဆရာ မရိပ်မိ။ ထို့အတူ ကိုယ်အလုပ်နှင့်ကိုယ် ရှုပ်နေကြသော ကျောင်းသားများကလည်း သူတို့နှစ်ဦး မရိပ်မိပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားနှစ်ဦးကတော့ မျက်လုံးကို ကျီးကန်းတောင်းမှောက်ကြည့်ရင်း အခန်းထဲမှ တစ်စုံတစ်ရာကို ရှာနေသည်။ တစ်အောင့်ကြာတော့ ကျောင်းသားတစ်ယောက်က ကျန်တစ်ယောက်ကို အခန်းဘေးဘက်ဆီ ဆွဲခေါ်သွားကာ . . .

"တွေ့ပြီ ဟေ့ကောင် . . . စားပွဲရဲ့ ဟိုဘက်ခြမ်း ခုတင်ရှေ့ ပုလင်းဘေးမှာ အကျီခရမ်းရောင်နဲ့တစ်ယောက်။ သွား . . . မသိမသာ သွားရှုံးချည်။

ကျော်ကြီးမှာ ယောင်တောင်ပေါင်တောင်နှင့် ခေါင်းကိုပွတ်ရင်း အခန်းရှေ့လျှောက်သွားသည်။ အပေါက်ဝအရောက်တွင် လူရှာသလို ပစ္စည်းပဲ ကျပျောက်သလိုပုံစံဖြင့် ဟိုကြည့်ဒီကြည့်လုပ်ရင်း ခပ်တည်တည် ဆက်လျှောက်သွားပါသည်။ ပြီးတော့ ဒီဘက်ပြန်လျှောက်လာကာ အခန်းဝတွင် ပထမလုပ်သလို ထပ်လုပ်သည်။

အားရအောင်ကြည့်ပြီးတော့မှ မိုးတိမ်ရှိရာဆီ ခပ်သွက်သွက် လျှောက်လာရင်း . . .

"ငါ သူ့ကိုမသိဘူး"

မိုးတိမ် ခေါင်းညိတ်လိုက်သည် ထင်သည်။ ကျော်ကြီးကတော့ အတွေ့အကြုံမရှိသော သူနိုးတစ်ယောက်လို ခုနလုပ်ရပ်အတွက် နဖူးမှ ချွေးကိုသုတ်သည်။ ပြီးမှ ချက်ချင်းလက်ငင်း သတိရသွားသည်ထင်ရသော မေးခွန်းတစ်ခုကို မေးသည်။

"မင်း ဆေးရုံရောက်ဖြစ်သေးလား"

"မနေ့ကတင်ပဲ ရောက်ခဲ့တာ။ အားလုံး အခြေအနေကောင်းပါတယ်။ နောက်တစ်ရက်နှစ်ရက်ကြာရင် ဆင်းလို့ရပြီလို့ ဆရာဝန်က ပြောတယ်"

"ဩော် . . . မင်းတစ်ယောက်တည်း သွားတာလား"

"မဟုတ်ဘူး . . . နှစ်ယောက်သွားတာ"

ကျော်ကြီးက သူ့အား ခပ်တည်တည်မော့ကြည့်သည်။ ပြီးတော့ စကားတစ်ခွန်းကို တိုးတိုးရှုရှုပြောသည်။



"မင်းတို့ အတူတူသွားကြတာပေါ့"

"ဟုတ်တယ်"

ကျော်ကြီး၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားရပါ၏။

"အေးကွာ . . . မင်းတို့ရဲ့ကူညီမှုထဲမှာ ငါမပါဝင်နိုင်တာကို တော့ ခွင့်လွှတ်ပါ"

မိုးတိမ်ရယ်ရင်း ကျော်ကြီးလက်မောင်းကို ခပ်ဖွဖွ လှမ်းထိုးလိုက်ကာ . . .

"ရပါတယ်ကွာ။ အခုလောက်ကူညီတာနဲ့ကို လုံလောက်နေပါပြီ"

ကျော်ကြီးဆီမှ တုံ့ပြန်စကားကို မကြားရ။ ဒါပေမဲ့ မိုးတိမ်ပြောလိုက်သော စကားအတွက် ကျေနပ်မှုအရိပ်အယောင်ကိုတော့ ခပ်ပါးပါးလေးတွေ့ရသည်။

"အေးလေ . . . အဲဒါဆိုလည်း ငါလစ်တော့မယ်ကွာ။ ဒီမှာ ကြာကြာရပ်နေလို့ မကောင်းဘူး"

မိုးတိမ် ထောက်ခံသလို ခေါင်းတစ်ချက်ဆတ်မိရင်း . . .

"ဒါဆိုလည်း လစ်ကြတာပေါ့။ ငါလည်း လူတစ်ယောက် အကြောင်းကို လိုက်စုံစမ်းရဦးမယ်"

"ဘယ်သူလဲ"

"ဝေဖြိုး"

ကျော်ကြီးက သူ့အား နားမလည်သလို ခပ်ငေးငေးကြည့်နေပါ၏။ ပြီးတော့မှ တစ်လုံးတည်း မှတ်ချက်ချသည်။

"ဩော် . . . "



www.burmeseclassic.com

www.burmeseclassic.com

ငါ့ရင်ဘတ်ထဲမှာ နင့်အတွက်
အချစ်နဲ့စပြီး
အချစ်နဲ့ဆုံးတဲ့
ပုံပြင်တစ်ပုဒ်ရှိတယ်။

ငါ့မျက်နှာပေါ်မှာ နင့်အတွက်
အမြဲတမ်း ပြုံးနေတတ်တဲ့
မျက်နှာဖုံးတစ်ခုရှိတယ်။

(ဇော်ထိုး၏ 'လမင်းရဲ့အလင်းနဲ့ ရဲရင့်တတ်တဲ့အရိပ်' မှ)



# IX

ခပ်ဝေးဝေးကတည်းက လှမ်းမြင်နေရပါသည်။ ပိုးကဗျာသော မှာ ငနဲတစ်ဗွေ မြောက်ကြွမြောက်ကြွဖြင့် ပါလာ၏။ မိုးတိမ် သစ်ပင်ရိပ်အောက်တွင် ရပ်နေရာမှ မြင်နေရသောမြင်ကွင်းကို မသိမသာပင် ကြည့်နေလိုက်ပါသည်။ သွားဖြဲရအောင်ကလည်း ကိုယ်နဲ့ဘာမှုဆိုင်တာ မဟုတ်။ ငနဲပုံစံကြည့်ရတာတော့ ကျောင်းထဲက ဟုတ်ဟန်မတူပေ။

ပိုးကဗျာပုံစံကတော့ အကြီးအကျယ် စိတ်ပျက်နေသည့် အမူအရာပေါ်နေသည်။ ဒါပေမဲ့ ခပ်လှမ်းလှမ်းအရောက်မှာပင် သူ့ကို ပိုးကဗျာမြင်သွားတော့ အားတက်စိတ်သက်သာဟန် ပေါ်သွားပြီး ရပ်နေရာသို့ မြန်မြန်လျှောက်လာသည်။

ဘေးမှငနဲကတော့ အခြေအနေကို သဘောမပေါက်ဘဲ စကားတတွတ်တွတ်ပြောရင်း ပါလာ၏။ မိုးတိမ်ရပ်နေရာ ရှေ့တည့်တည့်ရောက်သည်ဆိုလျှင်ပဲ ပိုးကဗျာက . . .



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ရှင် လက်မလျှော့သေးဘူးလား။ ကျွန်မမေးတဲ့ ပုံပြင်တွေကို ပြောနိုင်တဲ့လူရှိနေပြီ။ အဲတော့ ရှင်ပြောမဲ့ပုံပြင်ကို ကျွန်မ နားထောင်ဖို့ မလိုတော့ဘူး။ ပြန်ပါတော့လို့ ရှင့်ကို ဘယ်နခါပြောရမလဲ"

မိုးတိမ်ရှေ့ရောက်ပါမှ ခြေစုံရပ်ရင်းပြောသည်မို့ ငနဲက မိုးတိမ်ကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ကာ . . .

"ဟုတ်ပြီလေ . . . ကိုယ် ပြောပြီးသွားပြီပဲ . . . ပြန်မှာပါ။ ကိုယ်သိချင်တာတစ်ခုကို သိရပြီးသွားရင် ပြန်မှာ။ အဲဒီလူက ဘယ်သူလဲ"

ပိုးကဗျာက ချက်ချင်းမဖြေ။ အဓိပ္ပာယ်ပါသော အကြည့်တစ်ခုဖြင့် သူ့ကိုကြည့်သည်။ ဒီလောက်နဲ့ပဲ သဘောပေါက်လိုက်ပါပြီ။

"ရှင် အရမ်းသိချင်နေတယ်ပေါ့"

"ဟုတ်တယ်"

"အဲဒါဆိုလည်း တစ်ခါတည်း သေချာကြည့်သွား။ ကျွန်မမေးတဲ့ ပုံပြင်တွေအားလုံးကို အခုအချိန်အထိ အမှားအယွင်းမရှိ ပြောပြနိုင်နေတာ သူပဲ"

ပြင်းထန်လွန်းသော အကြည့်တစ်ခု မိုးတိမ်ဆီသို့ ဒိုင်းခနဲရောက်လာသည်။ ဒါပေမဲ့ မိုးတိမ် ဣန္ဒြေပျက်မသွားခဲ့ပါ။ ဟန်ပါပါဖြင့် ပခုံးကို တစ်ချက်တွန့်ရင်း . . .

"ကျွန်တော် မိုးတိမ်ပါ။ ဒီကျောင်းကပဲ။ အခုလည်း ကဗျာ့ကို ပုံပြင်ပြောပြမလို့ စောင့်နေတာ။ ကြုံတုန်း တစ်ခါတည်း ဝင်နားထောင်သွားပါလား။ ပြန်ပြောပြလို့ရတာပေါ့"

အံကြိတ်လိုက်သလားတော့ မသိ။ ဒါပေမဲ့ အကြည့်တွေကတော့ နဂါးသာဆိုလျှင် မိုးတိမ် မီးကင်ပြီးသား ဖြစ်သွားလောက်သည်။ ထိုခဏမှာပင် ရှေ့မှငနဲမှာ ‌‌ေတာက်ကို တစ်ချက်ခေါက်ရင်း ချာခနဲ လှည့်ထွက်သွားလေသည်။

အတော်ဝေးဝေးရောက်သွားပါမှ ပိုးကဗျာ၏ သက်ပြင်းချသံတစ်ချက်ကို ကြားရသည်။ ပြီးမှ . . .



"ကျေးဇူးပဲဟာ"

"ရပါတယ်"

စကားကို တိုတိုတုတ်တုတ်ပြောရင်း မိုးတိမ် လွယ်အိတ်ထဲမှာ တစ်စုံတစ်ရာ ထုတ်လိုက်ပါ၏။ နောက်ပြီး . . .

"ရော့ . . . "

"ဘာလဲ"

မိုးတိမ်ထိုးပေးသော စာရွက်ဖြူတစ်ရွက်ကို ကြည့်ရင်း ပိုးကဗျာ မေးတော့ . . .

"ငါစုစမ်းလို့ရသမျှ ဝေဖြိုးရဲ့ အချက်အလက်အစုံပဲ"

ပိုးကဗျာ ဆတ်ခနဲဆွဲယူရင်း ဖတ်ကြည့်သည်။ မိုးတိမ်ကတော့ ဖြတ်သွားဖြတ်လာ ကျောင်းသား၊ ကျောင်းသူများကိုသာ လှမ်းငေးရင်းမှ . . .

"ငါသွားတော့မယ်"

မျက်ဝန်းတစ်စုံ ဆတ်ခနဲ အပေါ်မော့တက်လာပြီး . . .

"ဘယ်သွားမှာလဲ။ ဒီနေ့ ဝေဖြိုးပုံပြင်လာပြောမှာကို နင် ငါတို့နဲ့အတူရှိနေမှာ မဟုတ်ဘူးလား"

မိုးတိမ် လေးလေးပင်ပင် ခေါင်းယမ်းမိသည်။ ပြီးတော့ လက်မှ နာရီကို တစ်ချက်ငုံ့ကြည့်ရင်း . . .

"အချိန်မမီတော့ဘူး။ ဒီနေ့ ငါ့အသိတစ်ယောက် ဆေးရုံက ဆင်းမှာမလို့ သွားကူရမှာ"

'ဘယ်သူလဲ' ဟု မေးမလိုလုပ်ပြီးမှ သူများ personal ဖြစ်နေသည်မို့ ပိုးကဗျာ ပါးစပ်ပိတ်လိုက်ရသည်။ ဒါပေမဲ့ မိုးတိမ်ကတော့ ထိုအချိန်ပိုင်းလေးအတွင်းမှာပင် ပိုးကဗျာကို ကျောခိုင်းပြီးခဲ့လေပြီ။

ပိုးကဗျာစိတ်ထဲမှာတော့ မှတ်ချက်တစ်ခု ပေးမိသည်။ သို့ပေမဲ့ ထိုမှတ်ချက်ကိုတော့ ကျောခိုင်းသွားပြီဖြစ်တဲ့ မိုးတိမ်ဟန် ကြားရမည် မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ရဲ့စိတ်က ဘယ်သူ့ကို အားကိုးချင်နေတယ်ဆိုတာ နင်မရိပ်မိတော့ဘူးလား မိုးတိမ်ရယ်"

တစ်အောင့်ကြာတော့ သူမ ကန်တင်းဆီလျှောက်သွားခဲ့သည်။ ထင်သည့်အတိုင်းပင် အေးစုကြည်နှင့် သက်သက်လင်းတို့နှစ်ယောက်မှာ ကြိုရောက်နှင့်နေပါပြီ။ သူမကိုမြင်တော့ . . .

"ကဗျာ . . . လက်ထဲက ဘာစာရွက်ကြီးလဲ"

ပိုးကဗျာ လက်ထဲမှစာရွက်အား စားပွဲပေါ်ဖြန့်ချရင်း . . .

"မိုးတိမ်လာပေးသွားတာ သူစုံစမ်းလို့ရသမျှ ဝေဖြိုးရဲ့အကြောင်း အချက်အလက်တွေတဲ့"

စာရွက်အားဆွဲယူရင်း နှစ်ယောက်သား ခေါင်းချင်းဆိုင်သွားကြသည်။ တစ်အောင့်ကြာတော့မှ အေးစုကြည်က . . .

"သူကရော ဘယ်ရောက်သွားပြီလဲ"

"မိုးတိမ်ကို မေးတာလား"

"အေး . . ."

"သူ့မိတ်ဆွေတစ်ယောက် ဆေးရုံကဆင်းမှာမလို့ သွားပိုင်းကူပေးရဦးမယ် ပြောတာပဲ"

ထိုစဉ်မှာပင် သက်သက်လင်းက ကန်တင်းရှေ့သို့ မေးငေါ့ပြကာ . . .

"ဟိုတစ်ယောက်ကတော့ ရောက်လာပြီ"

အေးစုကြည်လက်တွင်းမှ စာရွက်အား ပိုးကဗျာ ဖျတ်ခနဲဆွဲယူကာ လွယ်အိတ်တွင်းသို့ ထည့်လိုက်သည်။ မကြာပါ။ ဝေဖြိုးမှာ သူမတို့သုံးဦးရှေ့သို့ ရောက်လာခဲ့ပါပြီ။

"ကျွန်တော် နောက်မကျပါဘူးနော်"

"စောတောင် စောနေပါသေးတယ်"

ဝေဖြိုးက ဟက်ခနဲရယ်၍ ခုံတစ်ခုံဆွဲပြီး ဝင်ထိုင်ကာ . . .

"ကောင်းပြီလေ . . . ဒါဆိုလည်း စောစောစီးစီးပဲ ပုံပြောကြတာပေါ့"



ပြန်ပြောသူမရှိပေမဲ့ စကားဝိုင်းက ချက်ချင်းငြိမ်ကျသွားလေသည်။ ငံ့လင့်နေသည်ဟု ပြောရလျှင် ပိုမှန်ပါလိမ့်မည်။ ဝေဖြိုးခေါင်းတစ်ချက်ညိတ်လိုက်သည်ကို မြင်ရ၏။ ပြီးတော့ လက်တစ်ချောင်းကို ထောင်ရင်း ပုံပြင်တစ်ပုဒ်ကို အစပျိုးလိုက်လေသည်။

"တောင်ထွတ်တစ်ခုရဲ့ ကျောက်ရိုးပေါ်မှာ အပျံသင်စ စင်ရော်ငှက်လေးတစ်ကောင် ပြေးလွှားဆော့ကစားနေတယ်။ ဘေးမှာက သူ့အဖေနဲ့အမေရှိနေတယ်။ သားငယ်ဆော့ကစားနေတာကို ကြည့်ပြီး ပြုံးပျော်နေကြတာပေါ့။

သူတို့ရဲ့ ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်မှာက တောရဆောက်တည်နေတယ်ထင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးရှိနေတယ်။

ဒီတောင်ထွတ်လေးက အဲလိုပါပဲ။ ယုံကြည်ရာဂိုဏ်းဂဏတစ်ခုအတွက် ကျင့်ကြံအားထုတ်တဲ့သူတွေ၊ ထွက်ရပ်လမ်းစဉ်လိုက်သူတွေ၊ ဂန္ဓာရီသမားတွေ မျက်စိကျစရာ တောင်ထွတ်လေးပေါ့။ တချို့ကလည်း ဒီတောင်ထွတ်လေးကို အောင်မြေလို့ ခေါ်ကြတယ်။ နောက်ပြီး ဒီတောင်လေးရဲ့ပတ်ဝန်းကျင်မှာ အမြဲတမ်းပဲ အဲလိုကျင့်ကြံအားထုတ်သူတွေ တစ်ဦးမဟုတ်တစ်ဦး ရှိနေတတ်ပါတယ်။

သူတို့အဆိုအရတော့ ဒီတောင်ထွတ်လေးဟာ သူတို့လို လမ်းစဉ်သမားတွေအတွက် ပထမအောင်မြေလို့ ဆိုတာပဲ။ စင်ရော်ငှက်လေးကလည်း ဒီတောင်ထွတ်လေးပေါ်မှာ မွေးလာတဲ့သူဆိုတော့ ပေါ့သေးသေးမဟုတ်ဘူးပေါ့။

စင်ရော်ငှက်လေးဟာ ကစားနေရာက မောလာတော့ သူ့မိဘတွေ ရှိရာဆီသွားပြီး အမောဖြေနေတယ်။ ပြီးတော့ ကောင်းကင်အနိမ့်ပိုင်းဆီမှာ ပျံနေကြတဲ့ သူတို့လိုငှက်လေးတွေကို ကြည့်ပြီး အဖေဖြစ်သူကို မေးတယ်။

"ဖေဖေ . . . သူတို့တွေ ဘာလုပ်နေကြတာလဲဟင်"

"အစာရှာနေကြတာပေါ့ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . အစာရှာတာကလည်း အဲလိုနိမ့်နိမ့်လေးတွေမှာပဲပျံပြီး ရှာရတာလား"

"အေးပေါ့ကွ . . . အစာဆိုတာ တို့တွေရပ်နေကြတဲ့ မြေပြင်တစ်ဝိုက်မှာပဲ ရှိတဲ့ဥစ္စာ။ ကောင်းကင်အမြင့်ကြီးမှာ ပျံပြီး အစာရှာလို့ ဘယ်လိုလုပ်ဖြစ်မှာလဲ"

အဖေလုပ်သူရဲ့စကားကြောင့် မေးသူ စင်ရော်လေးက ခဏတွေဝေသွားတယ်။ ပြီးတော့မှ ကောင်းကင်ကြီးကိုကြည့်ပြီး တစ်ခွန်းပြောတယ်။

"ဟင့်အင်း . . . သားဆိုရင်တော့ အဲလို နိမ့်နိမ့်လေးတွေမှာပဲ မပျံဝဲချင်ဘူး"

"ဒါဆို သားက ဘယ်လိုပျံဝဲချင်တာလဲ"

"ကောင်းကင်အမြင့်ကြီးပေါ်ရောက်အောင် ပျံဝဲချင်တာ"

သားငယ်လေးရဲ့ စကားကိုကြားရတော့ ဖခင်လုပ်သူ ငိုင်တွေသွားတယ်။ နောက် သက်ပြင်းကို ချပြီးသားငယ်ကို တိုးတိုးပြောတယ်။

"သားအမြင့်ကြီးမှာ ပျံဝဲချင်ရင် ပျံဝဲရမှာပေါ့။ သား ပျံဝဲချင်တဲ့ အမြင့်မှာ ပျံဝဲဖို့ သားမှာ လွတ်လပ်ပိုင်ခွင့်ရှိပါတယ်။ ပြီးတော့ ပျံဝဲခွင့်လည်းရှိတယ်"

စင်ရော်သားအဖနှစ်ယောက်ပြောနေတဲ့ စကားကို နားထောင်ပြီး လူကြီးတစ်ယောက်က ပြုံးနေတယ်။ ထိုလူကြီးကတော့ သစ်ပင်ရိပ်မှာ ကျင့်စဉ်တစ်ခုကို ပေါက်ရောက်အောင် ကျင့်ကြံနေတဲ့ လူကြီးပဲပေါ့။

နောက်နေ့တွေမှာတော့ စင်ရော်လေးဟာ တစ်ကောင်တည်း ထောင်ထွတ်ပေါ်တက်လာပြီး ကောင်းကင်ကြီးဆီဦးတည်ကာ ပျံတက်နေပါတော့တယ်။ မြင်ရသူတွေအားလုံးက အထူးအဆန်းပေါ့။ ဟုတ်တယ်လေ . . . စင်ရော်လေးပျံနေပုံက အားလုံးနဲ့မတူဘဲ တစ်မျိုးထူးဆန်းနေတာကိုး။

သူက ကောင်းကင်ကြီးကို မော့ကြည့်ပြီး တစ်ရှိန်ထိုးပျံတက်သွားတယ်။ သူ့မှာရှိသမျှ အားကုန်သုံးပြီး တက်သွားတာပါ။ ဒါပေမဲ့



အမြင့်တစ်နေရာအရောက်မှာပဲ အရုပ်ကြိုးပြတ် ပြန်ပြုတ်ကျလာတယ်။ သူဆက်မတက်နိုင်တော့ဘူး။ ရှိသမျှအားအင်တွေအကုန်မှာ အတောင်ကို ဆက်မခတ်နိုင်ဘဲ ပြန်ပြုတ်ကျလာတာ။

ဒါပေမဲ့ စင်ရော်လေးဟာ စိတ်ဓာတ်မကျပါဘူး။ အခေါက်ခေါက်အခါခါ မြင့်သည်ထက်မြင့်အောင်၊ ဝေးသည်ထက်ဝေးအောင်၊ ကောင်းကင်ကြီးနဲ့ နီးသည်ထက်နီးအောင် အကြိမ်ကြိမ်ကြိုးစားပြီး ပျံတက်နေတယ်။ ဒါကိုမြင်ရသူ ငှက်အပေါင်းအသင်းတွေကတော့ စင်ရော်လေးကို ရူးသွားပြီလို့ သတ်မှတ်ကြတယ်။ နှာခေါင်းရှုံ့ကြတယ်။

"ဒီကောင် ရူးသွားပြီကွ။ ကောင်းကင်ထိရောက်အောင် ပျံဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"ဟုတ်တယ် . . . ဒီကောင် တစ်သက်လုံးကြိုးစားလည်း ရောက်မှာမဟုတ်ဘူး"

အပေါင်းအသင်းတွေက ကဲ့ရဲ့ဝေဖန်ကြပေမဲ့ စင်ရော်လေး မမှုပါဘူး။ သူ့ရင်ထဲမှာ သူ့အဖေပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကို အမြဲတမ်းနှလုံးသွင်းထားတယ်။ အဲဒါက . . .

"ဒီမှာ ငါ့သား . . . မင်း ဘာရည်ရွယ်ချက်တွေပဲရှိရှိ၊ ဘာတွေပဲလုပ်လုပ် လုပ်ဖို့ဆုံးဖြတ်လိုက်ပြီဆိုတာနဲ့ 'ဖြစ်ရမယ်' ဆိုတဲ့ စကားကလွဲပြီး ဘာစကားကိုမှ ခေါင်းထဲမထည့်နဲ့တော့။ လောကကြီးဆိုတာ ဒီလိုပဲကွ။

အားလုံးနဲ့ ခွဲထွက်လိုက်ပြီဆိုတာနဲ့ မင်းကို ပျက်ရယ်ဝိုင်းပြုကြလိမ့်မယ်။ မင်းကို အရူးလို့ သတ်မှတ်ကြလိမ့်မယ်။ အဲဒါ မင်းဘာမှဖြစ်မလာသေးခင်မှာ ကြုံတွေ့ရမယ့် အတိုက်အခိုက်တွေပေါ့။ အေး . . ဖြစ်သွားပြီဆိုရင်တော့ ရူးတာကနေ ထူးသွားပြီ။ ခုနအသံတွေ တိတ်သွားပြီ။ မင်းကို တအံ့တသြ ဝိုင်းကြည့်ကြပြီး မင်းနောက်ကို လိုက်လုပ်ကြပြီပေါ့"

အဲဒီစကားတွေကို ရင်မှာထည့်ထားပြီးတော့ပဲ စင်ရော်လေးက ကြိုးစားပျံသန်းနေတယ်။ ပြီးတော့ သူ့စိတ်ထဲမှာလည်း ယုံကြည်မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ရှိနေပါတယ်။ အဲဒါက တစ်နေ့မှာ သူကောင်းကင်ကြီးပေါ် ခြေချခွင့်ရမှာပါ။ ကောင်းကင်ပေါ်မှာ ပျံဝဲခွင့်ရမှာပါ။

အောင်မြင်မှုဆိုတာ နောက်ကျပြီးမှ ရောက်လာတတ်တဲ့ ဆုလာဘ်တစ်မျိုး မဟုတ်ပေဘူးလား။

တချို့ကြတော့လည်း စင်ရော်လေးကို ပျစ်ပျစ်နစ်နစ် ဝေဖန်ပြစ်တင်ကြတယ်။ သက်ကြီးဝါကြီးငှက်တွေပေါ့။ လွယ်လွယ်ပြောရရင် ငှက်အဘိုးကြီးတွေပေါ့။

"ကောင်းကင်ဆိုတာ အတိုင်းအဆမရှိဘူးကွ။ အတိုင်းအဆမရှိတဲ့ ကောင်းကင်ကြီးကို ကူးခတ်ဖို့ ကြိုးစားတယ်ဆိုတာ ရူးမိုက်တာပဲ။ ခက်တယ်ကွာ။ ငါသာ တန်ခိုးရှင်ဆိုရင်တော့ မင်း အမြန်ဆုံးရောက်အောင် မိုးနဲ့မြေအကွာအဝေကို ကျဉ်းပေးလိုက်ပါတယ်"

အဲလိုစကားတွေကြားတော့ စင်ရော်လေးက မထိတထိပြုံးတယ်။

"ကျဉ်းပေးဖို့ မလိုပါဘူးဗျာ။ ကျွန်တော့်ကိုယ်ကျွန်တော် ကျယ်ပစ်လိုက်မှာပေါ့"

ငှက်အဘိုးအိုကြီး ဘာမှဆက်မပြောတော့ပါဘူး။ စင်ရော်လေးက 'ဟက်' ခနဲရယ်ပြီး ကောင်းကင်ပေါ် ပျံတက်သွားတယ်။ ပြီးတော့ တစ်ခွန်းပြောသွားသေးတယ်။

"ကျွန်တော် မထူးခြားသေးပါဘူး။ ဒါပေမဲ့ မထူးခင်ကတည်းက အခု ခင်ဗျားတို့ ကျွန်တော့်ကို ငေးကြည့်နေရပြီမလား"

တကယ်လည်း သူတို့တွေ စင်ရော်လေးပျံတက်သွားတာကို ငေးကြည့်နေကြတယ်။

တစ်နေ့မှာတော့ စင်ရော်ငယ်လေး အမောဖြေနေတုန်း လူကြီးတစ်ယောက် သူ့နားရောက်လာတယ်။ သစ်ပင်ရိပ်အောက်တွေ၊ တောင်ထွတ်ရဲ့ သဘာဝလိုဏ်ဂူလေးတွေထဲမှာ ကျင့်စဉ်ကျင့်နေတဲ့ ပုဂ္ဂိုလ်ကြီးပါ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ ဖွာလန်ကြဲပြီး ဆံပင်အရှည်ကြီးနဲ့။ စင်ရော်လေးက သူ့နားရောက်လာတဲ့ ပုဂ္ဂိုလ်ကြီးကို အရင်နှုတ်ဆက်လိုက်ပါတယ်"



"နေကောင်းရဲ့လားဗျ"

"အေး . . . အေး . . . ကောင်းပါတယ်ကွယ်။ အစကတော့ ဦးဒီအတိုင်း စောင့်ကြည့်ဦးမလို့ပဲ။ ဒါပေမဲ့ မင်းရဲ့စွမ်းအားတွေ အလကားကုန်ဆုံးပြီး ပန်းတိုင်ကု တော်ဘော်နဲ့မရောက်မှာစိုးလို့ လာသတိပေးတာ"

ဒီလိုစကားကြားရတော့ စင်ရော်လေး စိတ်ဝင်စားသွားတယ်။ အခုလိုအချိန်မှာ ဘာပဲပြောပြော သူ့အတွက် အကူအညီပဲဖြစ်ဖြစ်၊ ဆုံးမစကားပဲဖြစ်ဖြစ် လိုအပ်နေတယ်လေ။ ဒါနဲ့ ငြိမ်ပြီးနားထောင်နေလိုက်တော့ . . .

"မင်းက အရမ်းကြိုးစားတယ်။ ဒါပေမဲ့ မင်းရဲ့ကြိုးစားမှုမှာ တိကျမှုလိုနေတယ်"

စင်ရော်လေး နားမလည်ပါဘူး။ ဒါနဲ့ပဲ တိတ်တိတ်လေးငြိမ်နေလိုက်တော့ လူကြီးက ရှည်လျားလှပြီဖြစ်တဲ့ သူ့ရဲ့မုတ်ဆိတ်မွေးကြီးကိုပွတ်ရင်း . . .

"ဒီလိုကွ . . . ။ သဘာဝလောကကြီးက သူ့အချိုးအစားနဲ့ သူ တိကျနေတယ်။ ကောင်းကင်က နေ၊ လ၊ နက္ခတ်တာရာတွေကလည်း သူ့လမ်းကြောင်း သူ့ပတ်လမ်းနဲ့ သူ တိတိကျကျ လှည့်လည်နေကြတယ်။

သစ်ပင်ပန်းမန်တွေဟာလည်း သူ့အချိန်နဲ့သူ တိတိကျကျ သီးပွင့်ကြတယ်။ တိရစ္ဆာန်တွေ၊ မင်းတို့လို ကျေးငှက်သာရကာတွေ၊ ငါတို့လို လူတွေကလည်း အချိန်မှန် နိုးထတယ်။ အစာစားတယ်၊ အစာရှာတယ် . . . သံဝါသပြုတယ်။ အိပ်တန်းတက်တယ်၊ အိပ်ရာဝင်ကြတယ်။ ဒါတွေဟာ လွဲမှားစရာမရှိတဲ့ တိကျမှုတွေပဲ။ ဆိုလိုတာက ဒါက သဘာဝလောကကြီးရဲ့ အချိန်တိကျမှုကို ဖော်ပြနေတာမဟုတ်ဘူးလား။

အဲဒါကြောင့် လောကသဘာဝကို မဆန့်ကျင်ရဘူး။ သူ့အတိုင်းပဲ အချိန်တိကျဖို့လိုတယ်။ အခု မင်းမှာလိုအပ်နေတာက အချိန်တိကျမှုပဲ"

"ကျွန်တော် ဘယ်လိုအချိန်တိကျရမှာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

စင်ရော်လေးက အမှားတစ်ခု လုပ်မိသွားသလို အသံငယ်လေးနဲ့မေးတော့ . . .

"အလုပ်ချိန် တိကျရမယ်။ အခု မင်းက တောင်ထွက်ပေါ်ရောက်တာနဲ့ ပျံချင်တဲ့အချိန် ပျံတတ်တယ်။ နားချင်တဲ့အချိန် နားတယ်။ အဲလို လုပ်လို့ မရဘူး။ မင်းရဲ့စတင်ပျံသန်းချိန်ကို အချိန်တိတိကျကျ သတ်မှတ်ရမယ်။

ပြီးတော့ မင်းရဲ့ အမြင့်ဆုံးရောက်မှတ်ကိုလည်း စိတ်ထဲမှာ တိတိကျကျ မှတ်သားခဲ့ရမယ်။ အောက်ပြန်ရောက်ပြီးမှ တစ်နေ့တာအတွက် နောက်တစ်ခါ ပျံသန်းချိန် ထပ်သတ်မှတ်ရင်လည်း သတ်မှတ်၊ မသတ်မှတ်ရင်လည်း နောက်တစ်နေ့မှာ အရင်သတ်မှတ်ထားတဲ့ အချိန်အတိုင်း တိတိကျကျ အလုပ်ကို စတင်ရမယ်။

ပြီးတော့ အရင်မင်းရောက်ရှိခဲ့တဲ့ ရောက်မှတ်ထက်သာလွန်အောင် ပျံသန်းရမယ်။ အဲဒီတော့မှ မင်းရဲ့ကြိုးစားမှုတွေ အလကားမဖြစ်မှာပေါ့"

ပုဂ္ဂိုလ်ကြီးရဲ့စကားကို နားထောင်ပြီး စင်ရော်လေးခင်ဗျာ အရင်သူဖြုန်းတီးခဲ့တဲ့ အချိန်တွေ၊ စွမ်းအားတွေအတွက် နှမြောတသဖြစ်လာတယ်။ ဒါပေမဲ့လည်း မတတ်နိုင်တော့ဘူးလေ။ ဒါကြောင့် ခေါင်းကို လေးလေးနက်နက်ညိတ်ပြီး . . .

"ဟုတ်ကဲ့ပါ။ အခုအချိန်ကစပြီး ကျွန်တော် အဲဒီအတိုင်း ကြိုးစားတော့မယ်"

"နေဦးကွ . . . ကျန်သေးတယ်။ အချိန်တိကျရုံနဲ့ မပြီးသေးဘူး။ နေရာတိကျဖို့လည်း လိုသေးတယ်။ ရှင်းအောင်ပြောရရင် ပန်းတိုင်တိကျဖို့ပေါ့ကွာ"

"ဟာ . . . ကျွန်တော့်ပန်းတိုင်က တိကျပြီးသားပဲ။ ကောင်းကင်ကြီးက ကျွန်တော့်ရဲ့ပန်းတိုင်ပဲလေ"

စင်ရော်လေး၏ အားတက်သရော စကားကိုကြားတော့ ထွက်ရာပေါက် ပုဂ္ဂိုလ်ကြီးက အပြုံးတစ်ခုနဲ့ ခေါင်းကိုယမ်းကာ . . .



"ကောင်းကင်ကြီးက မင်းရဲ့ပန်းတိုင်တော့ ဟုတ်ပါပြီ။ ဘယ်ကောင်းကင်က မင်းရဲ့ပန်းတိုင်လဲ။ မင်းခေါင်းပေါ်တည့်တည့်က ကောင်းကင်က မင်းရဲ့ပန်းတိုင်လား၊ ဒါမှမဟုတ် ငါ့ခေါင်းပေါ်က ကောင်းကင်က မင်းရဲ့ပန်းတိုင်လား၊ ဒီမှာ ကောင်းကင်ဆိုတာ အတိုင်းအဆမရှိဘူး။ အတိုင်းအဆမရှိတဲ့ကောင်းကင်ကို ပန်းတိုင်လို့သဘောထားရင်း မင်းရဲ့ကြိုးစားအားထုတ်မှုတွေကလည်း အတိုင်းအဆမရှိ ဖြစ်သွားလိမ့်မယ်"

မင်းကတော့ မင်းရဲ့ခေါင်းပေါ်မှာရှိတဲ့ ကောင်းကင်ကို ဦးတည်ပြီး ပျံသန်းတာပဲ။ ဒါပေမဲ့ လေတိုက်နှုန်းကြောင့်ပဲဖြစ်ဖြစ်၊ လမ်းကြောင်းမှားလို့ပဲဖြစ်ဖြစ် ဦးတည်ချက်ရွေ့ပြီး တခြားနေရာရောက်သွားရင် ပန်းတိုင်နဲ့မင်း ဝေးသွားမှာပေါ့။ မြင်နေရတာကတော့ ကောင်းကင်ပဲလေ။ ဒါပေမဲ့ မင်း မူလဦးတည်ပျံသန်းတဲ့ ကောင်းကင်မဟုတ်တော့ဘူး။ မူလလမ်းကြောင်းက သွေဖယ်သွားတဲ့ ကောင်းကင်ဖြစ်သွားပြီ။ အဲတော့ ပိုဆေးသွားသလို မင်းလည်း ပိုပင်ပန်းလိမ့်မယ်"

စင်ရော်လေးကတော့ အပေါ်ကို မော့ကြည့်ပြီးတော့သာ ငြိမ်နေတော့တယ်။ လူပုဂ္ဂိုလ်ကြီးပြောတဲ့စကားတွေ ဟုတ်မဟုတ် ချင့်ချိန်နေပုံပါပဲ။

ဟုတ်မှာပါ။ သူ့ရဲ့ပန်းတိုင်က ကောင်းကင်ဆိုတာကလွဲပြီး တခြား ဘာသတ်မှတ်ချက်မှမရှိတာပဲ။ တည့်တည့်ထိုးတက်တဲ့အခါ တက်သွားတယ်။ တည့်တည့်တက်သွားရာကနေ လမ်းကြောင်းမရှိတော့ ဆားကိုသွေဖယ်တဲ့အခါ သွေဖယ်သွားတယ်။ အဲဒီတော့ ပုဂ္ဂိုလ်ကြီးပြောသလို ပန်းတိုင်နဲ့ပိုဝေးပြီး ပိုပင်ပန်းတာပေါ့။

"မင်းကို တစ်ခုပြောမယ်။ မင်းခေါင်းတည့်တည့်မှာရှိတဲ့ ကောင်းကင်ပြာပြာကြီးကို သေချာကြည့်။ အဲဒီကောင်းကင်မှာ မျက်စိနဲ့ အမှတ်တစ်ခုလို သေချာမှတ်။ လုံးဝစွဲသွားအောင် ဘယ်လိုဖျက်ဖျက် မပျက်အောင်၊ မိုးပဲရွာပါစေ၊ လေပဲတိုက်ပါစေ မပျက်အောင်မှတ်။

ပြီးရင် စိတ်ထဲကနေပြီးတော့ အဲဒီအမှတ်ရောက်အောင် မျဉ်းဖြောင့်တစ်ကြောင်းဆွဲ။ ဆွဲပြီးသွားရင်တော့ အဲဒီမျဉ်းဖြောင့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကို ပျံတက်သွားပေတော့။ မင်းရဲ့ပန်းတိုင်ကို လုံးဝ ရောက်သွားလိမ့်မယ်"

ပုဂ္ဂိုလ်ကြီး၏ စကားဆုံးတော့ စင်ရော်လေးခင်ဗျာ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထသွားတယ်လို့ ထင်မိတယ်။ ဒါ အောင်မြင်ရေးလမ်းကြောင်းတစ်ခုပါပဲ။

"သွားတာကသွားနေပြီး ဘယ်သွားမှန်း မသိတာကြီးကတော့ ဆိုးရွားလွန်းတာပေါ့ကွာ မဟုတ်ဘူးလား။ အဲဒီတော့ နေရာတိကျဖို့၊ ပန်းတိုင်တိကျဖို့ လိုတယ်။ နောက်တစ်ခုကတော့ စိတ်ဓာတ်တိကျဖို့ပေါ့"

စကားကိုရပ်ပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးက စင်ရော်လေးကို သေချာကြည့်တယ်။

"စိတ်ဓာတ်တိကျမှုကတော့ မင်းမှာရှိပြီးသားလို့ ငါယုံပါတယ်"

"အဲဒါ ကျွန်တော့်မှာ ရှိပြီးသားပါ။ တစ်နေ့မှာ ကျွန်တော်ကိုယ်တိုင် ချမှတ်ထားတဲ့ ကျွန်တော့်ရဲ့ပန်းတိုင်ကို ကျွန်တော်ရောက်ပြီး ကောင်းကင်ရဲ့ အမြင့်ဆုံးနေရာမှာ ဝဲပျံနိုင်လိမ့်မယ်လို့ ယုံနေတယ်"

ပြောပြောပြီးချင်းမှာပဲ စင်ရော်လေးဟာ လေထက်မြန်သောအရှိန်နဲ့ ကောင်းကင်ပေါ် ထိုးတက်ပျံသန်းသွားတယ်တဲ့။

"အမှန်အတိုင်းပြောရရင်တော့ ပုံပြင်လေးက ဒီနေရာမှာပဲ ပြီးသွားတယ်"

ပုံပြင်ဆုံးလျှင် ဖြစ်နေကျအတိုင်းပဲ နားထောင်သူ အေးစုကြည်နှင့် သက်သက်လင်းတို့မှာ ပိုးကဗျာအား ပြိုင်တူ ဝိုင်းကြည့်ကြပါ၏။ ပိုးကဗျာကတော့ မတုန်မလှုပ်ပုံစံဖြင့်သာ ဝေဖြိုးအား ကြည့်နေသည်။ ပြီးတော့ . . .

"ဒါပေမဲ့ ကျွန်မတစ်ခုလောက် ရှင့်ကို မေးချင်တယ်။ ရမလား"

"မေးလေ . . . ကျွန်တော်ဖြေနိုင်လောက်တဲ့ မေးခွန်းမျိုးဆိုရင်တော့ အေးဆေးပါပဲ"

"ပုံပြင်ထဲက စင်ရော်ငှက်လေး သူ့ရဲ့ရည်ရွယ်ချက်အတိုင်း ကောင်းကင်အမြင့်ကြီးဆီကို ရောက်သွားလား"



ဝေဖြိုး အတန်ငယ်စဉ်းစားသယောင် မျက်မှောင်ကြုတ်သွားသည်။ သို့ပေမဲ့ သိပ်မကြာလိုက် . . .

"ရောက်သွားမှာပါ။ ကျွန်တော်ကတော့ စင်ရော်ငှက်လေး သေချာရောက်သွားလိမ့်မယ်လို့ ယုံကြည်နေတယ်။ တကယ်တော့ စိတ်ဆိုတာ တန်ခိုးရှင်တစ်မျိုးပဲ။ လူ့ရဲ့ခန္ဓာစွမ်းက လုပ်မပေးနိုင်သမျှကို စိတ်ကလုပ်ပေးနိုင်တယ်။

အခုလည်း စင်ရော်လေးရဲ့စိတ်ဓာတ်က အရမ်းပြင်းထန်နေတော့ သေချာပါတယ်။ သူရောက်သွားမှာပါ။ ရောက်ဖို့မစွမ်းရင်တောင် အရမ်းပြင်းထန်တဲ့ သူ့ရဲ့စိတ်စွမ်းအင်ကြောင့် ကောင်းကင်ကြီးက သူ့ကို ငုံ့စင်းပေးလိမ့်မယ်"

စကားအဆုံး နားထောင်နေသူအားလုံးမှာ ဝေဖြိုးအား ဝိုင်းကြည့်မိသွားကြလေသည်။ အကုန်လုံး၏ ရင်ထဲမှာလည်း ကြက်သီးတွေ ဖြိုးဖြိုးဖျင်းဖျင်း။ ဒါပေမဲ့ . . .

"ကျွန်တော် အတန်းတက်ဖို့ရှိသေးလို့ သွားလိုက်ပါဦးမယ်။ မနက်ဖြန်လည်း ဒီနေရာကို စက်စက်ရောက်အောင် လာခဲ့မှာပါ"

ထို့နောက်မှာတော့ အပြုံးတစ်ခုကို ဖြန့်ကျက်အသုံးပြုရင်း ထိုင်နေရာမှ ထထွက်သွားလေသည်။

ဒါပေမဲ့ ပိုးကဗျာရင်ထဲမှာတော့ အရင်နေ့တွေနှင့်မတူသည့် ခံစားမှုတစ်ခုက ထူးထူးခြားခြား ဖြစ်ပျက်သွားခဲ့သည်။

အဲဒါက . . .



www.burmeseclassic.com

www.burmeseclassic.com

# X

RCခုံတန်းရှည်ပေါ်တွင် အရှည်ကြီးနှင့် မစန္ဒာဆိုသော အသားမည်းမည်းကျောင်းသူတစ်ယောက် ပြဿနာတက်နေသည်။ အရှည်ကြီးက ခုံပေါ်ထိုင်ရင်း နားမလည်မှုမျက်ဝန်းတွေနှင့် ကြောင်ကြောင်ကြီးကြည့်နေသလောက် မစန္ဒာဆိုသော ကျောင်းသူကတော့ ထမင်းချိုင့်ကို အရှည်ကြီးရှေ့ စားပွဲပေါ်စောင့်ချရင်း ခါးထောက်ကာ ရန်တွေ့နေသည်။

ထိုအချင်းအရာကို RCတွင်းမှ ချောင်းကြည့်၍ ရယ်နေသူတစ်ယောက်ရှိပါ၏။ သူက မိုးတိမ်။

"နင် . . . ဒါ ဘာအချိုးချိုးတာလဲ။ နင့်လိုကောင်မျိုးကများ ငါ့ကို အသည်းလေးလေး ဘာလေးနဲ့ မရှက်ဘူးလား။ ဗိုက်ဆာရင် သွားတောင်းစားချည်။ နင်လို ကလန်ကလားကို ခွံ့ကျွေးမယ့်အစား ခွေးကိုပုံကျွေးလိုက်မယ်"

ပထမတော့ အရှည်ကြီးမှာ ကြောင်အမ်းအမ်းဖြစ်နေသေးသည်။ အလွတ်ကြီး လာဖြဲသည်ကိုး။

ပြီးတော့လည်း တိုးတိုးသက်သာမဟုတ်။ RCမှာ ထိုင်နေသူတွေပင်မဟုတ်၊ ရှေ့လမ်းမပေါ် သွားနေသူတွေပါ ကွက်ကြည့်ကွက်ကြည့်ကြည့်ကုန်တော့မှ အရှည်ကြီး သတိဝင်သွားကာ . . .



"ဘာတွေလာပြောနေတာလဲ။ နင် ရူးနေလားကုလားမ။ ငါ ဘာသာထိုင်နေတာ နင်ပြောနေတာတွေ ငါဘာတစ်ခုမှ မသိဘူး။ ဇာတ်လမ်းလာမရှာနဲ့"

"ဘာဖြစ်တယ်"

မစန္ဒာ၏အသံမှာ ပါိန်းသွားသည်။ အရင်ကတည်းက အသားမည်းသူမို့ ကုလားမဟုခေါ်လျှင် ဆတ်ဆတ်ခါအောင် နာသူဖြစ်သည်။ အရှည်ကြီးကလည်း ဘလိုင်းကြီး ရန်တွေ့ခံရသည်မို့ စိတ်ချဉ်ပေါက်ပေါက်နှင့် ပြောလိုက်ကာမှ ပိုဆိုးကုန်တော့၏။

"အောင်မာ . . . စာခြောက်ရုပ်အဖေခေါ်ရတဲ့ ကောင်ကများ ငါ့ကို ကုလားမ လာခေါ်နေသေးတယ်။ နင်ကရော ဘယ်လောက်ဖြူလို့လဲ"

"တစ်ကျောင်းလုံးကို လိုက်မေးကြည့်။ နင့်ထက်တော့ ဖြူတယ်"

"ဘာ . . . "

"ရုပ်ကိုကြည့် . . . နင်လို မည်းမည်းသည်းသည်းဆိုက ထမင်းတောင်းစားမယ့်ရုပ်လား။ စားစရာမရှိရင် နင်ပြောသလိုပဲ လိုက်တောင်းစားလိုက်မယ်။ ဝေးလွန်းလို့။ စိတ်ထဲမှာ ကြိတ်ပြီး အခေါ်ခံချင်တိုင်းလာပြောမနေနဲ့။ နင့်ကို ငါမပြောနဲ့ ဟိုအပင်အောက်က မုန့်ရောင်းနေတဲ့ ကောင်လေးတောင် အသည်းလေးမခေါ်ဘူး"

"ဘာ . . . "

အသံက ကြောက်ခမန်းလိလိ ဟိန်းထွက်သွားလေသည်။ မျက်နှာပြင်အနေအထားကတော့ ပြောပြဖို့ပင် မလိုတော့ပါ။ အချိန်မရွေးပေါက်ကွဲတော့မည့် မီးတောင်ကြီးလို။

ပြီးတော့မှ အံကိုကြိတ်ကာ ကီးတစ်ချက်သွင်းရင်း . . .

"နင် . . . နင် . . . "

ရန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်သည်။ ဆွဲသူကဆွဲ၊ တားသူကတား၊ အော်သူက အော်နှင့် RCမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ပါသည်။ ခဏကြာတော့ မစန္ဒာအားဆွဲရင်း မိန်းကလေးတချို့ RCထဲမှ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ အရှည်ကြီးလည်း တောက်တစ်ချက်ခေါက်ရင်း ခြေဦးတည့်ရာ ထွက်သွားသည်။

RC ကတော့ ဘာမှမဖြစ်ခဲ့သလို သက်ပြင်းတစ်ချက်ကို ခိုးချရင်း တိတ်တိတ်ဆိတ်ဆိတ်။ သို့ပေမဲ့ . . .

"မိုးတိမ် . . . အဲဒါ နင့်လက်ချက်မလား"

"ဟင် . . . "

အနီးကပ်ကြားလိုက်ရသည့် အသံကြောင့် မိုးတိမ်လန့်ကာ မော့ကြည့်မိတော့ အေးစုကြည်။ တရားခံဖမ်းသလို မျက်နှာပေးဖြင့် ခပ်မဲ့မဲ့ ပြုံးရင်း ရပ်ကြည့်နေသည်။

"နင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူမှ ပြောစရာမလိုပါဘူး။ ငါ အစအဆုံး မြင်လိုက်တာပဲ။ သူတို့နှစ်ယောက်လုံး ရန်သာဖြစ်နေကြတယ် ဘာကြောင့်ဖြစ်ရတယ်ဆိုတာ သေသေချာချာမှမသိတာပဲ။ အဲဒီအချိန်မှာ နင်က ကျေနပ်သလို ပြုံးကြည့်နေတော့ နင်လုပ်တာပဲဖြစ်မှာပေါ့"

"ဘာလို့ အဲလိုထင်တာလဲ"

"ဒါမျိုးလုပ်တတ်တာ နင်ပဲရှိတယ်လေ"

မိုးတိမ် မငြင်းတော့ပါ။ ခပ်တည်တည်ပင် ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

"ဘာလို့ အဲလိုလုပ်ရတာလဲ"

"ဒါ ငါတို့သုံးယောက်ကြားထဲမှာ ထုံးစံပဲလေ။ ညံ့တဲ့လူ ခံရမှာပဲ။ မနက်က ငါညံ့လို့ သူတို့နှစ်ယောက်စားထားတာ ရှင်းလိုက်ရတယ်။ အခု သူညံ့လို့ ငါစားတာခံရတယ်။ ဒါပဲလေ"

အေးစုကြည် ကြောင်တောင်တောင်ဖြင့် သူ့ကိုကြည့်နေသည်။ ပြီး အံ့ဩသလို အမူအရာဖြင့် . . .

"နင်ခံရတာရော ရှိသေးလို့လား"

"မနက်ကတင်ပဲ"

"ဆိုစမ်းပါဦး"



"မနက်က သုံးယောက်သား စားသောက်ပြီးသွားတော့ တစ်ယောက်က အိမ်သာသွားမလို့ဆို ထသွားတယ်။ တစ်ယောက်က ကွမ်းယာထွက်ဝယ်မလို့ဆိုပြီးသွားတာ နှစ်ယောက်စလုံး ပြန်မလာကြတော့ဘူး။ အဲဒါ စားထားသမျှ ငါ အကုန်ရှင်းလိုက်ရတယ်။ အခု ငါ့အလှည့်ပေါ့"

"အခု နင်ဘယ်လိုလုပ်လိုက်တာလဲ"

အေးစုကြည်က စိတ်ဝင်စားသလိုမေးတော့ မိုးတိမ်တစ်ယောက် ဟက်ဟက်ပက်ပက်ပြုံးရင်း ဖြေလိုက်သည်။

"ငါ ဒီ RC ထဲမှာထိုင်နေတုန်း ကလေးလေးတစ်ယောက် မုန့်ဖိုးလာတောင်းတယ်။ ကံကောင်းချင်တော့ အပြင်မှာ အရှည်ကြီးနဲ့ ချမ်းမြေ့သွင် ထိုင်နေတယ်။ ဟိုထောင့်မှာက မစန္ဒာ ထမင်းချိုင့်ဖွင့်ပြီး စားနေတယ်။

သူတို့နှစ်ယောက် အရင်ကတည်းက မတည့်ဘူးဆိုတာ နင်လည်း သိတာပဲ။ ငါအထဲမှာရှိနေတာကို သူတို့ မသိကြဘူး။ အဲဒါနဲ့ပဲ မစန္ဒာကိုပြပြီး ကလေးလေးကို သွားပြောခိုင်းလိုက်တယ်။ 'ကိုကိုလည်း ထမင်းဆာနေပြီ၊ အသည်းလေး လာခွံ့ကျွေးပါဦး' လို့။

ပြီးတော့ ဘယ်သူပြောခိုင်းတာလဲလို့ မေးရင် ဟိုမှာထိုင်နေတဲ့ အစ်ကိုကြီးကလို့ပြောဆိုပြီး လွှတ်ပေးလိုက်တာ။ ပြီးရင် မင်းလည်း တစ်ခါတည်းလစ်တော့လို့ မှာပြီး မုန့်ဖိုးပေးလိုက်တယ်"

"ဪ . . . "

ရယ်ချင်ပက်ကျိမျက်နှာပေးဖြင့် အသံကိုပြုရင်း သူ့လက်မောင်းကို လှမ်းရိုက်ကာ . . .

"နင်ကတော့လေ . . . "

မိုးတိမ် ပြုံး၍သာ နေမိပါတော့သည်။ သူတို့သုံးယောက်ကြားထဲမှာတော့ ဒီလောက်က ဘာမှမဟုတ်သော ပါးပါးလေးပင်။ ထိုစဉ်မှာပဲ မိုးတိမ်တစ်ခုခုကို သတိရသွားပြီး . . .

"ဒါနဲ့နေပါဦး . . . နင်ကရော အတန်းမတက်ဘဲ ဒီကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ဟုတ်သားပဲ၊ စကားပြောနေတာနဲ့ လာရင်းကိစ္စမေ့သွားတယ်။ နင့်ကိုလာရှာတာ"

"ငါ့ကို . . . "

"အေး"

"ဘာလုပ်ဖို့လဲ"

"ငါလည်းမသိဘူး။ ကဗျာ လိုက်ရှာခိုင်းလို့။ သူလည်း အခုနင်ရှိတတ်မယ့်နေရာတွေကို လိုက်ရှာနေတယ်"

မိုးတိမ် မျက်မှောက်ကြုတ်မိသွားလေသည်။ ဘာများ အရေးကြီးနေလို့လဲ။ ဒါပေမဲ့ . . .

"အဲဒါဆို ပြောလိုက်လေ၊ ငါဒီမှာရှိနေတယ်လို့"

"ဟာ . . . မဟုတ်ဘူးလေဟာ။ အခု ငါနဲ့တစ်ခါတည်း လိုက်ခဲ့လေ"

"နီး . . . နီး . . . သူက တွေ့ချင်တာလေ။ ငါက တွေ့ချင်တာမှမဟုတ်တာ။ အဲတော့ ငါရှိမယ့်နေရာ သူလာရမှာပေါ့"

သူ့စကားကြောင့် အေးစုကြည် စုတ်တစ်ချက်သပ်ကာ ခေါင်းကိုယမ်းသည်။ ပြီးတော့ . . .

"နင်ကတော့ တကယ်ပဲ"

မိုးတိမ်ကတော့ ထိုင်နေရာခုံတန်းရှည်ကို လွယ်အိတ်ဖြင့် နှစ်ခါသုံးခါကောက်ပွတ်ရင်း . . .

"ကဲ . . . သွားတော့။ ငါတစ်ရေးလောက်အိပ်လိုက်ဦးမယ်"

ပြီးနောက် ခပ်တည်တည်ပဲ လှဲချလိုက်လေသည်။ အေးစုကြည်ကတော့ လက်လန်တယ်ဟူသည့်သဘော လက်ကိုခါရင်း RCထဲမှ ခပ်တောက်ဆတ်တောက် ထွက်သွားပါ၏။

• • •

"ဟဲ့ . . . ကာလနဂါး . . . ထဦး"

လက်ကို ခပ်ဆတ်ဆတ် လှုပ်ဆွဲလိုက်သည်ကြောင့် မိုးတိမ်မျက်လုံးတို့ပွင့်သွားသည်။ ပေါ်လာသည်က သူ့ကိုမိုးကြည့်နေသော အေးစုကြည်နှင့် ပိုးကဗျာတို့၏ မျက်နှာ။

မကောင်းတတ်သည်မို့ မျက်လုံးကို တစ်ချက်ပွတ်ရင်း ထထိုင်လိုက်ရပါသည်။ အရင်ပါလာနေကျ သက်သက်လင်းကိုတော့ မတွေ့ရ။

သိပါသည်၊ ပိုးကဗျာ၏ အရေးတကြီးကိစ္စမှာ ဝေဖြိုး၏ပုံပြင်တွေမှလွဲ၍ ကျန်တာဖြစ်နိုင်ပါမည်လား။ ထို့ကြောင့် သူကပင် အရင်စမေးလိုက်သည်။

"ဝေဖြိုးနဲ့ပတ်သက်ပြီး ငါ ဘာထပ်စုံစမ်းပေးရဦးမှာလဲ"

"မဟုတ်ဘူး . . . ။ ဝေဖြိုးအပေါ် ငါသံသယ နည်းနည်းရှိလာလို့"

မိုးတိမ်မျက်လုံးတို့ ခဏတာ တည်တံ့သွားလေသည်။ ပြီးတော့တစ်လုံးချင်းပဲ မေးလိုက်သည်။

"ဘာသံသယဖြစ်လို့လဲ"

"နှစ်ခုရှိတယ်။ ပထမတစ်ခုက ဝေဖြိုးငါ့ကို ပုံပြင်လာပြောတာအရင်လူတွေနဲ့မတူတဲ့ ရည်ရွယ်ချက်တစ်ခုနဲ့ လာပြောတာ"

မျက်လုံးလှန်ကြည့်လိုက်တော့ ပိုးကဗျာနှင့် အကြည့်ချင်း ခလုတ်တိုက်သွားသည်။

"ဟုတ်တယ်။ ဝေဖြိုးငါ့ဆီရောက်လာတာ ရည်ရွယ်ချက်တစ်ခုရှိတယ်။ အရင်လူတွေလို ငါ့ကို စိတ်ဝင်စားလို့ ရောက်လာတာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"အရင်ပုံလာပြောသူတွေအားလုံးနဲ့ မတူတဲ့အရောင်တစ်ခု သူ့မျက်လုံးမှာ တွေ့ရလို့။ ပြီးတော့ ပုံပြောတာကလွဲပြီး သူငါ့ကို အပိုစကားမပြောဘူး။ နင့်ရှေ့မှာပေမယ့် ငါပြောလိုက်မယ်။ ငါတို့မိန်းကလေးတွေဆိုတာက ကိုယ့်ကို ယောကျ်ားလေးတစ်ယောက် စိတ်ဝင်စားတယ်၊ မဝင်စားဘူးကို တစ်ကြိမ်နှစ်ကြိမ်တွေ့ရုံနဲ့ ခွဲခြားသိနိုင်တယ်။ အဲဒီထဲမှာ ဝေဖြိုးမပါဘူး။ ဒါကို ငါတင်မဟုတ်ဘူး၊ မိစုနဲ့ သက်သက်တို့တောင် ရိပ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ ငါက ဝေဖြိုးဘာရည်ရွယ်ချက်နဲ့ နင့်ဆီရောက်လာတယ်ဆိုတာကို စုံစမ်းပေးရမှာလား"

"မဟုတ်ဘူး . . . ငါဘာလုပ်ရမလဲမသိလို့ လာတိုင်ပင်တာ"

မိုးတိမ် တိတ်တဆိတ် ငြိမ်သက်သွားသည်။ သူလည်း ဘာလုပ်ရမလဲမသိပါ။ ပိုးကဗျာပြောပုံအရဆိုရင်တော့ ဝေဖြိုးမှာ ရည်ရွယ်ချက်တစ်ခုရှိတာ ဖြစ်လောက်သည်။ ဒါပေမဲ့ ထိုအရာကို စုံစမ်းဖို့မှာ လွယ်ကူသည့်ကိစ္စမဟုတ်။ မိုးတိမ် ငြိမ်သက်စဉ်းစားနေရာမှာ သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီး . . .

"နောက်တစ်ခုကရော . . . "

"နောက်တစ်ခုကတော့ အရင်ကတည်းက ငါ့စိတ်ထဲမှာဖြစ်နေတဲ့ သံသယပဲ။ ဒီပုံပြင်တွေ ဝေဖြိုးသိနေတာကို လက်မခံနိုင်ဘူးဖြစ်နေတယ်"

မိုးတိမ် တစ်ခုခုပြောရန် ဟန်ပြင်လိုက်ပေမဲ့ ပိုးကဗျာ လက်ကာပြသည်ကြောင့် ငြိမ်နေလိုက်တော့ . . .

"ငါပြောပြမယ် . . . သေချာနားထောင်။ ဒီပုံပြင်တွေအားလုံးကို ငါ ဆရာတစ်ယောက်ဆီက သိခဲ့တာ"

ပိုးကဗျာ၏ အစပျိုးမှုစကားနောက်မှာ မိုးတိမ်နှင့် အေးစုကြည် နှစ်ယောက်လုံး စိတ်ဝင်စားသွားရတော့သည်။ ဒါသူတို့ အရမ်းသိချင်နေသော ယခုဇာတ်လမ်းတစ်ခုလုံး၏ စတင်ရာပင် မဟုတ်ပါလား။

"တကယ်တမ်းပြောရရင်တော့ ပုံပြင်ကို ငါ ဟိုးငယ်ငယ်လေးကတည်းက စကြိုက်ခဲ့တာ။ ကလေးဘဝတစ်လျှောက်လုံး မေမေက အိပ်ရာဝင်ချိန်တိုင်း ငါနဲ့ငါ့အစ်မကို ပုံပြင်လေးတွေ ပြောပြောပြပြီး သိပ်တတ်တယ်။ အိပ်ရာဝင်ပုံပြင်လေးတွေပေါ့"

ငယ်ငယ်တုန်းကဆို မေမေပုံပြောမပြတဲ့ည မရှိသလောက်ပဲ။ မပြောရင်လည်း ငါတို့ကကို မနေနိုင်လို့ မေမေ့ကို ပြောပြခိုင်းတတ်တယ်။ ဒါပေမဲ့ မေမေပြောပြတဲ့ပုံပြင်က အများကြီးမဟုတ်ပါဘူး။ လေး၊ ငါး၊ ခြောက်ပုဒ်လောက်ပဲ နားထောင်ပြီးသားပဲဖြစ်ဖြစ်၊ ပုံပြင်နားထောင်ရရင်း



ကို ပျော်နေတာ။

ပုံပြင်စစွဲခဲ့တာ အဲဒီအရွယ်ကတည်းကပေါ့။

တခြားမိဘတွေလည်း သူ့တို့သားသမီးတွေကို ငါတို့လို အိပ်ရာဝင်ပုံပြင်တွေ ပြောပြကြမှာပဲ။ ဒါပေမဲ့ ငါတို့လောက် ပုံပြင်ကို စွဲလမ်းကြမှာမဟုတ်ဘူး။ ဗီဇလို့ပဲ ပြောရမလား၊ ဝါသနာလို့ပဲ ပြောရမလားပဲ။

ပိုဆိုးသွားတာကတော့ ငါ မူလတန်းတက်စအရွယ်ကပေါ့။ မေမေက ငါတို့ညီအစ်မနှစ်ယောက်အတွက် အိမ်မှာ ကျူရှင်ဆရာတစ်ယောက် ငှားပေးတယ်။ အခုပုံပြင်တွေက အဲဒီကျူရှင်ဆရာဆီက သိခဲ့ရတာပဲ။ ဆရာရဲ့နာမည်က ဦးထွန်းမြတ်တဲ့"

ပိုးကဗျာ စကားကိုခဏရပ်တော့ နှစ်ဦးစလုံးက စိတ်ဝင်တစားသူမစကားကို နားထောင်နေသည်။

"ဆရာက စာသင်ပြီးလို့ အချိန်အားနေသေးရင် ငါတို့ကို အခုလို ပုံပြင်ဆန်းဆန်းလေးတွေ ပြောပြတယ်။ အရင်ကတည်းက ပုံပြင်ဆို အရူးအမူးဆိုတော့ ဆရာပြောပြတဲ့ပုံပြင်တွေကို အရမ်းကြိုက်တာပဲ။

ဒါပေမဲ့ ဆရာက သူစိတ်ပါမှပြောတာ။ သူပြောပြချင်စိတ်မရှိရင် ငါတို့ဘယ်လောက်ပြောခိုင်းခိုင်း မပြောဘူး။ ပြီးတော့ ပုံပြင်တစ်ပုဒ်ပြီးသွားရင်လည်း အဲဒီပုံပြင်နဲ့ပတ်သက်တဲ့ အတုယူရမယ့် အချက်တွေ၊ လိုက်နာရမယ့်အချက်တွေ၊ စောင့်ထိန်းရှောင်ကျဉ်ရမယ့် မကောင်းမှုတွေ အဲဒါတွေကိုပါ ပုံပြင်ရဲ့ ရည်ရွယ်ချက်အနေနဲ့ ထည့်ပြောပြတော့ ဆရာပြောတဲ့ပုံပြင်လေးတွေက အရမ်းတန်ဖိုးရှိနေတာပေါ့။

ဒါပေမဲ့ ငါတို့ ကံမကောင်းပါဘူး။ နှစ်မပြည့်ခင်မှာပဲ အကြောင်းတစ်ခုနဲ့ ဆရာ နယ်ပြောင်းသွားတယ်။ ငါတို့လည်း ဆရာရှိစဉ်ကပြောခဲ့တဲ့ ပုံပြင်တွေကလွဲပြီး နောက်ထပ်ပုံပြင်တွေ နားထောင်ခွင့်မရခဲ့တော့တာ အခုချိန်ထိပဲ"

"ဆရာက အသက်ကြီးပြီလား"

စကားဆုံးသွားတော့ အေးစုကြည်က သူမ သိချင်တာကို ချက်



www.burmeseclassic.com

www.burmeseclassic.com

ချင်းမေးသည်။

"ကြီးပြီ။ ငါတို့ကိုသင်တုန်းကတောင် အသက် (၄၀) လောက်ရှိပြီဆိုတော့ အခုဆို တော်တော်ကြီးလှပြီပေါ့"

"ဘာသတင်းမှလည်း မရတော့ဘူးလား"

"ဟင့်အင်း . . . "

မိုးတိမ် ခေါင်းတဆတ်ဆတ် ညိတ်ကာနေသည်။ သူ တစ်စုံတစ်ခုကို ဆက်စပ်စဉ်းစားသွားပါပြီ။ ထို့ကြောင့် . . .

"ဒါဆိုရင်တော့ ဝေဖြိုးကို သံသယမရှိသင့်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟုတ်တယ်လေ . . . စဉ်းစားကြည့်။ နင်တို့ရဲ့ဆရာက နယ်ပြောင်းသွားတယ်။ အဲဒီမှာလည်း နင်တို့ကိုပြောပြခဲ့တဲ့ ပုံပြင်တွေ တခြားတပည့်တွေကို ပြောမပြဘူးလို့ ဘယ်သူပြောနိုင်လဲ။ ဝေဖြိုးလည်း အဲလိုသိခဲ့တာ နေမှာပေါ့"

မိုးတိမ်ပြောသည့်စကားက လုံးဝငြင်းမရအောင် မှန်နေသည်မို့ ပိုးကဗျာ ပါးစပ်ပိတ်သွားသည်။ မိုးတိမ်ကတော့ ခပ်အေးအေးပင် စကားကို ထပ်ဆက်ပါသည်။

"အဲဒီလိုမှ လက်မခံသေးဘူးဆိုရင် နင်သိထားတဲ့ပုံပြင်တွေ အားလုံးကို ဝေဖြိုး တကယ်သိမသိ စမ်းသပ်နိုင်တဲ့ နောက်တစ်နည်းရှိတယ်"

ဒိုင်းခနဲပင် အကြည့်နှစ်ခု သူ့ထံရောက်လာတော့ . . .

"ဒီတစ်ခေါက် ဝေဖြိုးပုံပြင်လာပြောရင် တခြားပုံပြင်တစ်ပုဒ်ကို ပြောင်းမေးလိုက်"

ပိုးကဗျာ နားလည်ဟန်မပြပါချေ။ ထို့ကြောင့် . . .

"ဆိုလိုတာက ဒီလိုဟာ . . . ။ နင်အခု ဝေဖြိုးကိုပြောခိုင်းနေတဲ့ ပုံပြင်တွေက စီးရီးတစ်ခုသဘောမျိုးနဲ့ ပြောခိုင်းနေတာမလား။ ဘယ်ပုံပြင်ပြီးရင် ဘယ်ပုံပြင်ဆိုတာမျိုး"

"ဟုတ်တယ်လေ"

"အခု အဲလိုမလုပ်နဲ့တော့။ ဒီတစ်ခေါက်ပုံပြင်ကို လွှဲပစ်လိုက်။



စီးရီးအတိုင်းမဟုတ်ဘဲ နင့်မှာရှိပြီးသား အခြားပုံပြင်တစ်ပုဒ်ကို ပြောင်းမေးလိုက်"

စကားဆုံးတော့ ပိုးကဗျာ ငြိမ်သက်သွားသည်။ သူ့စကားကို စဉ်းစားသွားသည်ထင်ပါ၏။

"နင်လွှဲမေးလိုက်တဲ့ ပုံပြင်ကိုသာ ဝေဖြိုးပြောပြနိုင်တယ်ဆိုရင်တော့ သေချာတယ်။ နင် သူ့ကို မေးခွန်းတစ်ခုပဲ ထပ်မေးရတော့မယ်"

"ဘာလဲ"

"ဝေဖြိုး ဘာရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာလဲဆိုတဲ့မေးခွန်း"

သူ့ကို ပိုးကဗျာ အလန့်တကြား မော့ကြည့်လာသည်။ မိုးတိမ်ခေါင်းကို တစ်ချက်ညိတ်ပြရင်း . . .

"ဟုတ်တယ်လေ . . . နင့်မှာလည်း ပုံပြင်တွေရှိသေးတယ်။ ဝေဖြိုးကလည်း မေးသမျှ ပြောပြနိုင်နေတယ်။ အဲဒါဆို နင်က တစ်ပုဒ်မေးလိုက်၊ ဝေဖြိုးက ပြောပြလိုက်နဲ့ ပေရှည်နေမှာပေါ့။ ရည်ရွယ်ချက်ကို တော်တော်နဲ့ရောက်မှာ မဟုတ်တော့ဘူး။ အဲဒီတော့ ငါပြောမယ်။ နင်လွှဲမေးလိုက်တဲ့ပုံပြင်ကိုသာ ဝေဖြိုးမှန်အောင် ပြောနိုင်ရင် ငါမေးခိုင်းတဲ့အတိုင်းသာ သူ့ကို အပွင့်လင်းဆုံးမေးလိုက်တော့ . . . "

အရာအားလုံးက လှုပ်ရှားမှုမဲ့သွားသလို ခဏတာ ငြိမ်သက်သွားသည်။ ပိုးကဗျာ အံကိုကြိတ်ကာ မိုးတိမ်၏အကြံပေးမှုကို တနုံ့နုံ့ဆုံးဖြတ်နေသည်။ အေးစုကြည်ကတော့ ပိုးကဗျာကိုသာ ခပ်ငေးငေးစိုက်ကြည့်နေပါ၏။

ထိုစဉ်မှာပင် တိကျသော ဆုံးဖြတ်ချက်တစ်ခုက မိုးတိမ်နှင့် အေးစုကြည်ကြားမှာ ပါးပါးလေးပွင့်ဟသွားသည်။

"ကျေးဇူးဟာ . . . နင်ပေးတဲ့အကြံက ငါအလုပ်သင့်ဆုံးတွေထဲက အကောင်းဆုံးတစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com

# XI

"ရှင် အခု ကျွန်မကို ဘာပုံပြင်ပြောပြမှာလဲ"

ဝေဖြိုးက ထိုင်ခုံမှာ ဣန္ဒြေမပျက်ဝင်ထိုင်ရင်း . . .

"ပြီးခဲ့တဲ့အခေါက်က ယောနသံစင်ရော်ဆိုတော့ . . . အခု ရကွဲစိုးနဲ့ လှည်းသားငါးရာပုံပြင်လေ"

တကယ်ပါပဲ။ ဝေဖြိုးကိုတော့ မဖြစ်မနေပင် ချီးကျူးရပေလိမ့်မည်။ ပုံပြင်တိုင်း မှန်အောင်ပြောနိုင်သည့်အပြင် ယခုအချိန်ထိ စိတ်ထဲမှာ မေးရန်ပြင်ထားသော ပုံပြင်ကို ကြိုတင်ကာ အမှားအယွင်းမရှိ ပြောပြနိုင်နေတုန်း။ ဒါဟာလည်း မိုးတိမ်ပြောသည့်အတိုင်းပင် ဖြစ်ပါလိမ့်မည်။ ယခုလည်း မိုးတိမ်ပြောသလိုသာပေါ့။

"ကျွန်မ ဒီနေ့ အဲဒီပုံပြင်နားထောင်ရမှာ ပျင်းနေတယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူး။ ဖြစ်နိုင်ရင် ရှင် အခြားပုံပြင်တစ်ပုဒ်လောက် ပြောင်းပြီးပြောပြပါလား"



ရူးစမ်းဟန် အကြည့်တစ်ခု ချက်ချင်းဆိုသလို ရောက်လာပေမယ့် ဣန္ဒြေမပျက် သူမထိန်းထားနိုင်ခဲ့သည်။ ပြီးတော့ ဝေဖြိုးမျက်ဝန်းထဲ၌ ဘာမှန်းမသိသော အပြုံးတစ်ခုကိုလည်း တွေ့ရသည်။

"ကောင်းပြီလေ . . . ငါ ဘာပုံပြင် ပြောပြရမလဲ"

စိတ်ထဲမှာ တွေးထားပြီးသားဖြစ်ပေမဲ့ ဟန်မပျက်စဉ်းစားဟန်တစ်ချက်ပြုကာ . . .

"ကျောက်ဆစ်သမားပုံပြင်ဆိုရင်ရော ရှင်ပြောလို့ အဆင်ပြေနိုင်မလား"

မျက်လုံးမလွှဲစတမ်း အကဲခတ်ကြည့်ပေမဲ့ ဝေဖြိုးကတော့ အေးအေးပါပင်။ ချွတ်ချော်တိမ်းစောင်းမှုမရှိသော အမူအရာဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ ပြီးတော့မှ သက်ပြင်းတစ်ခုကို အသံမြည်အောင်ချရင်း . . .

"ဖြစ်ပါတယ် ပြောရတာပေါ့"

ထို့နောက်တော့ . . .

ကျေးရွာကြီးတစ်ရွာပေါ့။ အိမ်ခြေတော်တော်များများရှိတဲ့ ကျေးရွာကြီးလို့ ပြောလို့ရတယ်။ ဒါပေမဲ့ အဲဒီရွာကြီးဟာ စိမ်းစိမ်းစိုစိုမရှိပါဘူး။ ခြောက်ကပ်တိတ်ဆိတ်နေတယ်။ ရွာသူရွာသားတွေရဲ့ မျက်နှာတွေကို ကြည့်ရတာလဲ အသားမာတက်နေတဲ့ ကြေးနီတုံးတစ်တုံးလို နီကျင်သွေ့ခြောက်နေတယ်။ စီးပွားရေးလည်း ပြေလည်ကြပုံမရပါဘူး။

ရွာကြီးရဲ့အလယ်မှာ ရေကန်ကြီးတစ်ကန်ရှိပြီး အဲဒီရေကန်ကြီးက တစ်နှစ်ပတ်လုံး မြေသားမာတွေနဲ့ ပပ်ကြားအက်နေတာကိုပဲ တွေ့ရတယ်။ ဒီရွာကြီးမှာ ရေလည်းရှားတယ်ဆိုတဲ့ သဘောပေါ့၊ ဟုတ်ပါတယ်။ ရွာကြီးက လွင်ထီးခေါင်ပြင်မှာ တည်ထားတဲ့ ရွာကြီးဖြစ်လို့ သစ်ရိပ်ဝါးရိပ်မရှိလေတော့ ရေက ရှားပြီပေါ့။

ရွာနဲ့ အတော်အတန်ဝေးတဲ့ သဲချောင်းလေးကိုအားပြုပြီးတော့ပဲ ရပ်တည်နေရတာပါ။ ပြီးတော့ ရွာမှာ အိုဟောင်းနေတဲ့ ဘုရားကျောင်းကြီးတစ်ကျောင်းရှိတယ်။ အဲဒီဘုရားကျောင်းကြီးထဲမှာ မိုးလင်းကမိုးချုပ်

www.burmeseclassic.com

တစ်နေကုန်ငိုက်မြည်းနေတဲ့ တရားဟော ဓမ္မဆရာတစ်ယောက်လည်း ရှိလေရဲ့။

တကယ်တော့ ထိုရွာကြီးနဲ့ မဝေးလွန်းလှတဲ့တစ်နေရာမှာ လွန်စွာစည်ကားသာယာတဲ့ မြို့တစ်မြို့ရှိပါတယ်။ ဒီလို စည်ကားသာယာတဲ့ မြို့နဲ့နီးတာတောင် ရွာကြီးက သွေ့ခြောက်နေတာ အံ့သြစရာပေါ့။

အဓိက ကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေလို့ပါပဲ။ စည်ကားလှတဲ့မြို့နဲ့ ထိုရွာကြီးရဲ့ကြားမှာ တောင်တန်းကြီးတစ်ခုခံနေတယ်။ ကားလည်း မပေါက်သလို လှည်းနဲ့လည်း သွားလို့မရဘူး။ မြို့ကို သွားချင်တယ်ဆို မည်သူမဆို လမ်းလျှောက်ပြီးပဲ သွားလို့ရတယ်။ ကြားမှာခံနေတဲ့ ကျောက်ဆောင်တွေကို ခက်ခက်ခဲခဲကွေ့ဝိုက်ပြီးတော့ပဲ သွားရတာ။ အဲတော့ ရွာကြီးက မြို့နဲ့နီးပေမယ့် အမြဲပဲ ခြောက်ကပ်တိတ်ဆိတ်ပြီး စည်ကားမှုမဲ့နေတတ်ပါတယ်။

ပြီးတော့ တစ်ခုထူးခြားတာက အဲဒီရွာကြီးရဲ့ ဘုရားကျောင်းမှာ မနက်ခင်းတိုင်း ခေါင်းလောင်းထိုးမယ့်သူ မရှိပါဘူး။ ဒါပေမဲ့ . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

မနက်ဝေလီဝေလင်းဆို ထိုအသံက ရွာလေးရဲ့ဝန်းကျင်တစ်ဝိုက်ကို အမြဲလိုလို ဖုံးလွှမ်းပေးတတ်တယ်။ ထိုအသံကြားပြီဆို ရွာလေးက နိုးထသက်ဝင်လာစမြဲပါ။ နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ကြားနေရတဲ့ အသံမို့လို့ အချိန်ကြာလာတော့ တစ်ရွာလုံးက အားထားကုန်ကြတယ်။

ညဘက်ဘယ်အချိန်မှာ အိပ်ရာဝင်ဝင် မနက်ခင်း ထိုအသံကြားတာနဲ့ အကုန်လုံးက နိုးထမှုပြုကြတယ်။ ပြီးတော့ ကိုယ်နဲ့သက်ဆိုင်ရာ အလုပ်တွေကို မပျက်မကွက် လုပ်ကိုင်မှုပြုကြပါတယ်။

ဘယ်လောက်ထိတောင် ဖြစ်သင့်လဲဆိုရင် တစ်ရွာလုံးက ထိုအသံမကြားရင် မိုးမလင်းဘူးဆိုတဲ့အသိ ဝင်နေလောက်အောင်ကို နှလုံးမှာ စွဲနေကြတာ။ သူတို့ အတွက်တော့ မနက်လင်းစေတဲ့ နာရီသံချောင်းသံ (သို့) နံနက်ခင်း ဂီတအသံတစ်မျိုးပေါ့။



"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

တကယ်တော့ တစ်နေ့မပျက် ထိုအသံထွက်ပေါ်လာခဲ့တာ အခုဆိုရင် ဆယ့်ငါးနှစ်တင်းတင်း ပြည့်နေပါပြီ။

ဟိုး . . . လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တုန်းက ဒီရွာမှာ အရမ်းချစ်ကြတဲ့ သမီးရည်းစားနှစ်ယောက်ရှိတယ်တဲ့။ တော်တော့်ကိုပဲ တစ်ယောက်ကိုတစ်ယောက် ချစ်ကြပါတယ်။ မနာလိုစရာကောင်းလောက်အောင်ကို သူတို့နှစ်ဦးက ချစ်ကြတာ။ သူတို့နှစ်ဦး လက်ထပ်ကြတော့လည်း ရွာမှာရှိတဲ့ ဘုရားကျောင်းကြီးမှာပဲ လက်ထပ်ခဲ့ကြတယ်။ တစ်နေကုန်ငိုက်မြည်းနေတဲ့ ဓမ္မဆရာကိုယ်တိုင် လက်ထပ်ပေးတာပါ။

လက်ထပ်ပြီးတော့လည်း သူတို့နှစ်ဦးက တစ်ဦးကိုတစ်ဦး သစ္စာရှိရှိနဲ့ ပေါင်းသင်းခဲ့ကြပါတယ်။ သူတို့နှစ်ဦးရဲ့ အချစ်တွေဟာ လျော့မလာပါဘူး။ တစ်နေ့ထက်တစ်နေ့ ပိုပြီးတိုးလာတယ်လို့တောင် ထင်ရတယ်။ ဒါပေမဲ့ တစ်ခုပဲ။ သူတို့ ဆုတောင်းမပြည့်ခဲ့ဘူး။ ဘာလဲဆိုတော့ သူတို့နှစ်ဦးမှာ သားသမီးရတနာ မထွန်းကားလာတာပါ။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဒါက အပြစ်တစ်ခုမှ မဟုတ်တာပဲလေ။ အဓိကက သူတို့ရဲ့အိမ်ထောင်ရေး ပျော်ရွှင်ချမ်းမြေ့နေဖို့ပဲ မဟုတ်ဘူးလား။ ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ အိမ်ထောင်သက်တွေ တစ်နှစ်ပြီး တစ်နှစ် ကျော်ဖြတ်လာလိုက်တာ အိမ်ထောင်သက် ဆယ့်ငါးနှစ်ပြည့်တဲ့ အထိကို ရောက်လာတယ်။ အခုချိန်ထိ သူတို့နှစ်ဦးကတော့ တစ်ယောက်ကိုတစ်ယောက် ချစ်နေကြတုန်းပါပဲ။

ဒါပေမဲ့ တစ်နေ့မှာတော့ ယောကျ်ားလုပ်သူက အိမ်ကနေ ရုတ်တရက် ပျောက်သွားပါတယ်။ အကုန်လုံး အံ့သြကုန်ကြတာပေါ့။ ဒီလောက်ချစ်ကြတဲ့ လင်မယားနှစ်ယောက်က ဘာကြောင့် အခုလိုမျိုးဖြစ်သွားကြတာလဲဆိုပြီး အကုန်လုံး တအံ့တသြ ဖြစ်ကုန်ကြတယ်။

အိမ်နီးနားချင်းတွေ မေးကြည့်တော့လည်း ရန်ဖြစ်သံလည်း မကြား၊ စိတ်ဆိုးဒေါသထွက်လို့ အော်ဟစ်သံလည်းမကြားဘဲနဲ့ အခုလို အေးအေးချမ်းချမ်း ပျောက်သွားတာပဲလို့ ပြောတယ်။

www.burmeseclassic.com

ဇနီးဖြစ်သူကလည်း ယောကျ်ား အခုလိုပျောက်သွားတဲ့အပေါ်မှာ ဘာမျှ ဝမ်းနည်းဖိုစီးဟန်မပြပါဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ပဲ သတင်းလာမေးသမျှလူတိုင်းကို စကားတစ်ခွန်းပြောပြီးတော့ပဲ တုံ့ပြန်တယ်။ ဇနီးဖြစ်သူပြောတဲ့စကားက . . .

"သူ ဘယ်ကိုမှသွားတာ မဟုတ်ပါဘူး။ ကျွန်မသိပါတယ်။ သူ ဟောဟိုမှာမြင်နေရတဲ့ ကျောက်တောင်ကြီးအောက်ခြေကို ပြောင်းသွားတာပါတဲ့"

ကြားသမျှလူတိုင်းက တအံ့တသြပေါ့။ မယုံတဲ့လူတွေလည်း တကယ်ပဲ ဟုတ်နေမလား သွားကြည့်ကြတယ်။ ပြောတဲ့အတိုင်း တကယ်ပါပဲ။ ယောကျ်ားဖြစ်သူက ကျောက်တောင်ကြီးရဲ့ အောက်ခြေတစ်နေရာမှာ တဲထိုးပြီး တစ်ယောက်တည်းနေနေတာကို တွေ့ရတယ်။

"ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်းလာနေရတာလဲ။ အိမ်မပြန်ဘူးလား"

လို့ ဝိုင်းမေးကြတော့ သူကလည်း ဇနီးဖြစ်သူလို တည်တည်ငြိမ်ငြိမ်ပဲ တုံ့ပြန်တယ်။

"ကျုပ် ဒီကျောက်တောင်ကြီးကို လိုဏ်ခေါင်းဖောက်မလို့။ ဖောက်လို့ပြီးမှ အိမ်ပြန်မယ်တဲ့"

"ဘာလို့ လိုဏ်ခေါင်းဖောက်ချင်ရတာလဲ"

လို့ ဝိုင်းမေးကြပြန်တော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်နဲ့ တစ်ခွန်းပြောတယ်။ သူ့စကားက ကမ္ဘာကြီးတုန်သွားလောက်အောင်ကို အားမန်တွေပြည့်နေသလိုပါပဲ။

"ကျုပ်တို့ရွာကလူတွေ သွားရေးလာရေး လွယ်ကူအောင်" တဲ့။

တကယ်သာ ဖောက်လို့ရရင်တော့ သေချာပါတယ် သူတို့ရွာကြီးက တစ်ရှိန်ထိုး တိုးတက်သွားမှာပါ။ မြို့နဲ့နီးသွားပြီလေ။ သွားရေးလာရေး အဆင်ပြေသွားပြီလေ။ ဒါပေမဲ့ ခက်တာက သူပြောတဲ့စကားကို အားလုံးက မဖြစ်နိုင်ပါဘူးလို့ တညီတညွတ်တည်း မှတ်ချက်ချကြတယ်။



တောင်ကြီးက အကြီးကြီး။ ပေဘယ်လောက်ရှည်သလဲဆိုတာလည်း မသိဘူး။ ပြီးတော့ တစ်သက်လုံးလည်း ဘိုးစဉ်ဘောင်ဆက် ဒီအတိုင်း နေလာခဲ့ကြတာဆိုတော့ စွန့်စားဖို့ကို မဝံ့ရဲကြဘူး။ ဒီတော့ မဖြစ်နိုင်ပါဘူးလို့ပဲ တညီတညွတ်တည်း ပြောကြတာ။

အမှန်တော့ သူတို့လည်း ဖောက်စေချင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်ပြီး သူတို့ရွာကြီး တိုးတက်လာတာကို မြင်ချင်ပါတယ်။ ဒါပေမဲ့ လူတွေရဲ့ သဘာဝအတိုင်းပါပဲ။ ခွဲထွက်ဖို့၊ ဖောက်ထွက်ဖို့ ကြိုးစားသူဆိုရင် ဒီအတိုင်းရပ်ကြည့်နေကြတယ်။ ဖြစ်မလား၊ မဖြစ်ဘူးလားပေါ့။ ဖြစ်သွားပြီဆိုမှသာ နောက်ကလိုက်လုပ်ကြတာ။ အမှန်အတိုင်းပြောရရင် ဦးမဆောင်ရဲတာပေါ့။ မစွန့်စားရဲဘူးပေါ့။

အခုလည်း တချို့ အမြော်အမြင်ရှိတဲ့ ရွာသားတွေက ဝိုင်းကူညီချင်ကြပါတယ်။ ဒါပေမဲ့ ဖြစ်မဖြစ် စောင့်ကြည့်ချင်သေးတယ်။ တစ်ယောက်က . . .

"ခင်ဗျား အခုလိုတစ်ယောက်တည်း ဒီမှာလာနေတော့ ရွာမှာကျန်ခဲ့တဲ့ ခင်ဗျားမိန်းမကို ဘယ်လိုလုပ်မလဲ။ ခင်ဗျားတို့လင်မယား သိပ်ချစ်ကြတာဆို"

"သူ့ကို ကျွန်တော်ယုံတယ်။ ကျွန်တော်ပြန်လာမယ့်ရက်ကို လက်ချိုးပြီး စောင့်နေမယ်ဆိုတာ ယုံတယ်။ ပြီးတော့ ကျွန်တော် ဒီတောင်ကြီးကို ဝမ်းကလိုက်ပြီး ဖောက်ပစ်နိုင်မယ်ဆိုတာလည်း သူက ယုံထားတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဒီလိုယုံကြည်မှုတွေရှိနေတဲ့အတွက် ကိစ္စမရှိပါဘူး။ သူနေတတ်မှာပါ"

"တကယ်လို့ ခင်ဗျား နေထိုင်မကောင်းဖြစ်ရင်ရော"

"သူရောက်လာမှာပေါ့။ ကျွန်တော်တို့နှစ်ယောက်က စိတ်ချင်းဆက်နေတာလေ။ ကျွန်တော့်လက်ကို ငုံ့နမ်းပြီး အကြင်နာပေးလိမ့်မယ်။ ဒါဆိုရပြီ။ ဒီတောင်ကြီးတင်မဟုတ်ဘူး၊ မိုးကောင်းကင်ကြီးကိုတောင် ဖောက်ပစ်နိုင်တဲ့စွမ်းအားတွေ ကျွန်တော့်မှာ ရလာလိမ့်မယ်"

"ဒါများကွာ . . . မင်းဇနီးကို မင်းအနားမှာပဲ ခေါ်ထားပါလား"



www.burmeseclassic.com

www.burmeseclassic.com

အဲလိုပြောတော့ သူ နွမ်းနွမ်းလျလျ ပြုံးလိုက်တယ်။ ပြီးတော့ သူ့ဇနီးရှိနေမယ်ထင်ရတဲ့ ရွာဘက်ကို လှမ်းကြည့်ပြီး . . .

"မခေါ်ရက်ပါဘူးဗျာ။ ကျွန်တော့်နားမှာ လာနေရင် သူပင်ပန်းမှာပေါ့"

သူတို့လင်မယားနှစ်ယောက်ရဲ့ ချစ်ခြင်းကတော့ အံ့ဩစရာပါပဲ။ အိမ်ထောင်သက် ဆယ့်ငါးနှစ်ကျော်လာတာတောင် တစ်ဦးကိုတစ်ဦး ငံ့ထားမတတ် ချစ်နေကြတုန်းပဲ။

အဲဒီနေကြစပြီးတော့ 'ဒေါက် . . . ဒေါက် . . .' ကျောက်ဆစ်သံဟာ မနက်ခင်းတိုင်းမှာ ပုံမှန်ထွက်လာတော့တယ်။ တစ်ခါတလေတော့လည်း ကျယ်ကျယ်လောင်လောင်ကို ကြားရတာပါ။ တစ်ခါတလေတော့လည်း အားစိုက်နားထောင်ပါမှ ကြားရလောက်တဲ့ထိကို တိုးတယ်။

ရွာမှာကျန်ခဲ့တဲ့ သူ့ရဲ့ဇနီးဟာ ထမင်းစားချိန်ဆို ကျောက်တောင်ကြီးအောက်ခြေကို ပုံမှန်သွားပြီး သူ့ကို ထမင်းကျွေးတယ်။ ပြီးတော့ ပြန်လာတယ်။ ပထမတော့ တစ်ရွာလုံးက သူတို့နှစ်ယောက်ရဲ့ ထူးဆန်းမှုတွေကို အုန်းအုန်းကျွက်ကျွက်ကို စိတ်ဝင်စားကြတာ။ စကားစပ်မိလို့ ပြောကြရင်လည်း သူတို့အကြောင်းချည်းပဲ။

ဒါပေမဲ့ နေ့တိုင်းပုံမှန်လို ဖြစ်လာတော့လည်း အမြင်ရိုးလာကြတယ်။ သိပ်မထူးဆန်းတော့ဘူးပေါ့။ နောက်တော့ မေ့မေ့ပျောက်ပျောက်ကို ဖြစ်သွားကြပါတယ်။ သို့ပေမဲ့ ကျောက်ဆစ်သံ တဒေါက်ဒေါက်ကတော့ မနက်တိုင်းကို တစ်နေ့မပျက် ကြားနေရတုန်းပဲ။

ရက်မှလ၊ လမှနှစ်ကို ကူးပြောင်းလာပေမယ့် ယနေ့ထိ ကျောက်ဆစ်သံကတော့ မပြောင်းလဲပါဘူး။ ယခုဆို ရွာမှာ အဲဒီကျောက်ဆစ်သံကြားပါမှ အိပ်ရာထတတ်ကြတဲ့ အလေ့အကျင့်ကို ဆယ်စုနှစ်တစ်ခုသာသာလောက် အရိုးစွဲကုန်ကြပြီ။

လင်မယားနှစ်ယောက်လုံးလည်း အိုမင်းကုန်ကြပါပြီ။ ယောက်ျားလုပ်သူဆို ပိုလို့တောင်ဆိုးတာပေါ့။ နေ့မနားညမနား



ကျောက်ဆစ်နေရတာ။ ပင်ပန်းချွတ်ခြုံကျလွန်းလို့ မှတ်တောင် မမှတ်မိကြတော့ဘူး။ တကယ့် အဘိုးကြီးလုံးလုံးဖြစ်နေပြီ။ အဘွားကြီးကတော့ အိမ်မှာနေရတဲ့လူမို့ အရွယ်တင်သေးတယ်။

ရွာမှာတော့ သူတို့လင်မယားနှစ်ယောက်အကြောင်းဟာ ကလေးတွေ ညဘက်မအိပ်ရင် ပြောပြကြတဲ့ အိပ်ရာဝင်ပုံပြင်လိုတောင် ဖြစ်နေပြီ။

ဒီလိုနဲ့ တစ်နေ့မှာတော့ တစ်ရွာလုံးဟာ မနက်လင်းချိန်ကို လုံးဝကျော်လွန်အောင် အိပ်မောကျသွားမိကြတယ်။ မနက်ခင်းတိုင်း ပုံမှန်ကြားနေကျအသံဟာ ဒီနေ့မှာ မကြားရတော့ပါဘူး။ နိုးထလာတယ်ဆိုရင်ပဲ အကုန်လုံးဟာ အယောင်ယောင်အမှားမှား ဖြစ်ကုန်ကြပြီ။ သူတို့လုပ်ငန်းဆောင်တာတွေ နောက်ကျကုန်ပြီလေ။ ပြီးတော့ အားလုံးရဲ့စိတ်ထဲမှာလည်း အတွေးတစ်ခု ဝင်ရောက်လာတယ်။ အဲဒါက ဒီနေ့မနက်မှ ထူးထူးခြားခြားမကြားရတော့တဲ့ ကျောက်ဆစ်သံပါပဲ။

ထိုအချိန်မှာပဲ အမြဲတမ်းငိုက်မြည်းနေတတ်တဲ့ ဓမ္မဆရာက ရွာထဲကို မောကြီးပန်းကြီးနဲ့ ပြေးဝင်လာတယ်။ ဓမ္မဆရာလည်း အသက်ကြီးလှပါပြီ။ နှစ်တွေ ကြာညောင်းနေပြီဆိုတော့ အဘိုးကြီးတစ်ယောက်ဘဝကို တိတိကျကျ ရနေပြီပေါ့။ ဓမ္မဆရာက ပါးစပ်ကနေလည်း တစ်စုံတစ်ရာကို အကျယ်ကြီး အော်ဟစ်လာတယ်။ သူ့ပုံစံက တကယ့်အထိတ်တလန့်ပါပဲ။

"သူ . . . သူ လဲကျသွားပြီ . . . သူလဲကျသွားပြီ"

ဒီစကားကိုပဲ ထပ်ကာထပ်ကာ အော်ပြီး ပြေးဝင်လာလို့ အထူးအဆန်း ဝိုင်းကြည့်နေသူတွေက . . .

"ဘယ်သူလဲ . . . ဘယ်သူလဲကျတာလဲ"

လို့ ဝိုင်းမေးကြတော့ . . .

"ဟို တောင်ကိုဖောက်နေတဲ့ ကျောက်ဆစ်ဆရာ"

ဓမ္မဆရာအဘိုးကြီးရဲ့ စကားလည်းဆုံးရော တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတော့တယ်။ ချက်ချင်းပဲ တချို့တွေက ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဆစ်သမားရဲ့ ဇနီးဖြစ်သူအိမ်ကို အကျိုးအကြောင်းပြောဖို့ ပြေးသွားကြတော့ . . .

ဇနီးဖြစ်သူအဘွားကြီးက ရှိမနေတော့ပါဘူး။ တချို့တွေကလည်း ဘယ်များသွားလဲဆိုပြီး အနီးအနားဝန်းကျင်ကို လိုက်ရှာကြတယ်။ ဟုတ်တယ်လေ . . .

ဒီသတင်းက သူမကို အသိပေးမှဖြစ်မယ့် သတင်းပဲ။ သိပ်ချစ်တဲ့ ဇနီးမောင်နှံနှစ်ယောက်ရဲ့ ခွဲခွာချိန်ကို မမြင်လိုကြပေမယ့်လည်း မပြောမဖြစ် ပြောရမယ်လေ။ တချို့တွေကတော့ အိမ်မှာ အဘွားကြီးရှိမနေလို့ ဒီလိုထင်ကြေးပေးတယ်။

"သူတို့က စိတ်ချင်းဆက်နေတာပဲကွ။ အခုလို သူ့ယောကျ်ား ဒုက္ခရောက်နေတာကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူသိနေမှာပဲ။ ဟိုတောင်ခြေက လိုဏ်ခေါင်းထဲကို ရောက်တောင် ရောက်နေပြီလားမသိဘူး"

လင်မယားနှစ်ယောက်ရဲ့ အချစ်ကြီးပုံကိုသိနေတဲ့ တချို့လူကြီးပိုင်းတွေက ထိုထင်မြင်ချက်ကို ထောက်ခံကြတယ်။ ဟုတ်နိုင်တယ်ပေါ့လေ။

ဒါနဲ့ပဲ တစ်ရွာလုံးနီးပါး ကျောက်တောင်ကြီးရှိရာဆီ အပြေးချီတက်သွားလိုက်ကြတာ . . .

ကောင်းကင်မှ ဖုန်တွေကို လုံးလုံးထလို့ပေါ့။ မသိရင် သူတို့လူအုပ်ကြီးနောက်မှာ ဝိညာဉ်တွေ အခိုးအငွေ့အဖြစ်နဲ့ လိုက်လာကြတယ်လို့တောင် အထင်မှားရလောက်တယ်။ တကယ်ပါပဲ။ သူတို့လည်း ကျောက်တောင်ကြီးအောက်ခြေ လိုဏ်ခေါင်းဝဆီလည်းရောက်သွားရော အထဲမှာ လူရိပ်တစ်ခု ကြုံရောက်နေတာကို တွေ့ရတယ်။

ဆယ့်ငါးနှစ်လုံးလုံး ထွင်းဖောက်ထားတာဆိုတော့ ကျောက်တောင်ကြီးအောက်ခြေမှာ လိုဏ်ခေါင်းက အတော်ဝေးဝေးကို ရောက်နေပါပြီ။ လူရှိနေတယ်ဆိုတာကို မြင်ရတယ်ဆိုရုံလောက်လေးပဲ။ တကယ်ပဲ ကျောက်တောင်ကြီး ထုတ်ချင်းပေါက်မတတ်ကို လိုဏ်ခေါင်းကြီး ရှည်နေပါပြီ။



ဒါလည်း သူတို့ သတိမထားခဲ့တာလည်း ပါတာပေါ့။ ကျောက်ဆစ်သူကလည်း သူ့အလုပ်သူလုပ်၊ တခြားလူတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြဆိုတော့ မေ့မေ့ပျောက်ပျောက်ပဲ သတိမထားမိခဲ့ကြဘူး။ အခုမှပဲ လိုဏ်ခေါင်းက ကျောက်တောင်ကြီးပေါက်ထွက်မတတ် ခရီးရောက်သွားပြီဆိုတာ သိကြတာ။ ဒါပေမဲ့ ဖန်ဆင်းရှင်လူသားကတော့ သေလုမျောပါးဖြစ်နေပါပြီ။

လာကြည့်သူတွေအားလုံးက လိုဏ်ခေါင်းထဲ ဝင်ကြမယ်လုပ်တော့ ဓမ္မဆရာက ပေးမဝင်ပါဘူး။ တကယ်သာ သေလုမျောပါးဖြစ်နေတယ်ဆိုရင် အရမ်းချစ်ကြတဲ့ လင်မယားနှစ်ယောက်ရဲ့ ခွဲခွာချိန်ကို ဆူညံမှုတွေက အနှောင့်အယှက် ပေးသွားနိုင်တယ်လေ။

ရွာမှာ တစ်ခုတည်းသောဘုရားကျောင်းရဲ့ တစ်ယောက်ပဲရှိတဲ့ ဓမ္မဆရာဆိုတော့ သူ့စကားကို မဆန့်ကျင်ဝံ့ကြဘူး။ ပြီးတော့ ဓမ္မဆရာက ဒီလင်မယားကို သူကိုယ်တိုင် လက်ထပ်ပေးထားသူလေ။

လိုဏ်ခေါင်းထဲကိုတော့ ဓမ္မဆရာတစ်ယောက်ပဲ ဝင်သွားတယ်။ အပြင်မှာကျန်ခဲ့တဲ့ လူအုပ်ကြီးကတော့ ဘာတွေများဖြစ်လာမလဲ အထိတ်တလန့် စောင့်ကြည့်နေကြတယ်။ ဓမ္မဆရာ အထဲရောက်သွားချိန်မှာပဲ အားအင်ကုန်ခန်းပြီး သေအံ့ဆဲဆဲလူတစ်ယောက်ရဲ့ သစ္စာဆိုသံတစ်ခုကို အနီးကပ် ကြားလိုက်ရပါတယ်။

ပက်လက်လဲကျနေတဲ့ ကျောက်တူးသမားအဘိုးကြီးရဲ့ ရင်ဘတ်ပေါ် လက်တင်ပြီး သစ္စာဆိုနေသံ တိုးလျလျပေါ့။ ဘေးမှာ သူ့ရဲ့ဇနီးဖြစ်သူ အဘွားအိုကလည်း တုန်ယင်နေတဲ့ လက်အစုံနဲ့ ဖွာကျဲရှည်လျားလွှန်းနေပြီဖြစ်တဲ့ သူ့ခင်ပွန်းရဲ့ ကြေးနီရောင်ဆံပင်ကို လက်ငါးချောင်းနဲ့ ထိုးခွဲသပ်တင်ပေးနေတယ်။

နောက်ကျောမှာ ဓမ္မဆရာရောက်နေတယ်ဆိုတာ သိပုံမပေါ်ပါဘူး။ နှလုံးကိုညှစ်ပြီး ပင်ပင်ပန်းပန်း ပြောနေရတာမို့ သစ္စာဆိုသံကိုကြားအောင် ဓမ္မဆရာ နားစိုက်ထောင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

- "ကျွန်ပ်သည် လူသားပေါင်းများစွာ၏ ချမ်းသာမှုအတွက် ကျွန်ပ်ဘဝကိုရင်း၍ ဤလိုဏ်ခေါင်းကို ဖောက်လုပ်ခဲ့ပါသည်။
- ကျွန်ပ်သည် ဆယ့်ငါးနှစ်လုံးလုံး တစ်နေ့မပျက်အောင် ကျွန်ပ်၏လက်၊ ကျွန်ပ်၏အင်အား၊ ကျွန်ပ်၏ သွေးသားတွေနှင့် ဤလိုဏ်ခေါင်းကို ပုံဖော်ခဲ့ပါသည်။
- ကျွန်ပ်သည် လက်မှဆူးသွားနှင့် ကျောက်တောင်ကို စတင်ထိခတ်သည့်နေ့မှစလို့ ကျွန်ပ်၏ ဝိညာဉ်၌ ကျွန်ပ်ဆိုတာ မရှိတော့ပါ။ ကျွန်ပ်ခန္ဓာအား လူပေါင်းများစွာ၏ ချမ်းသာမှုအတွက် ပေးအပ်ပြီးဖြစ်ပါသည်။
- ဤမှန်သော သစ္စာစကားကြောင့် ကျွန်ပ်မရှိသည့်နောက် ဤလိုဏ်ခေါင်း ပွင့်ပါစေသား"

နောက်ဆုံးစကားပြောအပြီးမှာပဲ ကျောက်ဆစ်သမားအဘိုးကြီးက ငြိမ်သက်သွားတော့တယ်။ လုံးဝကို လှုပ်မလာတော့ပါဘူး။ နောက်ဆုံးထွက်သက်ထိအောင် လူအပေါင်းချမ်းသာမှုတွေကို ရည်ရွယ်ပြီး ဒီဝိန်ချုပ်ငြိမ်းသွားပြီထင်တာပဲ။

ဒါကိုကြည့်ပြီး ဓမ္မဆရာ တုန်လှုပ်သွားရပေမယ့် ချစ်လှပါချည်ရဲ့ဆိုတဲ့ သူ့ရဲ့ဇနီးသည်က မျက်ရည်တစ်စက်လေးမှ ကျမလာခဲ့ပါဘူး။ ထူးဆန်းလွန်းနေလို့ ဓမ္မဆရာ ကျောက်ရုပ်လိုတောင် ဖြစ်သွားတယ်။

အဲဒီအချိန်မှာပဲ အဘွားကြီးက ရင်ဘတ်ပေါ် လက်တင်ရင်း ငြိမ်သက်သွားပြီဖြစ်တဲ့ ခင်ပွန်းရဲ့လက်ကို အပေါ်က အုပ်ကိုင်ကာ . . .

- "ကျွန်မသည် အနှစ်သုံးဆယ်လုံးလုံး ခင်ပွန်းဖြစ်သူရဲ့အပေါ်မှာ မယားဝတ္တရား ကျေပွန်ခဲ့ပါသည်။
- ကျွန်မသည် သူကလွဲ၍ တခြားယောကျ်ားတစ်ဦးအပေါ်၌ ကိုယ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း ကိလေသာတပ်မက်ခြင်း မရှိခဲ့ပါ။
- ကျွန်မအသက်ရှင်သမျှ ကာလပတ်လုံး၌ သူတစ်ယောက်တည်းကိုသာ ချစ်ခဲ့ပါသည်။
- ကျွန်မသည် သူအိမ်ကထွက်သွားသည့် ဆယ့်ငါးနှစ်လုံးလုံး လွမ်းဆွတ်သတိရစိတ်ဖြင့် တစ်ရက်မပျက် ငိုကြွေးခဲ့ပါသည်။ ယခုအချိန်၌ ကျွန်မမှာ ငိုကြွေးစရာ မျက်ရည်မရှိတော့ပါ။
- ဤမှန်သော သစ္စာစကားကြောင့် သူ့ရဲ့ရည်ရွယ်ချက်အတိုင်း ကျွန်မတို့နှစ်ဦး မရှိသည့်နောက် ဤလိုဏ်ခေါင်း ပွင့်ပါစေသား"

အဲဒီအချိန်မှာပဲ ကမ္ဘာမြေကြီးက ကြောက်ခမန်းလိလိ ဟစ်အော်သံကိုပြုရင်း တုန်ဟည်းသွားတယ်။ မုန်တိုင်းကျသလို လေပြင်းတွေ အဆက်မပြတ်တိုက်ပြီး သစ်ပင်တွေ ယိမ်းထိုးကုန်တယ်။ တောလဲသံတွေ၊ တောင်ပြိုသံတွေ၊ ကျောက်တောင်ပြိုကျသံတွေနဲ့ ခဏတွင်းမှာ ကမ္ဘာပျက်မတတ်ပါပဲ။

ဓမ္မဆရာအပါအဝင် အပြင်မှာရှိနေသူတွေအားလုံးဟာ မြေကြီးပေါ် မရပ်နိုင်ကြတော့လို့ အလဲလဲအပြိုပြိုပေါ့။

ပြင်းထန်တဲ့ လျှပ်ကြီးတစ်ခု လှုပ်ပစ်လိုက်တာမို့ အားလုံးဟာ မြေပေါ်ဝပ်ပြီး အသက်မသေဖို့ကိုသာ ဆုတောင်းနေရတော့တယ်။ အကုန်လုံးကလည်း ဘာဖြစ်လို့ဖြစ်သွားမှန်းတောင် မသိလိုက်ကြပါဘူး။

ဒါပေမဲ့ အချိန်ခဏကြာသွားတော့ ထိုအသံတွေဟာ တစ်စထက်တစ်စ တိုးတိတ်ငြိမ်သက်သွားတယ်။ တုန်လှုပ်နေတဲ့ ကမ္ဘာမြေကြီးကလည်း သူ့ဆန္ဒပြည့်ဝသွားလို့ အသက်မှန်မှန် ပြန်ရှူသွားပါပြီ။

ဒီတော့မှ လဲပြိုငြိမ်ဝပ်နေရသူတွေမှာ မရဲတရဲနဲ့ မျက်လုံးဖွင့်စူးစမ်းလိုက်ကြည့်စဉ်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . "

"ဟင် . . . "

"ဘုရားသခင် . . . "

"ငါတို့ အမြင်မှားသွားတာလား"

မဟုတ်ပါဘူး။ တုန်လှုပ်သွားတဲ့ ငလျင်ကြီးနဲ့အတူ ကြီးမား လွန်းလှတဲ့ ပြတ်ရွေ့ကြောကြီးတစ်ခုကြောင့် သူတို့ရှေ့မှာရှိတဲ့ တောင် တန်းကြီးဟာ ထက်ပိုင်းပြတ်ပြီး ထွင်းထားတဲ့ လိုဏ်ခေါင်းအတိုင်း လမ်း သဖွယ်ဖြစ်သွားတယ်။

ဘယ်လောက်ထိလဲဆိုရင် တစ်ဖက်မှာရှိနေတဲ့ စည်ကားတဲ့မြို့ ကိုပျပျလေး လှမ်းမြင်သွားတဲ့အထိပါပဲ။

တောင်ကြီးကတော့ ထက်ပိုင်းပြတ်လို့ လမ်းဖြစ်သွားပါပြီ။ ဒါ ပေမဲ့ တစ်ခုပါပဲ . . .

လူသားနှစ်ဦး . . . တိတိကျကျပြောရပါက အရမ်းချစ်ကြတဲ့ အဘိုးအိုနဲ့ အဘိုးအိုနှစ်ဦး။

သူတို့မွေးဖွားလိုက်တဲ့ လမ်းရဲ့ အလယ်တည့်တည့်မှာ . . .

တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း . . .

သေပွဲဝင်သွားကြပါပြီ။

ဒါပေမဲ့ သူတို့ရဲ့မျက်နှာတွေက ပြုံးလို့နေပါတယ်။

အဲဒီအချိန်မှာပဲ ဓမ္မဆရာရဲ့ သေဆုံးခြင်း စာပိုဒ်ရွတ်သံတစ်ခု ကို ကြားလိုက်ရလေရဲ့။



# XII

"ဘယ်လိုလဲ ငါ့ရဲ့ပုံပြင် မှန်ရဲ့လား"

ပိုးကဗျာ ချက်ချင်းမဖြေနိုင်ပါချေ။ စိတ်ထဲမှာတော့ 'နင်လွဲမေး လိုက်တဲ့ ပုံပြင်ကိုသာ ဝေဖြိုး ပြောပြနိုင်မယ်ဆိုရင်တော့ နင် သူ့ကိုမေး ခွန်းတစ်ခုပဲ ထပ်မေးရတော့မယ်' ဟူသည့် မိုးတိမ်၏စကားသံကသာ ထပ်ခါထပ်ခါ လွှမ်းမိုးသွားသည်။

ပြောသည့်အတိုင်းပါပဲ။ တကယ်ပင် ဝေဖြိုး မှန်သွားခဲ့ပါပြီ။ ထို့ကြောင့် . . .

"မှန်ပါတယ်။ ဒါပေမဲ့ ရှင့်ကို ကျွန်မ မေးခွန်းတစ်ခု မေးချင် တယ်။ 'ရှင် အရိုးသားဆုံး ဖြေပေးနိုင်မလား"

ဝေဖြိုးကတော့ ပေါ့ပေါ့ပါးပါးပင် . . .

"မေးကြည့်လေ . . . ။ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုရင်တော့ ငါ အမြဲတမ်း အမှန်ကိုပဲပြောတယ်"

"အိုကေ . . . ဒါဆို ကျွန်မမေးမယ်။ ရှင် ကျွန်မကို အခုလို ပုံပြင်တွေ လာလာပြောပြနေတဲ့ ရည်ရွယ်ချက်က ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ် တုန်လှုပ်သွားသည်ဟုတော့ ထင်သည်။ ဒါပေမဲ့ ဝေဖြိုးပါ။ နပ်ပါသည်။

"ဘာလို့ မေးရတာလဲ"

"ရှင်းရှင်းလေးပါ။ ကျွန်မကို ပုံပြင်လာလာပြောပြကြတဲ့ လူတွေနဲ့ ရှင်က မတူဘူး"

"အဟုတ် . . . ဘာတွေ ကွဲသွားလို့လဲ"

ပန်းကိုတွန့်ကာ ဝေဖြိုးကပြန်မေးတော့ . . .

"သူတို့တွေက ကျွန်မကိုစိတ်ဝင်စားလို့ ပုံပြင်လာလာပြောပြကြတာလေ။ ရှင်ကတော့ အဲဒီအထဲမှာ မပါဘူးလို့ ထင်တာပဲ"

"အသေအချာပဲ။ ငါ မင်းကို စိတ်မဝင်စားဘူး"

ပေါ်တင်ကြီး အပြောခံလိုက်ရသည်မို့ သူမမျက်နှာ ရဲတက်သွားသည်။ ဒါပေမဲ့ စိတ်ကိုထိန်းကာ . . .

"ဒါဆို ရှင့်ရဲ့ရည်ရွယ်ချက်က ဘာလဲ"

ချက်ချင်းမဖြေပါ။ အဝေးတစ်နေရာကို အကြာကြီး ငေးသွားသည်။ ပြီးတော့ ရှေ့မှခုံကို လက်ချောင်းထိပ်တွေဖြင့် တဒေါက်ဒေါက် ခေါက်ကာနေသည်။ ဆုံးဖြတ်ရခက်နေသည်လား (သို့) လှုပ်ရှားနေသော စိတ်အား အပြင်းအထန် ထိန်းချုပ်နေသည်လားမသိ။

သို့ပေမဲ့ သိပ်မကြာလိုက်ပါ။

ပထမဆုံး သက်ပြင်းတစ်ချက်မှုတ်ထုတ်သံကို ကြားရသည်။ ပြီးတော့မှ . . .

"အမှန်အတိုင်း ပြောရရင်တော့ မင်းကို လူတစ်ယောက်နဲ့ တွေ့ပေးချင်လို့"

"ရှင် . . . "

"ဘယ်လို . . . "

တစ်လုံးချင်းဖြေလိုက်သည့် ဝေဖြိုး၏ နှုတ်ထွက်စကားနောက်မှာတော့ ပိုးကဗျာနှင့်အေးစုကြည် နှစ်ယောက်စလုံးမှာ အာမေဋိတ်သံ ကိုယ်စီ ထွက်ကျသွားတော့သည်။ ချက်ချင်းပင် ပိုးကဗျာမှာ အလျင်စလို



အမူအရာဖြင့် . . .

"ဘယ်သူလဲ . . . ကျွန်မကို ဘယ်သူနဲ့ တွေ့ပေးမှာလဲ"

လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ပိုးကဗျာအား မသိယောင်ပြုကာ ဝေဖြိုး ခေါင်းကို ခပ်လေးလေးယမ်းလိုက်သည်။ ပြီးတော့ . . .

"ထားပါ။ ပုံပြင်တစ်ပုဒ်လောက် ထပ်ပြောပြမယ်။ မင်း နားထောင်မလား"

ပိုးကဗျာက မျက်လုံးအားမှေးစင်းရင်း . . .

"ကျွန်မတို့သိထားပြီးသား ပုံပြင်လား"

"မဟုတ်ဘူး . . . ။ မင်းမသိတဲ့ ပုံပြင်။ ဒါပေမဲ့ အဲဒီပုံပြင်က ငါတွေ့ပေးချင်တဲ့လူနဲ့တော့ ပတ်သက်နေတယ်။ မင်းအတွက် အကျိုးရှိမှာပဲ"

'ဘယ်လိုလဲ' ဟူသည့် အကြည့်တစ်ခု သူမထံ ရောက်လာပါသည်။ တကယ်လည်း သူမ စိတ်ဝင်စားသွားရသည်။ ဝေဖြိုးပုံစံက တကယ့်အတည်။ ဒါဆို သူမကို ဘယ်သူနဲ့ တွေ့ပေးချင်တာလဲ။

ဘယ်သူလဲ . . . ၊ ဘာအတွက်လဲ . . . ။

သူမလုပ်စရာ တစ်ခုပဲရှိတော့သည်။

"ကျွန်မ စိတ်ဝင်စားတယ်"

"အိုကေ . . . "



www.burmeseclassic.com

www.burmeseclassic.com

## XIII

ကုန်းလမ်းခရီးထက် ရေလမ်းခရီးကိုသာ အားကိုးရတဲ့ မြို့လေး တစ်မြို့လို့ ဆိုရမယ်။ ညှို့သည်အဝင်အထွက်များတဲ့ မြို့လေးပါ။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတွေအပြင် တကူးတက လာရောက်အပန်းဖြေ အနားယူသူတွေတောင် ဒီမြို့လေးမှာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့လေးက နေချင်စဖွယ် အရမ်းလှတာကိုး။

လှဆို မြို့လေးမှာက အနုပညာရှင်တွေပေါတယ်လေ။ ပန်းချီပညာရှင်တွေ၊ ဗိသုကာပညာရှင်တွေ၊ ကဗျာဆရာတွေ အများကြီးပဲ။ သူတို့တွေရှိနေတာက တစ်ကြောင်းရယ်၊ မြို့လေးက အနုပညာဆန်ဆန်တည်ဆောက်ထားတာက တစ်ကြောင်းရယ်ကြောင့် တချို့ဆို ဒီမြို့လေးကို အနုပညာမြို့လို့တောင် ကင်ပွန်းတပ်ကြတယ်။

အနုပညာမြို့လေးမှာ အနုပညာကို အရမ်းဝါသနာကြီးတဲ့ ပန်းချီဆရာကြီးတစ်ဦးရှိတယ်။ အနုပညာ အထုံဝါသနာကြီးမားသူမို့ သူ့ရဲ့နာမည်နဲ့လည်း လိုက်ဖက်ပါတယ်။ နာမည်က ဦးသုမတဲ့။ ဦးသုမမှာ



အရွယ်ရောက်နေပြီဖြစ်တဲ့ သားတစ်ယောက်ရှိပါတယ်။ ပန်းချီဆရာရဲ့သားဆိုတော့ အဖေလိုပဲ ပန်းချီကို အရမ်းဝါသနာကြီးတယ်။ သူ့ရဲ့နာမည်က မောင်နန်းနွယ်တဲ့။

အဲလိုပဲ မြို့လေးထဲမှာ အရမ်းချမ်းသာတဲ့ ကုန်သည်ကြီးတစ်ဦးလည်း ရှိတယ်။ နာမည်ကတော့ လက်ရှိသူ့ဘဝနဲ့ လိုက်ဖက်လွန်းတဲ့နာမည်ပေါ့။ ဦးချမ်းသာတဲ့ . . . ။

ဦးချမ်းသာမှာ အရမ်းချစ်ရာကောင်းတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ ကြွေရုပ်လေးလိုလှနေလို့ နာမည်က ကြွေရုပ်တဲ့။ ဒါပေမဲ့ ကြွေရုပ်လေးက ဦးချမ်းသာရဲ့ သမီးဆိုပေမယ့် စည်းစိမ်ချမ်းသာတွေ၊ ရွှေတွေငွေတွေကို စိတ်ဝင်စားဘူး။ ထူးထူးခြားခြားပဲ သူမဟာ ပန်းချီကို အရမ်းစိတ်ဝင်စားပါတယ်။

ဦးချမ်းသာစိုးရိမ်တာလည်း အဲဒါပါပဲ။ မြို့မှာက ပန်းချီဆရာတွေ၊ ကဗျာဆရာတွေ အရမ်းပေါတာဆိုတော့ သူ့သမီးလေးကို အဲလိုလူမျိုးနဲ့ တစ်ခုခုဖြစ်သွားမှာ အရမ်းစိုးရိမ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြွေရုပ်လေးလည်း အရွယ်ရောက်နေပြီကိုး။ ပြီးတော့ သူမကို စိတ်ဝင်စားသူတွေလည်း ပေါမှပေါပဲ။ ကြွေရုပ်လေး ဘယ်ကိုသွားသွား နောက်မှာ အထိန်းတော်တစ်ယောက် အမြဲပါတယ်။

ဒါပေမဲ့ တစ်နေ့မှာတော့ ဦးချမ်းသာစိုးရိမ်သလိုပဲ တကယ်ဖြစ်လာခဲ့ပါတယ်။ အဲဒါက ဖခင်မသိအောင်ခိုးထွက်ပြီး လာကြည့်တဲ့ ပန်းချီပြပွဲတစ်ခုမှာပါ။ အဲဒီပန်းချီပြပွဲမှာ ကြွေရုပ်လေးက နန်းနွယ်ဆိုတဲ့ ပန်းချီဆရာလေးတစ်ဦးနဲ့ ဆုံတွေ့ခဲ့တယ်။

ရေစက်လို့ ပြောရမလား မသိပါဘူး။ သူတို့နှစ်ယောက်က မြင်မြင်ချင်းပဲ တစ်ဦးကိုတစ်ဦး ချစ်ကြိုက်မိသွားကြပါတယ်။ တကယ့်ကို ရှုးရှုးမှူးမှူးပဲ အထိန်းတော်တွေ ဘယ်လိုတားတား တားလို့မရဘူး။ နောက်ဆုံးမှာတော့ အထိန်းတော်တွေကလည်း တားလို့မရတဲ့အဆုံး ဖခင်ကြီးမသိအောင်သာ ဖုံးကွယ်ပေးကြရတော့တယ်။

နန်းနွယ်ရဲ့ ကြွေရုပ်တို့နှစ်ယောက်ကလည်း ကြွေရုပ်ရဲ့ဖခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ချစ်ကြိုက်နေတာကိုသိသွားမှာ အရမ်းပဲ စိုးရိမ်ကြပါတယ်။ သိသွားခဲ့ရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူတို့ရှေ့ရေးဟာ ကွေကွင်းရမှာပဲလေ။ သူတို့ အဲလိုအဖြစ်မခံနိုင်ပါဘူး။ ဝေးကွာရဖို့ကို တွေးလည်း မတွေးဘူး။ အရမ်းချစ်ကြတဲ့ ချစ်သူတွေဆိုတော့ နှစ်ဦးစလုံးရဲ့အာရုံမှာ ပေါင်းစည်းရဖို့ပဲရှိတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ နန်းနွယ်နဲ့ ကြွေရုပ်လေးတို့နှစ်ဦးက ချစ်သူတွေရဲ့ နောက်ဆုံးရည်ရွယ်ချက်အတိုင်း အဝေးတစ်နေရာကို ထွက်ပြေးသွားကြတော့တယ်။ နှစ်ဦးပေါင်း ဘဝတစ်ခုထူထောင်ဖို့ ရင်ထဲမှာ မျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေ မက်လို့ပေါ့။

ဒီသတင်းကို ကြားရတယ်ဆိုရင်ပဲ ဦးချမ်းသာရဲ့ ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲသွားတယ်။ ဒေါသထွက်လွန်းလို့ ဘာမှတောင် မလုပ်နိုင် မကိုင်နိုင်တော့ဘူး။ စားလို့လည်း မဝင်ဘူး၊ အိပ်လို့လည်း မပျော်ဘူး။ နောက်ဆုံး ဒေါသအရှိန်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားတော့တယ်။ သူ အရမ်းချစ်တယ်ဆိုတဲ့ သူ့ရဲ့တစ်ဦးတည်းသော သမီးကြွေရုပ်ကိုလည်း သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါတယ်။

မြို့လေးထဲမှာ ရှိသမျှလူတွေအားလုံးကတော့ ဒီသတင်းကို တအံ့တသြပေါ့။ သမီးစိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားတဲ့ ဦးချမ်းသာကို ကရုဏာသက်မိကြသလို၊ ကြွေရုပ်လေးတို့ ချစ်သူနှစ်ဦးကိုလည်း သနားမိသွားကြတယ်။

ဒါပေမဲ့ သနားရုံကလွဲပြီး သူတို့လည်း ဘာမျှမတတ်နိုင်ပါဘူး။ နန်းနွယ်နဲ့ ကြွေရုပ်လေးတို့ရဲ့ သတင်းကတော့ အဲဒီအချိန်ကစပြီးတော့ ဘာမျှမကြားရတော့ဘူး။ လုံးဝကို အစအနပျောက်သွားတယ်။

‘ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြားလျှင်မေ့’ ဆိုပေမဲ့ ရှာလည်း လိုက်မရှာကြပါဘူး။ သေသလား၊ ရှင်သလားလည်း မသိပေမယ့် ကြာလာတော့ မေ့မေ့ပျောက်ပျောက်ပဲ ဖြစ်သွားကြတယ်။ တကယ်ပဲ မေ့ပျောက်သွားတာလား၊ တမင်ပဲ မေ့ချင်ယောင်ဆောင်လိုက်တာလား မသိပေမဲ့ ဦးချမ်းသာကတော့ ထူထူထောင်ထောင်ပြန်ဖြစ်လာ



လို့ အလုပ်တွေတောင် ပြန်လုပ်နေပါပြီ။

ဒီလိုနဲ့ တစ်နေ့မှာပေါ့ . . .

ဦးချမ်းသာက သူ့ရဲ့ကုန်တွေကို သင်္ဘောကြီးတစ်စီးပေါ်တင်ပြီး အခြားမြို့တစ်မြို့ကို ကုန်သွားကူးဖို့ ကြံစည်နေတယ်။ သင်္ဘောကြီးက အရမ်းကြီးကျယ်ခမ်းနားတဲ့ သင်္ဘောကြီးပါ။ ဒီပတ်ဝန်းကျင် အနီးအနားမှာ ဒီလိုသင်္ဘောမျိုးနှစ်စီးမရှိဘူး။

လူတွေ၊ ကုန်တွေ အများကြီးဆန့်တဲ့အပြင် သင်္ဘောပေါ်မှာ စားသောက်ခန်းတွေ၊ ကစားကွင်းတွေ၊ အကခန်းမတွေတောင် ရှိတယ်။ လိုက်ပါစီးနင်းကြမယ့်လူတွေလည်း အများကြီးပဲ။ ကလေးငယ်ငယ်လေးတွေကစပြီး အဘိုးကြီးအဘွားကြီးတွေထိ အရွယ်စုံပါတယ်။

တခြားမြို့ကို သွားရောက်ဖျော်ဖြေမယ့် တီးဝိုင်းတစ်ခုလည်း ပါတယ်။ တရားဟောမယ့်ဆရာတစ်ယောက်လည်း ပါဝင်တယ်။ ပိုပြီး ထူးခြားသွားတာကတော့ အဲဒီသင်္ဘောပေါ်မှာ ဦးချမ်းသာ ရန်သူလိုသဘောထားတဲ့ ပန်းချီဆရာကြီး ဦးသုမ ပါလာတာပါပဲ။ သူ့သမီးကို ခိုးယူထွက်ပြေးသွားတဲ့ နန်းနွယ်ရဲ့အဖေပေါ့။

ဦးသုမကတော့ တခြားမြို့မှာကျင်းပမယ့် ပန်းချီပြပွဲတစ်ခုအတွက် သူ့ရဲ့ပန်းချီကားတွေကို သင်္ဘောနဲ့ တင်လာတာပါ။ ခရီးက တစ်ညအိပ်ကြာမယ်။ ဒါပေမဲ့ ပင်လယ်ကိုဖြတ်ရမှာမို့ အတိအကျ တော့ ပြောလို့မရဘူး။ လေပြင်းမုန်တိုင်းမရှိဘဲ ရာသီဥတုသာယာရင်တော့ တစ်ညအိပ်ပြီး နောက်တစ်နေ့ညနေဆို ရောက်သွားမှာ။

သင်္ဘောထွက်ဖို့ အချိန်ကျပြီဆိုရင်ဘဲ သင်္ဘောကပ္ပတိန်ဟာ ကမ်းကနေ သင်္ဘောပေါ် တက်လာပါတယ်။ သူ့ရဲ့လမ်းလျှောက်ပုံ၊ ဟန်နေဟန်ထား၊ ရုပ်ရည်လက္ခဏာတွေအရတော့ တော်တော်သြဇာကြီးမားမယ့်သူဆိုတာ သိသာတယ်။ ပြီးတော့ ကပ္ပတိန်က သင်္ဘောတစ်ပတ်လိုက်စစ်ဆေးတယ်။

စိတ်တိုင်းကျ စစ်ဆေးပြီးတော့မှ သင်္ဘောဦးခန်းထဲ ဝင်သွားပါတယ်။ ထိုအခန်းထဲမှာက သူအရမ်းမြတ်နိုးရတဲ့ ပန်းချီကားကြီးတစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်လေ။ တော်တော်တန်ဖိုးကြီးပြီး တော်တော်လည်း သဘောကျပုံရလို့ အခုလို သင်္ဘောဦးခန်းထဲမှာ တခမ်းတနားချိတ်ဆွဲထားတာပါ။ ပန်းချီကားကြီးကိုစောင့်ကြပ်ဖို့ အစောင့်တွေချထားတာကို ကြည့်ရင် သိနိုင်ပါတယ်။ ကမ္ဘာကျော် ပန်းချီကားကြီးတစ်ချပ်ပါပဲ။

"မိုနာလီဇာ"

ကပ္ပတိန်က ထို 'မိုနာလီဇာ' ပန်းချီကားကြီးကို ခြေစုံရပ်လို့ တမေ့တမောကြည့်ပြီးတော့မှ အပေါ်ထပ် တက်သွားသည်။ သင်္ဘောကြီးက ခေါင်းတိုင်မှ မီးခိုးတွေကို တလူလူထုတ်ရင်း ထွက်ခွာဖို့ အာသာပြင်းပြင်းဖြစ်နေပါပြီ။ စေလွှတ်ခိုင်းစေမယ့် အမိန့်တစ်ခုကို စောင့်နေပုံပါပဲ။

ကပ္ပတိန်က သင်္ဘောရဲ့ အမြင့်ဆုံးနေရာကနေပြီးတော့ ပင်လယ်ပြင်ကြီးကို တိုင်တည်ရင်း ဆုတောင်းမှုတစ်ခု လုပ်နေတယ်။ အားလုံးပြီးသွားတဲ့အခါမှာတော့ ရှေ့တည့်တည့်ကို ဦးတည်ရင်း လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်တယ်ဆိုရင်ပဲ . . .

"ဘော် . . . "

သင်္ဘောကြီး ကမ်းခြေမှ တရွေ့ရွေ့ စတင်ထွက်ခွာလို့ သွားပါပြီ။

ထွက်ခါစမှာတော့ ခရီးသည်တွေအားလုံးက ပျော်ရွှင်လို့ပေါ့ သင်္ဘောကြီးရဲ့ ထိုးခွဲမှုကြောင့် အက်ကွဲလွင့်စင်လာတဲ့ ရေမှုန်ရေမွှားတွေ သင်္ဘောကြီးနောက် တလိမ့်လိမ့်လိုက်ပါလာတဲ့ ပင်လယ်လှိုင်းလုံးဖြူဖြူကြီးတွေ၊ ဆွတ်ဆွတ်ပျံ့ပျံ့တိုက်ခတ်လာတဲ့ ပင်လယ်နွေလေပြည်တွေနဲ့ ခရီးစဉ်ဟာ ပျော်စရာပါပဲ။

ကုန်းပတ်ပေါ်မှာ ပြေးလွှားဆော့ကစားနေတဲ့ ကလေးငယ်တွေ လေညင်းခံနေတဲ့ ကြင်စဦးဇနီးမောင်နှံတွေ၊ အပျော်လိုက်လာကြတဲ့ ချစ်သူစုံတွဲတွေနဲ့ သင်္ဘောကြီးက ကျက်သရေရှိလို့ နေခဲ့ပါတယ်။

ဦးသုမကတော့ သူ့အခန်းလေးထဲမှာ ပန်းချီဆွဲလျက်ပဲ လိုက်လာခဲ့တယ်။ ဦးချမ်းသာကတော့ ဂနာမငြိမ်ပါဘူး။ အခန်းထဲမှာနေလိုက်၊ သူ့ကုန်ပစ္စည်းတွေထားရာ ကုန်ခန်းဘက်ကို သွားကြည့်လိုက် အန္တရာယ်



မရှိပေမယ့် ပူပန်လို့နေတယ်။ ဒါဟာ ချမ်းသာသူတွေမှာ တွေ့ရတတ်တဲ့ ဒုက္ခတစ်မျိုးပါပဲ။ သနားဖို့ အရမ်းကောင်းပါတယ်။

ဒီလိုနဲ့ သင်္ဘောကြီးထွက်ခွာလာလိုက်တာ နေလုံးကွယ်ပျောက်လို့ ညအချိန်ကို ရောက်လာခဲ့တယ်။ ညရောက်ပြီဆိုတော့ သင်္ဘောတစ်စီးလုံးက မီးတွေ ထိန်ထိန်လင်းပြီး အရမ်းလှနေတာပေါ့။ ကပွဲခန်းမတွေမှာ ကခုန်နေကြသူတွေ၊ သောက်စားပျော်ရွှင်နေသူတွေနဲ့ ဘဝရဲ့ စိတ်ပျက်ညည်းငွေ့မှုတွေကို ခဏတာ မေ့ပျောက်ထားကြပုံပါပဲ။ အကုန်လုံးက လက်ရှိပစ္စုပ္ပန်မှာသာ ဘဝကိုထည့်ပြီး ပေါ့ပါးထားကြတယ်။

ဒီလိုနဲ့ နာရီလက်တံတွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့ပါတယ်။ အချိန်တွေ တဖြည်းဖြည်း အကုန်မြန်လာပြီပေါ့။ အိပ်စက်သူတွေ အိပ်စက်လို့ ညတစ်ညရဲ့ အလယ်တည့်တည့်ကိုတောင် ရောက်လုနီးနီးဖြစ်နေပါပြီ။ ကောင်းကင်မှာ ကြယ်ပေါင်းစုံက အလျှံညီးညီးဝင်းဝါနေပြီး တရွေ့ရွေ့သွားနေတဲ့ သင်္ဘောကြီးကို ငုံ့ကြည့်လမ်းပြနေသယောင်။

ထိုစဉ်မှာပဲ . . .

"ဒိန်း . . . "

ခပ်အုပ်အုပ်ထွက်လာတဲ့ အသံဆိုးကြီးက အိပ်စက်သူတိုင်းရဲ့ ရင်ကို လှုပ်နှိုးသွားတယ်။ သင်္ဘောတစ်စီးလုံး တုန်ခါပြီး ဘယ်ညာလူးသွားလို့ အိပ်စက်နေသူတွေအကုန်လုံး ယောက်ယက်ခတ်ကုန်ကြတယ်။ သင်္ဘောတွင်း ရှိနေကြသူတွေအားလုံးလည်း အထိတ်တလန့်တွေ ဖြစ်ကုန်တာပေါ့။ တချို့ကလည်း ဘာတွေဖြစ်ကုန်တာလဲဆိုပြီး အပြင်ထွက်ကြည့်ကြတယ်။

ဦးသုမ ပန်းချီဆွဲနေရာကနေပြီး 'ဒိန်း' ဆိုတဲ့အသံနဲ့ သင်္ဘောကြီး ယမ်းခါသွားလို့ လဲကျမသွားအောင် သူ့ကိုယ်သူ အနိုင်နိုင်ထိန်းလိုက်ရပါတယ်။ ဘာဖြစ်သွားတာလဲ။

ချက်ချင်းပဲ အခန်းတံခါးဖွင့်သံတွေ အပြင်ထွက်ကြည့်ကြတဲ့ခြေသံတွေကို ကြားရပေမယ့် သူကတော့ ထွက်မကြည့်ဖြစ်ပါဘူး။ ခုံပေါ် ထိုင်ပြီးတော့ပဲ ဆွဲလက်စပန်းချီကားလေးကို ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဦးချမ်းသာကတော့ ကုန်းပတ်ပေါ်ရောက်သွားပြီ။ ဦးသုမကတော့ ထိုင်မြဲထိုင်လျက်ပါပဲ။ ဒါပေမဲ့ ခဏအကြာမှာတော့ ဆက်ထိုင်နေလို့ မရတော့တဲ့ အကြောင်းတစ်ခုက သူ့ဦးနှောက်ထဲ ရောက်လို့လာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ပြေးလွှားသံတွေ အထိတ်တလန့် အော်သံတွေက တစ်စထက်တစ်စ ဆူညံလာတာကိုး။

ပြီးတော့ သင်္ဘောကြီး ခုတ်မောင်းနေရာက တဖြည်းဖြည်း နှေးကွေးပြီး ရပ်သွားတယ်ဆိုတာကိုလည်း သူခံစားမိနေပြီ။ ဒါနဲ့ ဦးသုမလည်း ထိုင်နေရာကထရင်း အပြင်ကို ထွက်ကြည့်လိုက်တော့ ကုန်းပတ်ပေါ်မှာ လူတွေပြည့်နေပါပြီ။

အားလုံးရဲ့မျက်နှာတွေကလည်း အသက်လောက်နီးနီး စိုးရိမ်မှုတွေနဲ့ ပျက်ယွင်းနေတယ်။ ဘာတွေများ ဖြစ်ကုန်လို့လည်းဆိုပြီး အနီးနားကတစ်ယောက်ကို မေးကြည့်လိုက်တော့ . . .

"သင်္ဘောဝမ်းက ကျောက်ဆောင်နဲ့တိုက်မိပြီး ပေါက်သွားပြီဗျ။ အခု စက်ခန်းထဲကိုပါ ရေတွေဝင်ကုန်ပြီ။ သင်္ဘောကဆက်သွားလို့ မရတော့ဘူး။ ရပ်သွားပြီ"

"ဟင် . . . "

ဦးသုမ အံ့သြနေစဉ်ခဏမှာပဲ သူ့နားထဲကို အော်ဟစ်ငိုယိုသံတွေ၊ ဆုတောင်းသံတွေ၊ မီးကျည်ဖောက် အကူအညီတောင်းသံတွေ စုပြုံပြီး ဝင်လာတယ်။ ဒါပေမဲ့ သူထင်ပါတယ်။ သူ့တို့သင်္ဘောကို ကယ်တင်ပေးဖို့ မည်သည့်အကူအညီမှ ရောက်လာမှာ မဟုတ်ပါဘူး။

အချိန်က ညသန်းခေါင်။ ရောက်နေတာက ကမ်းနဲ့ဝေးလွန်းတဲ့ ပင်လယ်ဗဟိုချက်တစ်နေရာ။ အကူအညီပေးမဲ့သူ ရှိတယ်ထားဦး၊ တစ်စီးလုံးကိုကယ်တင်ဖို့ အချိန်လောက်ငှတော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုက်မိလို့ ပေါက်သွားတဲ့လှေဝမ်းက ဘယ်လောက်ကြီးတယ်မသိပေမဲ့ ပင်လယ်ရေတွေကတော့ သင်္ဘောရဲ့အောက်ဆုံးထပ်ကို နစ်မြုပ်ပြီး ဒုတိယထပ်ကိုတောင် တက်စပြုလာပါပြီ။

ဘာလုပ်မှာလဲ။ သူတို့ ဘာလုပ်ကြမှာလဲ။ အသက်ဘေးမှလွတ်ဖို့ ကြိုးစားကြမှာလား၊ ရေထဲခုန်ချပြီး ကူးခတ်ဖို့ဆိုတာလည်း ကမ်းက ဘယ်ဆီနေမှန်းမသိဘူး။ ပြီးတော့ ရေတွေက ရေခဲတမျှ အေးစက်နေတယ်။ သေချာတာတစ်ခုကတော့ ရေထဲမှာ မိနစ်နှစ်ဆယ်လောက်နေမိရင်ကို ခန္ဓာတောင့်တင်းပြီး အလိုလို သေသွားလိမ့်မယ်။

ဘာလုပ်ကြမှာလဲ။

သင်္ဘောကို ဦးဆောင်သူတချို့ကတော့ အသက်ကယ်လှေတွေချပြီး ခရီးသည်တွေကိုကယ်တင်ဖို့ ကြိုးစားနေကြတယ်။ သို့ပေမယ့်လည်း အချိန်မလောက်ငှတော့ပါဘူး။ သင်္ဘောကြီးက တစ်စထက်တစ်စ နစ်မြုပ်လာပါပြီ။

ပင်လယ်ရေနက်ပြာပြာတွေကလည်း သူတို့ရဲ့ဗိုက်ကိုခွဲပြီး သင်္ဘောကိုဆွဲသွင်းဖို့ အပြင်းအထန် ကြိုးစားနေကြပြီ။

အဲဒီအချိန်မှာပဲ ရှုပ်ယှက်ခတ်ပြေးလွှားနေတဲ့ လူတွေကြားမှာ ငူငူကြီးထိုင်နေတဲ့ လူတစ်ယောက်ကို ဦးသုမ တွေ့လိုက်တယ်။

ဦးချမ်းသာ . . . ။

ဟုတ်ပါတယ်။ သင်္ဘောကြီးရဲ့အနာဂတ်၊ သူအပါအဝင် ရှိနေသူအားလုံးရဲ့ နောက်ဆုံးကံကြမ္မာကို သိနေသူတစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ ငူငူကြီးထိုင်နေတယ်။ တကယ်ပါပဲ။ သူတို့အားလုံး အခုလို မှောင်မည်းနေတဲ့ ရေပြင်ကြီးရဲ့ ဟိုးအောက်ခြေတစ်နေရာမှာ ထာဝရ အိပ်စက်ရတော့မှာပါ။

ဦးသုမ တရွေ့ရွေ့နဲ့ ဦးချမ်းသာဆီသို့ သွားလိုက်ပါတယ်။ ပြီးတော့ ဦးချမ်းသာရှေ့မှာ ခြေစုံရပ်ပြီး လက်တစ်ဖက် ထိုးပေးလိုက်တယ်။ ပထမတော့ ကြောင်တောင်တောင်နဲ့ ဦးသုမကို မော့ကြည့်နေတာပေါ့။ နောက်မှ ဘာကို သဘောပေါက်သွားတယ်မသိဘူး။ ခေါင်းကိုညိတ်ရင်း လက်ကို ပြန်လည်ဆုပ်ကိုင်တယ်။

ဒီအချိန်မှာ ဦးသုမပြောလိုက်တဲ့ စကားလေးက တရားကျဖို့ကောင်းပါတယ်။

"ငါတို့ တမလွန်ထိ သူစိမ်းမဆန်ချင်ဘူးကွာ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဦးသုမစကားကိုကြားတော့ ဦးချမ်းသာကလည်း ယဲ့ယဲ့မျှကျန်တော့တဲ့ မျက်နှာနဲ့ စကားတစ်ခွန်း ပြန်ပြောတယ်။

"ပြီးခဲ့တာတွေအားလုံးအတွက် ငါတောင်းပန်ပါတယ်။ နောက်ပြီး ခုလိုအခြေအနေမျိုး ကြုံတွေ့ရချိန်မှာ မင်းတို့ကို လေးစားမိတယ်"

"ဘာကြောင့်လဲ"

"ဟိုမှာကြည့်လိုက် . . . ။ လူတိုင်းက သူတို့မျက်စိရှေ့မှာတင် သူတို့သေဆုံးရမယ့်အရေးကို တွေးပြီး သွေးပျက်နေကြတယ်။ ဒါပေမဲ့ မင်းကတော့ မထင်ရလောက်အောင် တည်ငြိမ်နေတယ်လေ"

ထိုစကားကိုကြားတော့ ဦးသုမ ယောင်ယောင်လေးပြုံးတယ်။

"ဒါ ထိတ်လန့်စရာ မဟုတ်ဘူးလေကွာ။ ငါတို့မှာ ရွေးချယ်စရာမှ မရှိတာပဲ။ ရှုံးမယ်မှန်းသိသိနဲ့ အဲဒီအရှုံးကို ထပ်ကြောက်နေရင် ငါတို့ နှစ်ခါရှုံးဖြစ်သွားမှာပေါ့။ ဒီအချိန်မှာ ကိုယ် သေရတော့မယ်ဆိုတာကို တွေးကြောက်နေမှာထက်စာရင် ကိုယ် ဘယ်လိုသေမလဲဆိုတာက ပိုအရေးကြီးတယ်"

"ငါ နားမလည်ဘူး"

အဲဒီအချိန်မှာ သင်္ဘောကြီးက တစ်ခြမ်းစောင်းလို့သွားပါတယ်။ အသက်ကယ်လှေရှိရာ တစ်ဖက်တည်းမှာပဲ လူတွေ ပြုံနေခဲ့လို့ပါ။

"တကယ်တော့ သေမှာကိုမကြောက်တာ ငါတစ်ယောက်တည်း မဟုတ်ဘူးကွ။ ဟိုမှာကြည့်လိုက် . . . "

ဦးသုမညွှန်ပြရာကို ကြည့်ပြီး ဦးချမ်းသာ အသံထွက်တယ်ဆိုရုံလောက်လေး ပြန်မေးတယ်"

"ဓမ္မဆရာကိုပြောတာလား"

"ဟုတ်တယ် . . . ။ ဒါဟာ တကယ့်လူ့စိတ်သဘာဝအမှန်ပဲ။ သူတစ်သက်လုံး တရားဟောလာခဲ့တယ်။ သူသေဆုံးချိန်မှာလည်း တရားဟောရင်းနဲ့ပဲ သေဆုံးသွားချင်မှာပေါ့"

လူအနည်းငယ်ရှေ့မှာ သင်္ဘောနစ်ခြင်းသည် သူနဲ့ ဘာမှမဆိုင်သည့်အလား ဘုရားဟော ကျမ်းစာအုပ်ငယ်တစ်အုပ်ကိုကိုင်၍ ရွတ်ဖတ်



ခြင်းအမှုကို ပြုနေတယ်။ နားထောင်သူတွေမှာလည်း အားကိုးတစ်ခု ဖြစ်လိုဖြစ်ငြား ဂရုတစိုက်ပင် နားထောင်လို့။ တချို့မှာ ဓမ္မဆရာနည်းတူပင် လိုက်၍ ရွတ်ဖတ်နေကြတယ်။

"လူတစ်ယောက်ဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူ့အသက်တမျှ မြတ်နိုးတဲ့အရာကို ဖွဲ့လမ်းတတ်ကြတယ်။ ဖြစ်နိုင်ရင် အဲဒီအရာနဲ့ အတူတူသေဆုံးသွားချင်ကြတယ်။ သူတို့ကိုကြည့်ဦး"

ဦးသုမညွှန်ပြမှုကြောင့် သင်္ဘောဦးတွင် လူအချို့ရှေ့၌ တရားဟောသော ဓမ္မဆရာအား ကြည့်နေရာမှ အကြည့်ကိုလွှဲလိုက်တော့ . . .

တယောထိုးသူကထိုး၊ မယ်ဒလင်တီးသူကတီး၊ ပုလွေမှုတ်သူကမှုတ်နှင့် သေဆုံးခြင်းဆိုတာ သူတို့နဲ့မဆိုင်သည့်အလား ဖန်တီးရာဂီတအပေါ်တွင်သာ လုံး၀ စိတ်နှစ်ထားကြသည့် လူတစ်စု။

"ဂီတဆိုတာ သူတို့ဘ၀ပဲ။ သူတို့တစ်သက်လုံး လုပ်လာတာ။ သူတို့လည်းပဲ သူတို့ရဲ့ဈာပနကို သူတို့အမြတ်နိုးဆုံး ဂီတနဲ့ ကြိုဆိုချင်ကြမှာပေါ့လေ။

ဦးချမ်းသာ သဘောပေါက်စ ပြုလာပါပြီ။

"လာ . . . ငါလိုက်ပြဦးမယ်"

ငိုရှိုက်သံ၊ တောင်းပန်သံ၊ မာန်မဲအော်ဟစ်သံတို့ကို ကျော်လွန်၍ ဦးသုမက တစ်နေရာကို ဦးဆောင်ကာ ခေါ်သွားတယ်။ အခန်းတစ်ခုရှေ့အရောက် . . .

"ဟိုမှာကြည့်လိုက် . . . "

ညွှန်ပြသည်ကား မှန်အလုံကာထားသော အခန်းတစ်ခုအတွင်း၌ မျက်လုံးကို မှိတ်ဆင်းရင်း မားမားမတ်မတ်ရပ်နေသည့် ကပ္ပတိန်။

"ကပ္ပတိန်တစ်ယောက်အတွက် ဒီအခန်းက သူ့ဘ၀ပဲ။ သူ့ရဲ့ ဘ၀တစ်လျှောက်လုံး ဒီသင်္ဘောပဲ့ထိန်းဒလက်ကြီးနဲ့ လက်ပွန်းတတီးနေလာခဲ့တာ။ အမှန်အတိုင်းပြောရရင်တော့ သူ့ရဲ့ အသက်ရှင်မှုအတွက် အရေးပါဆုံး အရာတစ်ခုပေါ့"

ဦးချမ်းသာကြည့်မိတော့ ကပ္ပတိန်မှာ ပဲ့ထိန်းဒလက်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com

တင်းတင်းဆုပ်ကိုင်ရင်း မျက်ရည်တွေ ဖြိုင်ဖြိုင်ကျနေတာကို တွေ့ရတယ်။ ကပ္ပတိန် ဒီအချိန်မှာ ဘာတွေတွေးနေမှာလဲ။

သင်္ဘောကြီးကို အန္တရာယ်ကင်းစွာ မထိန်းကျောင်းနိုင်ခဲ့လို့ သူ့ကိုယ်သူ အပြစ်တင်နေမှာလား၊ ဒါမှမဟုတ် သင်္ဘောပေါ်မှ လူအပေါင်းအား လွတ်ငြိမ်းချမ်းသာအောင် မကယ်တင်နိုင်ခဲ့လို့ ယူကျုံးမရဖြစ်နေမှာလား၊ တာဝန်မကျေပွန်နိုင်သူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ရွံ့မုန်းနေမှာလား။

"ငါသာ သူ့နေရာမှာဆိုရင်လည်း ဒီပဲ့ထိန်းဒလက်ကြီးကို ကိုင်ပြီး ပင်လယ်ကြီး ဝါးမျိုမဲ့အချိန်ကို စောင့်နေမှာပဲ"

ဦးချမ်းသာ အံကိုတင်းတင်းကြိတ်မိလိုက်တယ်။ သူ့အတွက်ကတော့ သေဆုံးခြင်းရဲ့ သံဝေဂကို ယခုမှ ရလိုက်သလိုပါပဲ။

ဒီလိုနဲ့ သူတို့ပြန်လှည့်ခဲ့တော့ တစ်နေရာမှာ အခန်းတံခါးတစ်ချပ်ပွင့်နေတာကို တွေ့ရတယ်။ အမှတ်မထင်ကြည့်မိလိုက်တော့ . . .

ရေတွေက ခြေမျက်စိမြုပ်နေပါပြီ။ အခန်းထဲမှာ ခုတင်တစ်လုံးရှိတယ်။ ခုတင်ပေါ်မှာ ဆံပင်တွေ ဆွတ်ဆွတ်ဖြူပြီး ပါးရေနားရေတွေ တွန့်တွဲကျနေတဲ့ အဘိုးအိုနဲ့ အဘွားအိုနှစ်ယောက်။

တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမတတ် ပွေ့ဖက်ထားတာကို တွေ့ရတယ်။ ဒီတစ်ခါတော့ ဦးသုမ ရှင်းပြစရာမလိုတော့ပါဘူး။ ဦးချမ်းသာ အလိုလို သဘောပေါက်သွားပါပြီ။

ဒါဟာ 'အချစ်'ဆိုတဲ့ စကားလုံးနှစ်လုံးရဲ့ အဓိပ္ပာယ်ပါပဲ။ သူတို့အသက်ရှင်ခဲ့သမျှ ကာလပတ်လုံး တစ်ယောက်အပေါ်တစ်ယောက် ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ မြင်ရုံနဲ့ သဘောပေါက်သွားခဲ့ပါပြီ။

ဘာပဲပြောပြော သူတို့နှစ်ဦးရဲ့ ရွေးချယ်မှု မှန်ကန်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တစ်ဦးလက်တစ်ဦးဆုပ်ကိုင်ပြီးတော့ပဲ သေပွဲဝင်ကြမှာပေါ့။

"ချစ်သူလက်ကို ဆုပ်ကိုင်ထားရချိန်ဟာ သေမင်းကို စိန်ခေါ်ရဲဆုံးအချိန်ပါပဲ"



အဲဒီနောက်မှာတော့ ဦးချမ်းသာ ဆုံးဖြတ်ချက်တစ်ခုကို သေချာချမိလိုက်ပါပြီ။ နောက်ပြီး အံကို တင်းတင်းကြိတ်လို့ ဦးသုမကို စကားတစ်ခွန်းပြောတယ်။

"မင်းလည်း မင်းပန်းချီကားတွေနဲ့ပဲ အဆုံးသတ်မှာပဲလား"

"သေချာတာပေါ့"

"ငါ ဘယ်လိုသေရမယ်ဆိုတာ သဘောပေါက်သွားပြီ"

ဦးသုမ ကျေကျေနပ်နပ် တစ်ချက်ပြုံးမိလိုက်ပါသည်။

"ဝမ်းသာပါတယ်ကွာ"

ထို့နောက်မှာတော့ . . .

ဦးသုမလည်း ရေပမာဏ တော်တော်များနေပြီဖြစ်တဲ့ အခန်းထဲကို ဝင်၊ သူတစ်သက်တာ ရူးသွပ်ခဲ့ရတဲ့ ပန်းချီကားတွေကို တယုတယ ပွေ့ဖက်ထားလိုက်တယ်။

ရေတွေ အခန်းထဲမှာ တရိပ်ရိပ်မြင့်တက်လာပြီး သူ့ကို ဖုံးလွှမ်းသွားမယ့်အချိန်ကို စောင့်လို့ပေါ့။

ဦးချမ်းသာကတော့ သူ့ကုန်စည်တွေထားရာအခန်းကို ခက်ခက်ခဲခဲ ရောက်အောင်သွားခဲ့ပါတယ်။ ဟုတ်တယ်လေ . . . ။ ဒါက သူတစ်သက်လုံး ပင်ပင်ပန်းပန်း ရှာထားခဲ့ရတဲ့ ဥစ္စာတွေ။

လူတွေရဲ့ သဘာဝပါပဲ။ သေဆုံးခါနီးအချိန်တွေမှာ စိတ်ရောက်သွားရာဌာနကို စွဲတတ်ပြီး အဲဒီအစွဲနောက်ကို ဝိညာဉ်ပါသွားတတ်တယ်ဆိုပေမဲ့ တကယ့်တကယ်မှာ ကောင်းရာမွန်ရာကို စိတ်စွဲတတ်တာ ရှားပါတယ်။

ဒီလိုနဲ့ပဲ သင်္ဘောကြီးဟာ တစ်စထက်တစ်စ နစ်မြုပ်လာခဲ့တယ်။ သင်္ဘောတစ်ဝိုက် ရေပြင်တွေမှာလည်း ကူးခတ်သူတွေ၊ နစ်မြုပ်သူတွေ၊ အသက်ငင်နေသူတွေနဲ့ မြင်မကောင်းအောင်ပါပဲ။

သေချာတာတစ်ခုကတော့ ရှင်သန်ခြင်းဆိုတာ သူတို့နဲ့ ဆန့်ကျင်ဘက်အရပ်ကို ရောက်သွားပါပြီ။

နာရီပိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောရဲ့ အမြင့်ဆုံးခေါင်းတိုင်တိုင်အောင် ရေတွေ ဖုံးလွှမ်းသွားတော့တယ်။ ပိညာဉ်မဲ့ခန္ဓာတွေကတော့ မြင်မကောင်းအောင်ပေါ့။

ဒါပေမဲ့ သံဝေဂဖြစ်စရာ အကောင်းဆုံးမြင်ကွင်းတစ်ခုက ရေပြင်ပေါ်မှာ တင်ကျန်နေခဲ့တယ်။

အဲဒါက . . .

'မိုနာလီဇာ' ဆိုတဲ့ တန်ဖိုးအကန့်အသတ်မဲ့ ကမ္ဘာကျော်ပန်းချီကားကြီးက ရေပေါ်မှာ ပေါလောမျောပါလို့။

ကူသူမရှိ ၊ ကယ်သူမရှိ . . .

ဒီအချိန်မှာ ကမ္ဘာကျော်ဆိုတာ ဘာလဲ . . .

တန်ဖိုးဆိုတာ ဘာလဲ . . . ။

ပုံပြင်ဆုံးသွားတော့ အားလုံးမှာ တိတ်တိတ်ဆိတ်ဆိတ်။

"ပုံပြင်နောက်တစ်ပုဒ် ကျန်သေးတယ်။ ဒါပေမဲ့ အဲဒါကိုတော့ နောက်အပတ်မှ ပြောပြဖို့ ငါစဉ်းစားထားတယ်"

ထို့နောက် ဝေဖြိုးက လွယ်အိတ်ကိုဆွဲရင်း ထရပ်သည်။ ပြီးတော့ ပိုးကဗျာအား သေသေချာချာ တစ်ချက်ကြည့်ကာ . . .

"တကယ်တော့ ငါ ဒီပုံပြင် မင်းကိုပြောပြချင်တာမဟုတ်ဘူး။ သက်ဆိုင်ရာ မိဘတွေကို ပြောပြချင်တာ"

"ရှင် . . ."

အပြင်ဘက်မှာ နေကျဲကျဲပူနေပါ၏။

(အထက်ပါပုံပြင်မှာ Titanic ရုပ်ရှင်ဇာတ်ကားမှ ရရှိခဲ့သောသေဆုံးခြင်း အဘိဓမ္မာတစ်ခုဖြစ်ပါသည်။)

ᅏ ᅏ ᅏ



# XIV

"ရှာလိုက်ရတာ မိုးတိမ်ရယ် . . . ဘယ်တွေပျောက်သွားနေတာလဲ"

ကော်ရစ်တာထောင့်ချိုး၌ မျက်နှာချင်းဆိုင်တွေ့တော့ တွေ့တွေ့ချင်း အေးစုကြည်က အပြစ်တင်သည်။

"ဆရာမ ဒေါ်အေးသီတာခေါ်ထားလို့ သူ့ဆီသွားနေတာ။ ဘာဖြစ်လို့လဲ"

"ကဗျာ . . . မရှိတော့ဘူး။ အိမ်ပြန်သွားပြီ"

မိုးတိမ် နှုတ်မှ မတိုးမကျယ် ဆဲရေးရင်း . . .

"အဲဒါ ထူးဆန်းလို့လား။ အရင်ကတည်းက ပြန်နေကျဥစ္စာ နင်ကလည်း ကြောင်တောင်တောင်နဲ့။ ကဗျာပြန်သွားတာနဲ့ ငါ့ကိုလိုက်ရှာတာနဲ့ ဘာဆိုင်လို့လဲ"

"ကျွတ် . . . နင်ကလည်း ဘာမှမသိဘဲ စွတ်ဟောက်နေပြန်ပြီ။ ကဗျာ ဘာကြောင့်ပြန်သွားတာလဲ သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့်လဲ . . . "

"ဝေဖြိုးပြောပြတဲ့ ပုံပြင်တစ်ပုဒ်ကြောင့်"

"ဘယ်လို . . . "

ဒီတစ်ခါတော့ မိုးတိမ်အနည်းငယ် မျက်နှာပြူးသွားကြောင်း ဝန်ခံပါသည်။

"ဟုတ်တယ် . . . နင်မေးခိုင်းတဲ့အတိုင်း ကဗျာမေးလိုက်တော့ ဝေဖြိုးက အမှန်အတိုင်း ပြောသွားတယ်။ သူ့အခုလို ကဗျာ့ကို ပုံပြင်တွေ လာပြောပြနေတဲ့ ရည်ရွယ်ချက်တစ်ခုရှိတယ်တဲ့။ အဲဒီရည်ရွယ်ချက်က ကဗျာ့ကို လူတစ်ယောက်နဲ့ တွေ့ပေးချင်လို့တဲ့"

"ဟင် . . . "

မိုးတိမ် အံ့ဩသွားကာ ချက်ချင်း ပြန်မေးလိုက်သည်။

"ဘယ်သူလဲ . . . ဘယ်သူနဲ့ တွေ့ပေးချင်တာတဲ့လဲ"

"အဲဒါကိုတော့ ပြောမသွားဘူး။ ပုံပြင်တစ်ပုဒ်ကိုတော့ ပြောပြသွားတယ်။ သူတွေ့ပေးချင်တဲ့လူနဲ့ ပတ်သက်တဲ့ ပုံပြင်လို့ပြောတာပဲ။ ပြီးတော့ ပုံပြင်က နောက်တစ်ပုဒ် ကျန်သေးတယ်တဲ့"

စိတ်ဝင်စားစရာတော့ ကောင်းနေပါပြီ။

"ဒါဆို ပုံပြင်နောက်တစ်ပုဒ်ပြီးသွားရင် ကဗျာ့ကို လူတစ်ယောက်နဲ့ တွေ့ပေးမယ်ဆိုတဲ့ သဘောလား"

"အဲဒါတော့ ငါမသိဘူး။ ဒါပေမဲ့ အဲလိုဖြစ်လိမ့်မယ်ထင်တာပဲ"

ပြောပြီးတော့ အေးစုကြည်မှာ သက်ပြင်းကိုချရင်း အဝေးကို ငေးသည်။ မိုးတိမ်ကတော့ စိတ်ဝင်စားဖွယ်ကောင်းသော လူတစ်ယောက်နှင့် ပုစ္ဆာတစ်ပုဒ်ကို လေးလေးနက်နက် တွေးမိနေပါ၏။

ဒါပေမဲ့ ချက်ချင်းပင် ပေါ့ပါးပစ်လိုက်ကာ . . .

"ထားလိုက်ပါဟာ။ အချိန်တန်တော့လည်း သိရမှာပေါ့။ နင်ရော အိမ်ပြန်တော့မလို့လား"

ထိုအခါမှ အေးစုကြည်မှာ တစ်စုံတစ်ရာကို သတိရသွားသလို-



"ဟဲ့ . . . မဟုတ်ဘူး၊ နင့်ကို လာရှာတာ။ နောက်တစ်ခုပြောဖို့ ကျန်သေးတယ်"

"ဘာလဲ"

"မနက်ဖြန် ကဗျာ့မွေးနေ့"

"ဟုတ်လား"

"အေး . . . အဲဒါ ငါတို့ကို မနက်ဖြန် ကဗျာမုန့်လိုက်ကျွေးလိမ့်မယ်"

"ဟာ . . . ပွတာပဲ။ ဒါဆို မနက်ဖြန် ငါတို့က နှစ်ပွဲဆက်ပေါ့"

"ဒါပေါ့ . . . "

ထိုအခါမှပင် မိုးတိမ်လည်း အေးစုကြည်အား ပြောရမည့် အကြောင်း တစ်ခုကို သတိရသွားကာ . . .

"ငါလည်း အခုမှသတိရတယ်။ မနက်ဖြန် ကျူရှင်မှာ ဆရာမက ကစားပွဲတစ်ခုလုပ်ဖို့ စီစဉ်ထားတယ်တဲ့။ အဲဒါ ငါ့ကို ခုနခေါ်ပြောတာ။ ကျူရှင်ကလူတွေကို လိုက်ပြောပေးဖို့"

"ဘယ်လိုကစားပွဲလဲ"

"မသိဘူး။ ဒါပေမဲ့ ဆုကတော့ တော်တော်များတယ် ပြောတာပဲ"

"ဟုတ်လား"

ဝင်းသွားသော အေးစုကြည်မျက်နှာကြီးအား ကြည့်ရင်း မိုးတိမ် စိတ်ထဲမှာ ကြိတ်ပြုံးဖြစ်သည်။ အလကား . . . သူရမှာ ကျနေတာပဲ။

ထို့နောက်တော့ မိုးတိမ် လုပ်စရာရှိတာကို ဆက်လုပ်ဖို့ ကြိုးစားလိုက်ပါသည်။

"ချောစုတို့အဖွဲ့နဲ့ ဟိုကောင်တွေကို လိုက်ပြောဖို့ ကျန်သေးတယ်။ ငါသွားတော့မယ်"

"အေး . . . အေး . . . မနက်ဖြန် ကျူရှင်ကိုတော့ နင်လာမှာမလား"

www.burmeseclassic.com

"လာမှပေါ့ဟ"

ပြောပြီးတော့ အေးစုကြည်အား ကျောခိုင်းကာ လှည့်ထွက်ခဲ့လိုက်သည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ အေးစုကြည်ပြောလိုက်သော စကားတစ်ခွန်း ကပ်လျက်ပါလာသည်။

"ဝေဖြိုးရဲ့ရည်ရွယ်ချက်က ကဗျာကို လူတစ်ယောက်နဲ့ တွေ့ပေးချင်လို့တဲ့"

ပွဲလေးက တဖြည်းဖြည်းနဲ့ စိတ်ဝင်စားဖွယ် အစိတ်အပိုင်းတစ်ခုသို့ ရောက်လာခဲ့ပါပြီ။



# XV

ဆရာမကိုလည်း ကန်တော့ပြီးပြီ။ ကျွေးတာကိုလည်း စားသောက်ပြီးသွားပြီမို့ အားလုံးက တပြင်ပြင်ဖြစ်နေသည်။ ပြန်ရန်ပြင်နေကြခြင်းမဟုတ်ပါ။ စားပွဲပေါ်တင်ထားသည့် ပထမဟုရေးထားသော ပါကင်ထုပ်အားကြည့်ကာ တပြင်ပြင်ဖြစ်နေကြခြင်း ဖြစ်ပါသည်။

ထိုအခိုက်မှာပဲ ဆရာမအေးသီတာက အတွင်းမှထွက်လာကာ စားပွဲအားတွင် ရပ်လိုက်သည်။ အခန်းထဲမှာက ယောက်ျားလေးတစ်ဖက်၊ မိန်းကလေးတစ်ဖက် ခွဲထိုင်၍ ဆရာမပြောစကားကို နားစွင့်နေကြပါ၏။ ကျူရှင်ဆိုပေမဲ့ လူအများကြီးမဟုတ်ပါ။

ယောက်ျားလေးခြောက်ယောက်နှင့် မိန်းကလေးဆယ်ယောက်သာသာလောက်သာရှိသော အိမ်ကျူရှင်သဘောမျိုးဖြစ်သည်။ မိုးတိမ်၊ ချမ်းမြေ့သွင်တို့အုပ်စုက ယောက်ျားလေးများဘက်ခြမ်းမှ ထိုင်နေပြီး အေးစုကြည်၊ ချောစု နောက်ပြီး အရှည်ကြီးနှင့် ဘယ်တော့မှမတည်သော မစန္ဒာတို့အုပ်စုက မိန်းကလေးများဘက်ခြမ်းမှာ ထိုင်နေသည်။

www.burmeseclassic.com

သူတို့အားလုံး ဆရာမပြောကြားမည့် ကစားပွဲကို စိတ်ဝင်စားလျက် ရှိနေပါ၏။ ထိုစဉ်မှာပဲ ဆရာမအေးသီတာ၏ စကားသံထွက်လာသည်။

"စကြတော့မလား"

"စမယ် . . . ဆရာမ . . . စမယ် . . . "

ယောကျ်ားလေးများအသံက ဝေါခနဲထွက်သွားသည်မို့ ဆရာမက မိန်းကလေးများဘက်သို့ ကြည့်ရင်း . . .

"မိန်းကလေးတွေရော"

"ရပြီဆရာမ . . . စမယ်"

ထိုစကားနောက်မှာတော့ အခန်းတွင်ရှိနေသူတွေအားလုံးမှာ ရင်တဒိတ်ဒိတ်ဖြင့် ဆရာမပြောမည့်စကားကို နားစွင့်နေကြပါပြီ။ ထိုစဉ်မှာပဲ-

"အခုကစားမယ့် စကားပွဲက ယောကျ်ားလေးတစ်ဖက်၊ မိန်းကလေးတစ်ဖက် အမေးအဖြေလုပ်ရမယ့် ကစားပွဲပဲ။ တစ်ဖက်ကမေးတာကို တစ်ဖက်က ဖြေပေးရမယ်။ ဖြေတဲ့နေရာမှာ ကွက်တိမှန်နေဖို့ မလိုဘူး။ အဖြေကို အနီးစပ်ဆုံး တွေးခေါ်နိုင်ရင်ရပြီ။ အဲဒါဆိုရင် တစ်မှတ်ရမယ်။ အဖြေနဲ့တော့ လွဲနေတယ်။ ဒါပေမဲ့ သူ့ရဲ့တွေးခေါ်ပုံက ကောင်းနေတယ်ဆိုရင်လည်း အမှတ်ဝက်ပေးမယ်။ လုံးဝမဖြေနိုင်ဘူးဆိုရင်တော့ ဇီးရိုးပေါ့။

ဆရာမက စကားကိုရပ်ရင်း တစ်ခန်းလုံးကို မော့ကြည့်သည်။

"မေးတဲ့နေရာမှာ တစ်ယောက်ပဲ ထမေးရမယ်။ အဖြေကို အားလုံး ဝိုင်းစဉ်းစားနိုင်ပြီး ဖြေရင်လည်း တစ်ယောက်ပဲ ထဖြေပေးရမယ်။ ဟုတ်ပြီလား"

ထို့နောက် ဆရာမက white board မှာ ယောကျ်ားလေးတစ်ဖက်၊ မိန်းကလေးတစ်ဖက်ချရေးပြီး အမှတ်ပေးရန် ပြင်ဆင်သည်။ ပြီးတော့ အားလုံးဘက်သို့လှည့်ကာ . . .

"ဒီပွဲမှာ ဒုတိယမရှိဘူးနော်။ ပထမပဲ"

"ဟုတ်ကဲ့ပါ"



အားလုံးက စားပွဲပေါ်မှ ပထမဆိုသော ပါကင်ထုပ်အားကြည့်ရင်း တစ်ပြိုင်နက် အော်ကြသည်။ ထိုခဏမှာပဲ . . .

"ကဲ . . . အဲဒါဆိုရင် အခုကစားပွဲနဲ့ပတ်သက်ပြီး မင်းတို့သေချာသဘောပေါက်အောင် ဆရာမ မေးခွန်းတစ်ခုစမေးမယ်။ နှစ်ဖက်စလုံး ဖြေပေးရမယ်။ မှန်တဲ့ဘက်က ပြိုင်ပွဲအတွက် မေးခွန်းအရင်စမေးခွင့်ရှိမယ်။ ဟုတ်ပြီနော်"

ဆရာမစကားနောက်မှာ လုံးဝကို တိတ်ဆိတ်သွားပါတော့၏။ ထိုစဉ်မှာပင် ဆရာမ၏စကားသံကြည်ကြည်ကို စတင်ကြားရလေသည်။

"မြင်းပိုင်ရှင်တစ်ယောက်ဟာ သူ့ရဲ့မြင်းကိုစီးပြီး မြို့တစ်မြို့ကို ဦးတည်သွားခဲ့တယ်။ လမ်းတစ်ဝက်အရောက်မှာ ခြေထောက်မသန်တဲ့လူတစ်ယောက်ကို တွေ့တာနဲ့ မြင်းပိုင်ရှင်က မြင်းပေါ်ကဆင်းပြီး ခြေမသန်သူကို မြင်းပေါ်တက်စီးခိုင်းတယ်။ သူကတော့ မြင်းဇက်ကြိုးကိုဆွဲပြီးတော့ဘဲ ဦးတည်ရာမြို့ကို ခရီးဆက်တာပေါ့။

မြို့ရောက်တယ်ဆိုရင်ပဲ ပိုင်ရှင်က မြင်းပေါ်ကလူကို ဆင်းခိုင်းတော့ အဲဒီလူက မဆင်းဘဲ ဒါက သူ့မြင်းပါလို့ အတင်းငြင်းတယ်။ အဲဒီမှာတင် ပိုင်ရှင်နဲ့ခိုးသူ စကားများကြတာပေါ့။ လူတွေကလည်း သူတို့နှစ်ယောက် အချင်းများရာဆီ ဝိုင်းအုံလာခဲ့တယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ပြဿနာကို ဘယ်သူမှ ဖြေရှင်းမပေးတတ်ဘူး။

"ကဲ . . . ဒီပြဿနာက အခု မင်းတို့ဆီရောက်လာတယ် ဆိုပါစို့။ ပိုင်ရှင်အစစ်နဲ့ ခိုးသူကို အများလက်ခံအောင် မင်းတို့ ဘယ်လိုခွဲခြားပေးမလဲ"

မေးခွန်းဆုံးသည့်နောက်မှာ နှစ်ဖက်စလုံး ခေါင်းချင်းတွေဆိုင်ကုန်ပါတော့၏။ သိပ်မကြာပါ မိန်းကလေးဘက်ခြမ်းမှ တစ်ယောက်မတ်တတ်ရပ်လိုက်သည်ကို တွေ့ရသည်။

ချောစု။

"ဟုတ်ပြီ . . . သမီး ဘယ်လိုဆုံးဖြတ်ပေးမလဲ"

ဆရာမက အတန်းရှေ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း မေးလိုက်တော့..



www.burmeseclassic.com

www.burmeseclassic.com

"သမီးကတော့ မဟောသဓာနည်းကိုပဲ သုံးလိုက်မယ်။ ခိုးသူနဲ့ ပိုင်ရှင်စစ်ကို တစ်ယောက်ချင်းစီခေါ်ပြီး မကြာခင်က မြင်းကို ဘာကျွေးထားသလဲမေးမယ်။ သူတို့ရဲ့အဖြေကို အခြားသူတွေ သိအောင်မှတ်ခိုင်းထားပြီး လူတွေအားလုံးရှေ့မှာပဲ မြင်းကို သျှိသျှားရွက်ထောင်းပြီး တိုက်မယ်။ မြင်းဝမ်းသက်လာခဲ့ရင် အဖြေပေါ်ပြီပေါ့"

ချောစုစကားဆုံးတော့ ဆရာမမျက်နှာ ပြုံးနေသည်။ ထိုစဉ်မှာပဲ ယောကျ်ားလေးများဘက်မှ တစ်ယောက် မတ်တတ်ထရပ်သည်။ သူက မိုးတိမ်ဘေးမှာ ထိုင်နေသည့် ချမ်းမြေ့သွင်။

"ကျွန်တော်တို့ကတော့ အဲလိုအန်းဒိတ်နည်းတွေ မသုံးတော့ဘူး"

ထိုစကားကြောင့် မိန်းကလေးတွေ မျက်နှာမဲ့ကုန်ကာ . . .

"အဲဒါဆို နင်တို့က ဘာနည်းသုံးမှာလဲ"

ဘယ်သူကမေးလိုက်မှန်း မသိပေမဲ့ ချမ်းမြေ့သွင်ကတော့ မျက်နှာကိုမော့ရင်း ပိုင်းစဉ်းစားပေးထားသောအဖြေကို ချပြသည်။

"ကျွန်တော်ကတော့ မြင်းကို ကျွန်တော့်ဆီမှာ တစ်ညထားခဲ့ရမယ်။ မနက်ကျရင် မြင်းပိုင်ရှင်အစစ် ဘယ်သူလဲဆုံးဖြတ်ပေးမယ်လို့ ပြောပြီး သူတို့နှစ်ယောက်ကို ပြန်ခိုင်းလိုက်မယ်။ သူတို့ပြန်သွားပြီဆိုတာနဲ့ မြင်းကို ကျွန်တော် လွှတ်ပေးလိုက်မယ်။ သူတို့နှစ်ယောက်အနက် မြင်းက ဘယ်သူ့နောက်ကို လိုက်သွားသလဲဆိုတာကို အခြားတစ်ယောက်ကို လိုက်ကြည့်ခိုင်းမယ်။

ဒါဆို ပိုင်ရှင်ဘယ်သူလဲ သိရပြီပေါ့။ တိရစ္ဆာန်ဆိုတာ အခြားသူတွေထက် သူတို့ရဲ့သခင်ကို ပိုချစ်တတ်တာ သဘာဝပဲလေ"

"ချမ်းကြီးကွ"

သူတို့ဘက်မှ တစ်ယောက်က ထအော်သည်။ ဆရာမအေးသိတာက သူတို့ယောကျ်ားလေးများဘက်သို့ ကြည့်ကာ ပြုံးတုံးတုံးလုပ်နေပါ၏။ နှစ်ဖက်စလုံးကတော့ ဆရာမ ဆုံးဖြတ်ပေးမည့်အဖြေတစ်ခုကို နားစွင့်လျက် . . .



"မှန်တာကတော့ နှစ်ယောက်စလုံး မှန်ပါတယ်။ ဒီနှစ်နည်းလုံးက မြင်းပိုင်ရှင်အစစ်ကိုဖော်ဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ ယောကျ်ားလေးတွေရဲ့အတွေးက ပိုသစ်တယ်လို့ ဆရာမထင်တယ်"

"ဟေး . . . "

သူတို့တစ်အုပ်လုံး 'ဟေး' ခနဲ ဖြစ်သွားပါသည်။ ဆရာမက လက်ကာပြရင်း . . .

"ကဲ . . . အခုပွဲကို ယောကျ်ားလေးတွေဘက်ကပဲ စမေးလိုက်တော့"

ဒီလိုဆိုတော့လည်း မေးခွန်းတစ်ခုက ချက်ချင်းပင် ထွက်လာပါသည်။ သူတို့ စာသင်ခန်း၏ နံရံတစ်နေရာတွင် ချိန်ဆွဲထားသော ပြက္ခဒိန်ကိုကြည့်၍ ရရှိလိုက်သော မေးခွန်းတစ်ခုပါ။

"ဟိုပြက္ခဒိန်ပေါ်က ဟင်္သာနှစ်ကောင်ရဲ့ အဓိပ္ပာယ်က ဘာလဲ"

အကုန်လုံး၏မျက်လုံးတွေက ညွှန်ပြသောပြက္ခဒိန်ပေါ် ရောက်သွားသည်။ ထူးထူးဆန်းဆန်းမဟုတ်ပါ။ ဟင်္သာဖို၏ ကျောကုန်းပေါ်တွင် ဟင်္သာမ နားနေသော ရုပ်ပုံဖြစ်သည်။

မိန်းကလေးများဘက်မှ ခေါင်းတွေ ပေါင်းစုသွားပေမယ့် မကြာလိုက်သော အချိန်အတွင်းမှာပင် တစ်ယောက်ထရပ်လာကာ . . .

"အမတွေအပေါ်ထားတဲ့ အဖိုတွေရဲ့မေတ္တာလို့ ပြောလို့ရသလို၊ အားနည်းသူကို အားကြီးသူက ကူညီတဲ့သဘောလို့လည်း ပြောလို့ရပါတယ်။ ဒါမှမဟုတ် အမျိုးစောင့်သိမှုလို့လည်း ပြောရင် ရတယ်"

စကားဆုံးသွားတော့ ဆရာမက သူတို့ဘက်သို့ လှည့်ကြည့်ပါသည်။ ပြောသွားသောအဖြေနှင့် ပတ်သက်၍ 'ဘယ်လိုလဲ' ဟူသည့်သဘော။

သူတို့ဘက်ကလည်း ရှင်းပါသည်။

"သူပြောသွားတာ တစ်ခုမှ မဟုတ်ပါဘူး။ လုံးဝမှားပါတယ်။ တကယ့်တကယ် ဟင်္သာဖိုပေါ် ဟင်္သာမ နားနေရတဲ့အဓိပ္ပာယ်က ဟင်္သာဖိုကျောကုန်းညောင်းနေလို့ တက်နှိပ်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တယ်"

မိန်းကလေးတွေဘက်မှ ပွက်လောရိုက်သွားသည်။ အော်သူက အော်၊ ဆရာမကို တိုင်သူကတိုင်နှင့် ဆူညံသွားပါ၏။ ဆရာမကတော့ ဘာမှမပြောဘဲ တိုးတိုးရယ်ရင်း white board မှာ အမှတ်တစ်ခုကို ဖြည့်ပေးနေသည်။ သူတို့ဘက်မှာတော့ မဟုတ်ပါ။ ဒီတစ်ခါ မိန်းကလေးတွေ မေးရမည့်အလှည့်။

ကြိုစဉ်းစားထားပုံရပါ၏။ ကောက်ခါငင်ကာပင် အရှည်ကြီး၏အချစ်တော် မစန္ဒာက ထမေးသည်။

"ဖန်ခါးသီးက ဘာအရသာရှိလဲ။ ဖန်တာလား၊ ခါးတာလား"

မိုးတိမ်တို့ ခေါင်းချင်းဆိုင်ရပြီ။ ဒါပေမဲ့ သိပ်အကြာကြီးမစဉ်းစားလိုက်ရပါ။ မကြာခင် အချိန်တစ်ခုမှာပင် အသင့်လျော်ဆုံးအဖြေကို မိုးတိမ် ရှာတွေ့သွားခဲ့သည်။ ထိုအဖြေကိုတော့ အရင်ကတည်းက ချိတ်ဆက်ရှိသူ အရှည်ကြီးက ခပ်ကြွားကြွားထဖြေသည်။

သူဖြေပုံက ဒီလို။

ထိုင်နေရာမှ အတန်းရှေ့ထွက်သွားပြီး ဆရာမဆီမှ ဆော့ပင်တောင်းကာ white board ပေါ်၌ ညီမျှခြင်းတစ်ခုရေးသည်။

ဖန် = ခါး

ပြီးတော့ ပါးစပ်မှလည်း အားလုံးကြားလောက်ရုံ ရှင်းပြသည်။

"အမှန်တော့ ဖန်တာနဲ့ ခါးတာက အတူတူပါပဲ။ ဘာမှ သိပ်မကွာပါဘူး။ ပါးစပ်ထဲမှာ ဖန်ပြီးရင်း ခါးသွားတတ်တာ သဘာဝပါ။ ဖန်တဲ့အရသာက ခါးတဲ့အရသာရဲ့ အစပျိုးမှုတစ်ခုပါပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ တူညီစွာ ခါးသွားကြပါတယ်။ ဒါကြောင့်မလို့ အဖန်နဲ့အခါးက အတူတူပါပဲ"

အရှည်ကြီးက စကားကိုရပ်ရင်း ရေးထားသော အီကွေးရှင်းကို ထောက်ပြသည်။



"သချာင်္သဘောတရားအရ အီကွေးရှင်းတစ်ခုမှာ တန်ဖိုးတူ၊ လက္ခဏာတူမယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် ချေလိုက်လို့ရပါတယ်။ အခု ဒီအီကွေးရှင်းကိုလည်း ချေပစ်လိုက်မယ်"

~~ဖန်~~ = ~~ခါး~~

"ဒါကြောင့်မလို့ ဖန်ခါးသီးမှာ ဘာအရသာမှမရှိပါဘူး။ မယုံရင် စားကြည့်ပါ။ အစပိုင်းမှာ ဖန်တွဖန်တွ ဖြစ်လောက်ပေမဲ့ နောက်ပိုင်းမှာ ဖောသွပ်သွပ်ဖြစ်သွားပါတယ်"

မှန်တယ်၊ မှားတယ် မသိပေမယ့် သူတို့ဘက်မှာ အမှတ်တက်သွားတာတော့ သေချာပါသည်။ ပြီးတော့ သူတို့မေးအလှည့်ပေမို့ တစ်ယောက်ထရပ်ကာ . . .

"ခွေးတစ်ကောင်ဟာ အမဲရိုးတစ်ချောင်းကို ကိုက်နေတယ်တဲ့။ အဲဒါကို လူတစ်ယောက်ကမြင်တော့ ခွေးကိုမောင်းတယ်။

"ဟဲ့ခွေး . . . ဟဲ့ခွေး . . . သွားစမ်း" ဆိုပြီးတော့ . . . ။

ဒါပေမဲ့ ခွေးကမသွားတဲ့အပြင် ပိုကိုက်ပြတယ်။ ဒါနဲ့ လူကလည်း အသံကျယ်ကျယ်နဲ့ ထပ်မောင်းတာပေါ့။

"ဟဲ့ခွေး . . . သွားစမ်း . . . သွားစမ်း" လို့။ ခွေးကတော့ အမဲရိုးကိုကိုက်ပြီးရင်းသာ ထပ်ကိုက်လို့နေပါတယ်။ အဲမှာတင် လူကမောင်းမရလို့ ခွေးကို နီးစပ်ရာခဲတစ်လုံးနဲ့ ကောက်ပေါက်လိုက်တယ်တဲ့။ ခွေးမှာ အမဲရိုးကိုပစ်ချလို့ တဂိန်ဂိန်အော်ရင်း ထွက်ပြေးသွားရပါတယ်။

ဒီဖြစ်စဉ်မှာ ခွေးနဲ့လူ ဘယ်သူကမှန်ပြီး ဘယ်သူကမှားတာလဲ"

မေးခွန်းဆုံးတော့ မိန်းကလေးများမှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြူးကြောင်ကြောင်တွေ ဖြစ်ကုန်သည်။ မေးခွန်းအားနားမလည်သည့်ပုံစံမျိုးကိုလည်း တွေ့ရသည်။ ထင်သည့်အတိုင်းပါပဲ။

"နင့်မေးခွန်းကို ငါတို့နားမလည်ဘူး။ နောက်တစ်ခေါက် ထပ်ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းမေးသူမှာ သက်ပြင်းကိုချရင်း နောက်တစ်ခေါက် ထပ်ပြောပြပါသည်။ ဒါပေမဲ့ ပြန်ဖြေသံထွက်မလာပါ။ အချိန်တစ်ခုကြာသွားသည့်တိုင်အောင် အဖြေထွက်မလာသည့် အဆုံးမှာတော့ . . .

"ငါတို့ မဖြေတတ်တော့ဘူး"

ထိုစကားနဲ့အတူ ဆရာမအေးသီတာကပါ . . .

"ကဲ . . . သူတို့က မဖြေတတ်တော့ဘူးတဲ့။ ဒါပေမဲ့ မင်းတို့မေးခွန်းရဲ့အဖြေကို မိန်းကလေးတွေ သိချင်နေကြတယ်။ သူတို့နားလည်အောင် ရှင်းပြပေးလိုက်ကြ"

မေးခွန်းမေးသူကျောင်းသားပင် တစ်ခါပြန်မတ်တတ်ရပ်ပါသည်။ မရှင်းပြလို့မရ။ white board မှာ အမှတ်တက်မလာသေး။

"ခုနဖြစ်စဉ်မှာ ခွေးကမှန်ပြီး လူကမှားပါတယ်"

"ဘာဖြစ်လို့လဲ။ ခွေးက သူ့ကိုမောင်းတာကို နားမထောင်ဘဲ အမဲရိုးကို ဆက်ကိုက်ပြနေတာလေ"

မိန်းကလေးတွေဘက်မှ တစ်ယောက်က မကျေမနပ် ထပြောသည်။

"ဒါကိုက ခွေးဟာ စကားနားထောင်ပြီး အရမ်းလိမ္မာတယ်ဆိုတာ ပြလိုက်တာပါပဲ"

"ဟင် . . . "

"ဟုတ်တယ်လေ . . . မောင်းတဲ့လူ . . . 'ဟဲ့ခွေး . . . သွားစမ်း . . . သွားစမ်း' ဆိုပြီးမောင်းတော့ ခွေးက သူ့ 'သွား' ကို စမ်းခိုင်းတယ်ထင်ပြီး သူ့သွား ဘယ်လောက်ကောင်းကြောင်း၊ ဘယ်လောက်ခိုင်မာကြောင်း အမဲရိုးကို အားရပါးရ ကိုက်ပြတာပေါ့။ ဒါကို လူက သဘောမပေါက်ဘဲ ခဲနဲ့ထုလွှတ်လိုက်တော့ သူမှားသွားတာပေါ့။ အမှန်ဆို ခွေးမောင်းတာက 'ဟဲ့ခွေး' ဆိုတဲ့ စကားနှစ်လုံးတည်းနဲ့ လုံလောက်ပါတယ်"

"ဝေါ . . . ဖြောင်း . . . ဖြောင်း . . . "

ယောက်ျားလေးတွေ လက်ခုပ်ထတီးကုန်သည်။ ဆရာမက မချို



မချဉ်ပြုံးကာ white board မှာ အမှတ်တိုးပေးသည်။ ယခုအလှည့်က မိန်းကလေးမေးရမည့်အလှည့် . . .

ဒီတစ်ခေါက်တော့ အေးစုကြည် မတ်တတ်ထရပ်သည်။ ပြီးတော့ . . .

"ကိုမှန်နဲ့ ကိုမှားက စာတစ်ပုဒ်ကို အပြိုင်ဖြေကြတယ်တဲ့။ ဖြေပြီး ဆရာမကိုလည်းသွားပြရော ဆရာမက ကိုမှန်ရဲ့စာကို အမှားပေးပြီး၊ ကိုမှားရဲ့စာကိုကျတော့ အမှန်နှစ်ခုတောင် ပေးလိုက်တယ်။ တကယ့်တကယ် ကိုမှန်ရဲ့အဖြေကမှန်ပြီး ကိုမှားရဲ့အဖြေက နာမည်အတိုင်း မှားနေတာပါ။ ဒါပေမဲ့ ဆရာမ ဘာလို့ အဲလိုလုပ်လိုက်တယ်ဆိုတာ ဘယ်သူမှ စဉ်းစားလို့မရအောင် ဖြစ်နေကြတယ်။

ဆရာမကတော့ သူ့ဆုံးဖြတ်ချက်မှန်တယ်လို့ ပြောပါတယ်။ ဆရာမ ဘယ်လိုအတွေးမျိုးနဲ့ ဆုံးဖြတ်ပေးလိုက်တာလဲ"

မေးခွန်းလေးက လှပါသည်။ ဒါပေမဲ့ မေးခွန်းအား နားထောင်နေစဉ်အတွင်းမှာပင် မိုးတိမ် မြုပ်ကွက်အချို့ကို ရိပ်မိလိုက်သည်။

မတ်တတ်ထရပ်တော့ တစ်ဖက်ခြမ်းမှအကြည့်တွေ သူ့ထံရောက်လာသည့် ထုံးစံအတိုင်းပါပဲ စကားမပြောခင် အပြုံးတစ်ခု အရင်ပြုံးမိ၏။

'အေးဆေးပါ' ဟူသည့်အပြုံး။ ပြီးတော့မှ . . .

"ဆရာမရဲ့ဆုံးဖြတ်ချက် မှန်ပါတယ်။ ကိုမှန်ရေးထားတဲ့စာကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အမှားပေးရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုမှန်က စာကို ပြောင်းပြန်ကြီး ရေးထားတာကိုး"

"ဟင် . . . "

"ဟုတ်တယ်လေ . . . ။ မှန်စာဆိုတာ သာမန်အတိုင်းကြည့်ရင် ပြောင်းပြန်ကြီးပဲ။ မှန်မှာထောင်ကြည့်မှ အတည့်မြင်တာ။ အဲတော့ ဆရာမက အမှားပေးပြီပေါ့"

"ဒါပဲကွ"

"ပထမဆုကြီးကတော့ တဖြည်းဖြည်း နီးလာပြီ"




www.burmeseclassic.com

www.burmeseclassic.com

အရှည်ကြီးနှင့် ချမ်းမြေ့သွင်က လက်မထောင်ကာ မကြားတကြားပြောသည်။

"ကိုမှားရဲ့အဖြေကို အမှန်နှစ်ခုပေးတယ်ဆိုတာက ဒီလိုဖြစ်ပါလိမ့်မယ်"

မိုးတိမ်ရပ်နေရာမှ အတန်းရှေ့သို့ထွက်ကာ white board မှာ အမှန်နှစ်ခု ခြစ်ပြလိုက်သည်။



ပြီးပြီပေါ့။

အေးစုကြည် အေးအေးသက်သာပင် ခေါင်းညိတ်ပြပါသည်။ အမှတ်တက်သွားပြန်ပြီမို့ တစ်ဖွဲ့လုံးမှာ ဆိုဖွယ်ရာမရှိတော့။

အလှည့်ကျလာရာ မေးခွန်းကိုလည်း မိုးတိမ်မှပင် တစ်ဖွဲ့လုံးအစား မေးပေးလိုက်သည်။ သူ့ရဲ့မေးခွန်းက ဒီလို . . . ။

"ပုံပြင်လေးတစ်ပုဒ်ပေါ့။ လူတိုင်းသိနေကျ ပုံပြင်လေးပါပဲ။ တရုတ်၊ ကုလား၊ မြန်မာလူမျိုးသုံးမျိုးဟာ အစားအသောက်ပြိုင်ပွဲတစ်ခုကို ကျင်းပကြတယ်တဲ့။ ဘယ်လူမျိုးရဲ့ အစားအစာက အကောင်းဆုံးဖြစ်သလဲပေါ့။

ပြိုင်ကြတော့ တရုတ်က သူတို့ပြည်မှာရှိတဲ့ အကောင်းဆုံး စားဖိုမှူးနဲ့ သူတို့ရဲ့ ကိုယ်ပိုင်ဟင်းလျာတွေကိုမြင်တာနဲ့ စားချင်စဖွယ်ဖြစ်အောင် ပြင်ဆင်တယ်။ ကုလားကလည်း အိန္ဒိယပြည်က ထိပ်တန်းစားဖိုမှူးတွေနဲ့ ဟင်းလျာတွေကို မဆလာနံ့လေးသင်းပြီး အနံ့ခံမိတာနဲ့ စားချင်စိတ်ဖြစ်အောင် ပြင်ဆင်ပြီး ပြိုင်ပွဲဝင်တယ်။ အဲဒီအချိန်မှာ မြန်မာ



ကတော့ အသီးလေးတစ်လုံးနဲ့ ဓားလေးတစ်ချောင်းကိုကိုင်ပြီး ပြိုင်ပွဲဝင်တယ်တဲ့။

ပြိုင်ပွဲစတော့ တရုတ်ဟာ သူ့ဟင်းလျာတွေကို ကြည့်နေသူတွေသွားရည်ကျအောင် အားရပါးရ စားပြတယ်။ သူများတွေ သွားရည်ကျပေမယ့် မြန်မာတွေကတော့ ကောင်းကောင်းထိန်းနိုင်ပါတယ်။ ဒီလိုပဲ ကုလားတွေအလှည့်မှာလည်း သွားရည်မကျအောင် ထိန်းနိုင်ခဲ့တယ်။

အဲ . . . မြန်မာတွေအလှည့်လည်းရောက်ရော ပါလာတဲ့ အသီးလေးတစ်လုံးကို ဓားနဲ့စိပ်ပြီး စားပြလိုက်တယ်ဆိုရင်ပဲ . . .

အသီးရဲ့အရသာကြောင့် ဖြစ်ပျက်သွားတဲ့ မျက်နှာပုံပန်းကိုကြည့်ပြီး ဘယ်သူမှမနေနိုင်တော့ဘဲ သွားရည်ကျကုန်တော့တယ်တဲ့။

တချို့က မြန်မာတွေအနိုင်ရအောင် စွမ်းဆောင်ပေးခဲ့တဲ့ အသီးကို ရှောက်သီးလို့ပြောကြတယ်။ တချို့ကလည်း သံပုရာသီးလို့ ပြောကြတယ်။ ကျွန်တော်သိချင်တာက အစားအသောက်ပြိုင်ပွဲမှာ မြန်မာတွေသုံးသွားတဲ့အသီးက ရှောက်သီးလား၊ သံပုရာသီးလား။

အဲဒီပြိုင်ပွဲကရော ဘယ်မင်းလက်ထက်မှာ ပြိုင်ခဲ့တဲ့ ပြိုင်ပွဲလဲ"

မေးခွန်းက လုံးဝအလွင်ကြီးပါ။ ဖြီးချလို့မရသော မေးခွန်း။ မိန်းကလေးများပင်မဟုတ်၊ ဆရာမပါ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ အဖြေမသိသေးသော တချို့ယောကျ်ားလေးတွေမှာလည်း ဖင်တကြွကြွ။

တစ်ယောက်မျက်နှာတစ်ယောက် ပြူးကြောင်ကြောင်ကြည့်ကုန်ကြပေမဲ့ အဖြေမရှိဘူးဆိုတာ သေချာပါသည်။ ဆရာမကလည်း အခြေအနေကို သဘောပေါက်စွာ . . .

"ကဲ . . . မိုးတိမ် မင်းမေးတဲ့မေးခွန်းကို ဖြေနိုင်မှာလည်း မဟုတ်ကြပါဘူး။ အဲတော့ မင်းပဲ အဖြေပြောပြလိုက်တော့"

မိုးတိမ် ခပ်တည်တည်ပင် အတန်းရှေ့ထွက်လိုက်ပြီး . . .

"အစားအသောက်ပြိုင်ပွဲမှာ မြန်မာတွေသုံးသွားတဲ့အသီးက ရှောက်သီးပါ။ ဘယ်မင်းလက်ထက်မှာလည်းဆိုတော့ 'ကနောင်မင်းသားကြီး' လက်ထက်မှာဖြစ်ပါတယ်"

www.burmeseclassic.com


"ဟင် . . . "

"ဘာလဲဟ . . . "

အရင်ကတည်းက ထိုအသံတွေကို ကြိုတွက်ထားသည်မို့ လက်ကာရင်း ဆက်ရှင်းသည်။

"ဒီပုံပြင်က တကယ်ရှိခဲ့တဲ့ ပုံပြင်မဟုတ်တော့ ပုံပြင်ရဲ့အဖြေဟာလည်း ဒဏ္ဍာရီဆန်ဆန်ပဲ ထွက်ပါတယ်"

စကားကိုရပ်ကာ white board တွင် ပုံတစ်ပုံဆွဲပြသည်။




"ဒီပုံကိုကြည့်ရင် ဆိုင်းဝိုင်းတွေမှာသုံးတတ်တဲ့ 'မောင်း' အသေးစားလေးတစ်ခုနဲ့ သွားဆင်နေတာတွေ့ရတယ်။ 'မောင်း' ဆိုတာ အရွယ်အစားမျိုးစုံသလို တီးရင်လည်း အရွယ်အစားအလိုက် အသံမျိုးစုံထွက်ပါတယ်။ 'မောင်း' အကြီးကြီးတွေက 'ဒူ' လို့အသံထွက်ပြီး အသေးတွေက 'နောင်' လို့အသံထွက်တယ်။ အလွန့်အလွန်သေးတဲ့ ရှောက်သီးသာသာအရွယ် 'မောင်း' လေးတွေဆိုရင်တော့ . . .

"ကနောင် . . . "

လို့ အသံထွက်ပါတယ်။ အဲတော့ 'ရှောက်သီး' နဲ့ 'သံပုရာသီး' တစ်ခုခုကို အသုံးပြုခဲ့တဲ့ အစားအသောက်ပြိုင်ပွဲဟာ 'ကနောင်မင်းသားကြီး' လက်ထက်မှာ ယှဉ်ပြိုင်ခဲ့တာပါ"

"မိုက်လှချည်လားကွ"

"ဟီး ဟီး . . . ခစ် ခစ်"

"သောက်ရမ်းဆန်းတယ်ဟေ့"



ဟိုမှသည်မှ အသံတွေထွက်ကုန်သည်။ မိုးတိမ်စကားကို ထပ်ဆက်သည်။ အဖြေနောက်တစ်ခု ကျန်နေသေးသည် မဟုတ်ပါလား။

"ကနောင်မင်းသားကြီး လက်ထက်မှာဆိုကတည်းက တွက်လို့ရပါပြီ။ ကနောင်မင်းသားကြီးဟာ တခြားပြင်ပနိုင်ငံတွေက မြန်မာနိုင်ငံကို အထင်သေးမှာ အရမ်းစိုးရိမ်တဲ့ မင်းသားကြီးပါ။ ဒါကြောင့် တိုင်းတစ်ပါးကို ပညာတော်သင်စေလွှတ်ရင်တောင်မှ ဉာဏ်ပညာထက်မြက်တဲ့လူတွေ၊ အရပ်ခြောက်ပေကျော်တဲ့လူတွေကိုသာ ရွေးချယ်စေလွှတ်တတ်ပါတယ်။

အခုလည်း ဒီအတိုင်းပဲပေါ့။ လူမျိုးသုံးမျိုးပြိုင်ကြတဲ့ပြိုင်ပွဲမှာ ကနောင်မင်းသားကြီးဟာ ဘယ်လိုနည်းနဲ့မှ မြန်မာလူမျိုးကို အထင်သေးခံမှာမဟုတ်ပါဘူး။ အဲဒါကြောင့်မလို့ မြန်မာတွေသုံးသွားတဲ့အသီးဟာ အလုံးသေးတဲ့သံပုရာသီး မဖြစ်နိုင်ဘဲ တိုင်းတစ်ပါးသားတွေ အထင်မသေးနိုင်တဲ့ အလုံးကြီးတဲ့ 'ရှောက်သီး' သာ ဖြစ်နိုင်ပါတယ်"

ဝေါခနဲရယ်သံတွေ ဆူညံသွားသည်။ ဆရာမပင် မနေနိုင်ဘဲ ကျောင်းသားများနည်းတူ လိုက်ရယ်ပါ၏။ ပြီးတော့ ဘယ်သူက စလိုက်သည်မသိ . . .

"ဖြောင်း . . . ဖြောင်း . . . "

လက်ခုပ်သံနှစ်ချက်နောက်မှာတော့ . . .

ဆရာမအပါအဝင် နားထောင်သူအားလုံးသည်ကား . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "



www.burmeseclassic.com

www.burmeseclassic.com

# XVI

ကျူရှင်ကဆင်းတော့ အောက်မှာ ကဗျာ့ကားရောက်နေပြီ။ သက်သက်လင်းလည်း ပါလာသည်မို့ သူတို့အုပ်စုလိုက်ကြီး ကားပေါ် တက်ထိုင်ကာ ပါသွားကြသည်။

ကဗျာက သူတို့ကို မြို့ထဲမှာ မုန့်လိုက်ကျွေးပါ၏။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ကဗျာ့မျက်နှာမကောင်း။ တစ်စုံတစ်ရာသော ဖိစီးမှု တစ်ခု သူမအား ဝင်ရောက်စိုးမိုးထားသည်ထင်သည်။

မုန့်စားပြီးသွားတော့ အားလုံး၏ သဘောတူညီမှုအရ နောက် တစ်နေရာကို အင်းယားသို့ ရွေးကြသည်။ ဒီလိုနှင့် သူတို့အုပ်စုလိုက်ကြီး ကန်ပေါင်သို့ ရောက်ခဲ့ပါသည်။ မုန့်ဆိုင်တန်းတွေမှာ ကားကို ပါကင် ထိုးပြီး၍ ကားပေါ်မှဆင်းသည့်တိုင်အောင် ကဗျာ့မျက်နှာ မကောင်းသေး။

သူ ဘာလုပ်ပေးရမလဲ။ ကဗျာပျော်အောင် ဘာလုပ်ပေးရမလဲ။ သိပ်မစဉ်းစားရပါ၊ တစ်နေရာအရောက်မှာပင် သူများတွေကို ဒုက္ခပေးနေ ကျဦးနှောက်က လင်းခနဲ ဖြစ်သွားသည်။ အဲဒါက ကန်ပေါင်သို့တက် သည့် အုတ်တိုင်တန်းကို ကျော်လွန်ပြီး ဘယ်ဘက်ခြမ်းမှာရှိသော ချစ်သူ လမ်းကြားလေးအရောက်မှာပါ။

ကျောက်ခဲတို့ကို စီခင်းထားပြီး သစ်ပင်ပုလေးများ၊ ကျောက် တုံးအကြီးကြီးများနှင့် အလှဆင်ထားသည့် လမ်းကြားလေး။ ချစ်သူစုံတွဲ များထိုင်ရာ လမ်းကြားလေး။ သစ်ပင်ပုလေးများ၊ ကျောက်တုံးကြီးများ



နှင့် အကာအကွယ်ကောင်းသည်မို့ အမြဲ လူစည်နေတတ်သည့် လမ်းကြား လေး။

"ကဗျာ . . . ဖုန်းပါတယ်မလား"

"ပါတယ်လေ"

"ငါ့ကို ခဏပေးစမ်းပါ"

ကောက်ခါငင်ကာ ဖုန်းထတောင်းတော့ ကဗျာလည်း ဘာမှန်း မသိ လက်မှာကိုင်ထားသည့်ဖုန်းကို သူ့ရှေ့သို့ ထိုးပေးသည်။

"ဖုန်း ဘယ်သူပါသေးလဲ"

ကဗျာပေးသောဖုန်းကို လှမ်းယူကာ ထပ်မေးတော့ . . .

"ငါ့မှာလည်း ပါတယ်"

သက်သက်လင်းက လွယ်အိတ်ထဲမှ ဖုန်းကိုထုတ်သည်။

"ဟုတ်ပြီ . . .။ ငါတို့ လမ်းတစ်ဝက်လောက်ရောက်ရင် ဖုန်း ခေါ်လိုက် . . . သိလား"

"ဟင်"

သဘောမပေါက်စွာ သက်သက်လင်း ကြောင်ကာကြည့်နေ တော့ . . .

အခြေအနေကို သဘောပေါက်သွားပြီဖြစ်သော အရှည်ကြီးက..

"သြော် . . . ငါတို့ ဟိုကျောက်တုံးကြီးနားရောက်ရင် ဖုန်းခေါ် လိုက်လို့"

ထိုသို့ပြောပြီး သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားပါသည်။ ဒါမျိုးဆို သုံးယောက်လုံးက ညှိစရာမလိုပါ။

ထိုစဉ် . . .

"နင်တို့ ဘာလုပ်ကြမလို့လဲ"

အေးစုကြည့်ကမေးတော့ . . .

"သိချင်ရင် လမ်းဝက လာစောင့်ကြည့်ချည်"

မိုးတိမ် ထိုသို့ပြောလိုက်ပြီးနောက်မှာ သုံးယောက်သားက စစ် မြေပြင်ထွက်တော့မည့် စစ်သူကြီးသုံးယောက်၏ ခြေလှမ်းမျိုးတွေဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူလမ်းကြားလေးထဲသို့ . . .

ထင်သည့်အတိုင်းပါပဲ။ ကဗျာတို့သုံးယောက်မှာလည်း သူတို့ဘာလုပ်ကြမလဲ လမ်းဝက လာစောင့်ကြည့်နေသည်။

ကွက်တိပင် လမ်းတစ်ဝက်ရောက်စဉ်မှာပဲ မိုးတိမ်လက်ထဲမှ ကိုင်ထားသည့်ဖုန်းက ထမြည်လာသည်။ ထိုအခိုက်မှာပဲ သူတို့သုံးယောက်၏ mood တွေမှာ ချက်ချင်းပြောင်းသွားပါတော့၏။

"ဟယ်လို . . . ဟော့ကောင် . . . ငါတို့ရောက်နေပြီ"

မိုးတိမ်၏ အသံကျယ်ကြီးကြောင့် အနီးအနားမှ စုံတွဲနှစ်တွဲလန့်ဖျန့်ကာ မော့ကြည့်သည်။ မိုးတိမ် volume ကိုမလျှော့ပါ။ တစ်ဆင့်ပင် ထပ်မြှင့်ကာ . . .

"ဘာဖြစ်တယ် . . . မင်းညီမက အကျီအဝါရောင်ဝတ်ထားတယ် ဟုတ်လား"

ပြီးတော့ အရှည်ကြီးနှင့် ချမ်းမြေ့သွင်ဘက်သို့လှည့်ကာ . . .

"ဟော့ကောင်တွေ . . . ဇော်ကြီးညီမက အကျီအဝါရောင်ဝတ်ထားတယ်တဲ့။ ရှာကြ . . . ရှာ . . . ရှာ . . . "

တစ်လမ်းလုံး ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ပေပြီ။ သုံးယောက်လုံး သူခိုးဖမ်းသလို အပြေးအလွှားနှင့် ပွဲကြမ်းလိုက်တော့ . . .

ကိုယ့်ဖီးလ်နှင့်ကိုယ် ရှိနေကြသော စုံတွဲတွေမှာ မျက်ကလူးဆန်ပြာဖြင့် ဘာမှန်းညာမှန်းမသိ ပြူးတူးကြောင်တောင်တွေ ဖြစ်ကုန်ကြသည်။ ဒါကိုပင် မရသေးဘဲ မိုးတိမ်မှာ အသံကျယ်ကြီးဖြင့် ဖုန်းကို နားနှင့်ကပ်ကာ . . .

"အေး . . . ရှာနေပြီ။ ဒီမှာ ငါတို့ရှာနေပြီ။ အကျီအဝါရောင်နော်။ အေး . . . အေး . . . မြင်ရင်တော့ ငါမှတ်မိတယ်"

ပြီးတော့ ခပ်လှမ်းလှမ်း သစ်ပင်အောက်မှ စုံတွဲတစ်တွဲအား သွားကြည့်နေသော ချမ်းမြေ့သွင်ကို . . .

"ဟော့ကောင် . . . တွေ့လား"

"မတွေ့ဘူး"



ဟိုကလည်း အကျယ်ကြီးထအော်သည်။

"ဟာ . . . ဒီမှာ အဝါရောင်တွေ့ပြီ"

အရှည်ကြီး၏ အသံနဲ့အတူ ထီးကွယ်ထားသော စုံတွဲတစ်တွဲဝုန်းခနဲ ထရပ်တော့ . . .

အလျှင်အမြန်ပင် ပြေးသွားလိုက်ကာ ကောင်မလေးအား သေချာကြည့်ရင်း . . .

"ဟာ . . . မဟုတ်ဘူး၊ မဟုတ်ဘူး . . . သူမဟုတ်ဘူး။ ဆောရီးပါဗျာ . . . ကျွန်တော့်သူငယ်ချင်းရဲ့ ညီမလေးတစ်ယောက်ကျောင်းမတက်ဘဲ ရည်းစားနဲ့ လာချိန်းတွေ့နေတယ်ကြားလို့ လာရှာတာပါ။ အကျီအရောင်ချင်း တူသွားလို့ . . . ဆောရီးနော်"

အမျိုးသားမှာ သိပ်ကျေနပ်ချင်ပုံမရ။ ထို့ကြောင့် အရှည်ကြီးအားဆွဲကာ ခပ်မြန်မြန်ပင် လစ်ထွက်ခဲ့သည်။ လမ်းတစ်လျှောက်ရှိသမျှအတွဲတွေမှာလည်း သူတို့သုံးယောက်အားကြည့်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိကြ။ အဝါရောင်ဝတ်ထားသော မိန်းကလေးတချို့မှာ ထပဲပြေးရတော့မလို၊ ပုန်းပဲ ပုန်းရတော့မလိုနှင့် တစ်ခဏတာ သွေးလေချောက်ချားသွားသည်။

ဒါပေမဲ့ သူတို့ရဲ့ မောင်တော်တွေကတော့ . . .

တစ်စုတစ်စည်းထဲ အလုပ်တစ်ခုကို ပြိုင်တူဝိုင်းလုပ်ကြသည်။ အဲဒါက သူတို့သုံးဦး၏ ခန္ဓာကိုယ်တွေပေါ် တဒိုင်းဒိုင်းရောက်လာသည့် မကျေမချမ်းအကြည့်များ။

မဖြစ်တော့ ဒီနားမှာဆက်နေလျှင် ဒုက္ခများသွားနိုင်သည်။ ပတ်ဝန်းကျင်က ခဲပေါ်သည်။ ဒီတော့ . . .

ခပ်သွက်သွက်ပြေးထွက်လာသော သူတို့သုံးယောက်အား ရယ်ချင်ပက်ကျိမျက်နှာကိုယ်စီဖြင့် မိန်းကလေးသုံးယောက်က ရပ်ကာကြည့်နေသည်။ အကုန်လုံးက ရယ်ချင်စိတ်ကို မရမက ဖုံးဖိထားရသည့်ပုံဟန်။

ကန်ပေါင်ပေါ် ရောက်ရောက်ချင်းမှာပဲ မထိန်းနိုင်တော့ဘဲ ဝါးခနဲ

www.burmeseclassic.com

အော်ရယ်လိုက်ကြပါတော့၏။ တော်တော်နှင့်ကို အတောမသတ်ကြတော့။ ကာယကံရှင် သူတို့သုံးယာက်မှာလည်း မောမောနှင့်ပင် လိုက်ရယ်မိကြသည်။

ဘာပဲပြောပြော စိတ်လက်ပေါ့ပါးသွားတာတော့ သေချာပါသည်။ သူကတော့ ပြုံးရွှင်သွားသော ကဗျာမျက်နှာလေးအား တစ်ချက်တစ်ချက် လှမ်းကြည့်ရင်း ရင်ထဲမှာ ကြည်နူးနေမိသည်။

ဒီလိုနှင့် ကန်ပေါင်တစ်လျှောက် လျှောက်လာကြရင်း ရေစက်ထားရာ တိုက်ပုလေးနားသို့အရောက် . . .

"ငါတို့ ဒီပေါ်တက်ထိုင်ရအောင်"

"အေး . . . ငါလည်း ပြောမလို့"

ကဗျာနှင့်သူ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ပြုံးကာ တိုက်ပု၏ ခေါင်မိုးလေးပေါ်သို့ တက်လိုက်ကြပါသည်။ မိန်းကလေးများမှာ မတတ်နိုင်သည်မို့ သူနှင့်အရှည်ကြီး တစ်ယောက်တစ်ဖက် ဆွဲတင်ပေးရသေးသည်။

ချမ်းမြေ့သွင်ကတော့ တိုက်ပုလေးအတွင်းမှ နေကြာစေ့နှင့် ငါးမုန့်ကြော်ဝယ်ပြီးမှ အပေါ်တက်လာသည်။ ထို့နောက်တော့ ခြောက်ယောက်သား ကန်ရေပြင်ဘက် ခြေတွဲလောင်းချထိုင်ကာ နေကြာစေ့စားရင်း ထွေရာလေးပါး ပြောမိကြသည်။

တစ်အောင့်ကြာတော့ မိုးတိမ် ထိုင်နေရာမှထကာ ခေါင်မိုးလေး၏ တစ်နေရာသို့ သွားလိုက်သည်။ ပြီးတော့ . . . လွယ်အိတ်ထဲက correction pen ကိုထုတ်ကာ သူတို့ထိုင်နေရာ ခေါင်မိုးကျောက်ပြားပေါ်မှာပင် ကဗျာတစ်ပုဒ် ရေးလိုက်ပါ၏။

ထိုစဉ်မှာပင် ပိုးကဗျာ အနားရောက်လာကာ သူ့ဘေးမှာ ကျုံ့ကျုံ့လေးဝင်ထိုင်ရင်း . . .

"မိုးတိမ် . . . ဘာလုပ်နေတာလဲ"

"ကဗျာရေးနေတာ"

သူမက ရေးလက်စာအကြောင်းအချို့ကို ဖတ်ရင်း . . .

"နင်က ကဗျာဝါသနာပါတယ်လား"

"အေး . . . ပါတယ်။ ဒါပေမဲ့ ဒီကဗျာက ငါ့အတွက်မဟုတ်ဘူး။ လူတစ်ယောက်ကို လက်ဆောင်ပေးမလို့"

နားမလည်သော အကြည့်တစ်စုံ သူ့ထံရောက်လာသည်။

"ဟုတ်တယ် . . . လူတစ်ယောက်ကို မွေးနေ့လက်ဆောင်ပေးမလို့"

သူမမျက်နှာ ရှဲခနဲ ပန်းရောင်ရည်စိုသွားသည်ကို သတိပြုမိသည်။ ပြီးတော့ နှုတ်ခမ်းကိုကိုက်ကာ သူ့ကို မရဲတရဲမော့ကြည့်၍ . .

"ငါ့ကိုလား"

"အင်း . . . "

ခေါင်းကိုငုံ့ထားပေမဲ့ ပိုးကဗျာ သူ့ကိုစိုက်ကြည့်နေတယ်ဆိုတာ အလိုလို ခံစားမိနေသည်။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ။

တစ်အောင့်ကြာတော့ မိုးတိမ် correction pen ကို အဖုံးပိတ်လိုက်သည်။ ထိုအခြင်းအရာကိုကြည့်၍ . . .

"ပြီးသွားပြီလား"

"ဟင့်အင်း . . . တစ်ဝက်ကျန်သေးတယ်"

ဒုတိယမြောက် နားမလည်မှု အကြည့်တစ်စုံ ထပ်ရောက်လာပေမဲ့ မိုးတိမ်မျက်ဝန်းကို အဝေးပို့လိုက်သည်။ ဒါပေမဲ့ ဆွေးရိပ်တစ်ရိပ်က မျက်ဝန်းမှာ သူ့အလိုလို ရောက်လို့လာပါ၏။

"ဘာလို့ ဆက်မရေးတာလဲ"

တိုးဖွဖွလေး သူမဆိုတော့ . . .

ထိုင်နေကြသော သူငယ်ချင်းတွေ၏ ကျောပြင်များအား ကျော်ကာ ကန်ရေပြင်ဆီသို့ ရီဝေဝေလှမ်းငေးရင်း . . .

"ဆက်ရေးလို့ မရတော့လို့။ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ငါ ဒီကဗျာလေးကို အဆုံးသတ်နိုင်အောင် ကြိုးစားမှာပါ"

www.burmeseclassic.com

"အမှား"
တကယ်ဆို ငါတို့တွေကိုက
မှားယွင်းလို့ လူဖြစ်လာခဲ့ကြတာပါ။
ငါတို့ . . .
အမှားတွေကို ဖက်တွယ်ခဲ့တယ်၊
အမှားတွေရဲ့ ဖြားယောင်းမှုမှာ
မိန်းမောခဲ့တယ်၊
အမှားကို အမှန်ထင်ပြီး
အမှားကိုပဲ ဘုရင်တင်ခဲ့တယ်၊
အမှားကို အရှင်သခင်လို ကိုးကွယ်ခဲ့တယ်၊
. . . . . .
"အမှန်"
အမှားထဲမှာနေပြီး အမှန်ကိုရှာခဲ့တာ
ငါ . . .
ရှည်နဲ့လွန်းလှပြီ
ဒါပေမဲ့ . . .



## XVII

အိပ်လို့မပျော်သည်မို့ ပိုးကဗျာ ခုတင်ပေါ်ထိုင်ရင်း ရောက်တတ်ရာရာကို တွေးတောနေသည်။ ရောက်တတ်ရာရာဆိုပေမယ့် တကယ်တန်းတွေးမိသည်က ဆေဖြိုးပြောသွားခဲ့သော ပုံပြင်တစ်ပုဒ်နှင့် စကားတစ်ခွန်းပါ။

ပုံပြင်ကတော့ သေဆုံးခါနီးဖြစ်တတ်သော လူတွေ၏ စိတ်ဆန္ဒ၊ စရိုက်နှင့် မသေခင် ဘာလုပ်သင့်သလဲ၊ ဘယ်လိုနည်းနဲ့ သေဆုံးသင့်သလဲ၊ သေပြီးနောက်မှာရော ဘာတွေဆက်ဖြစ်လာမလဲ၊ သေရင် ဘာတွေယူဆောင်သွားလို့ရသလဲ၊ ဒီတော့ လူ့ဘဝဆိုတာ ဘာတွေဖက်တွယ်ပိုင်ခွင့်ရှိသလဲ စသော မေးခွန်းပေါင်းများစွာ၊ ရည်ရွယ်ချက်ပေါင်းများစွာနှင့် ပုံပြင်တစ်ပုဒ်ဖြစ်ပြီး . . .

စကားတစ်ခွန်းကတော့ . . .

"တကယ်တော့ ငါ ဒီပုံပြင် မင်းကိုပြောပြချင်တာမဟုတ်ဘူး။ သက်ဆိုင်ရာ မိဘတွေကို ပြောပြချင်တာ"



www.burmeseclassic.com

www.burmeseclassic.com

သူမအတွေးတွေအားလုံးကို စီးမိုးထားတာ ဒီစကား။ ဘာ အဓိပ္ပာယ်လဲ၊ သက်ဆိုင်ရာမိဘတွေကို ပြောပြချင်တယ်ဆိုတာ ဘာကို ရည်ရွယ်တာလဲ။

မဖြစ်နိုင်မှန်းသိလျက်နဲ့ သူမ တစ်စုံတစ်ရာကို ဆက်စပ်တွေး မိနေသေးသည်။ ဒါပေမဲ့ ဘယ်လိုမှမဖြစ်နိုင်ပါ။ ကိစ္စတော့ သိပ်မရှိ။ ဝေဖြိုး၏ပုံပြင်က မဆုံးသေး။ နောက်တစ်ပုဒ် နားထောင်ပြီးသွားလျှင် တော့ အားလုံး ရှင်းလင်းလောက်ပေပြီ။

သို့ပေမဲ့ နောက်ဆက်တွဲစကားတစ်ခွန်းက အတွေးထဲကို ဝင် ရောက်စိုးမိုးလာသေးသည်။

"မင်းကို လူတစ်ယောက်နဲ့ တွေ့ပေးချင်တာ"

ဘာမှန်းမသိပေမဲ့ သူမတစ်ကိုယ်လုံး နွေးထွေးသွားတာတော့ သေချာပါသည်။ ထိုစဉ်မှာပဲ . . .

"ကလင် . . . ကလင် . . . ကလင် . . . "

နံဘေးစားပွဲပေါ်မှ ဖုန်းက ထမြည်လာသည်။ သူမ နာရီကို လှမ်းကြည့်မိတော့ ဆယ်နာရီခွဲ။ စိတ်တစ်ချက်သပ်ရင်း ကောက်ကိုင် လိုက်တော့ . . .

"ဟဲလို . . . "

"ကဗျာ . . . ငါ . . . "

"သိတယ် . . . ဒီအချိန်ကြီး ဖုန်းဆက်တယ်ဆိုကတည်းက နင်မှန်းသိပြီးသား။ ပြော . . . ဘာကိစ္စလဲ"

သူမအပြောကြောင့် တစ်ဖက်မှအေးစုကြည် 'ဟီး'ခနဲရယ်၍ . .

"အိပ်မပျော်လို့ဟာ။ အဲဒါ ကစားနေကျ ကစားပွဲလေးလုပ်ရင် ကောင်းမလားလို့"

ကဗျာ စိတ်ပျက်လက်ပျက်ပင် ခေါင်းယမ်းမိသည်။ သူမ ကစား ချင်စိတ်မရှိပါ။ စိတ်တွေ နုံးအိညွတ်တွဲနေသည် မဟုတ်ပါလား။

"ပြီးခဲ့တဲ့အခေါက်က ငါမေးထားတာဆိုတော့ အခု နင်မေး အလှည့်ပေါ့"



"မိစု . . . ငါ ခေါင်းတွေနောက်နေတယ်ဟာ"

"သိတယ် . . . အဲဒါကြောင့်မလို့ ပျော်အောင်လုပ်ပေးမလို့"

'ကျွတ်'သူမ အသံတိတ်ပင် စုတ်သပ်လိုက်မိသည်။ မိစုကတော့ ပြောလို့ရမည်မဟုတ်တော့။ ထို့ကြောင့်ပင် . . .

"ဒါဆိုလည်း နင်ပဲမေးဟာ။ ငါမေးချင်စိတ် မရှိဘူး"

"ဖြေတော့ ဖြေပေးမယ်ပေါ့"

သူမ သက်ပြင်းတစ်ခုနှင့်ပင် ရော၍ . . .

"အင်း . . . "

"ဒါဆိုလည်း ရတယ်လေ မေးရတာပေါ့။ နင့်ကို လောလော လတ်လတ်သိထားတဲ့ မေးခွန်းတစ်ခုမေးမယ်"

သူမဘက်မှ တိတ်၍သာနေသည်။ ထိုစဉ်မှာပဲ . . .

"နင် . . . တရုတ်ရယ်၊ ကုလားရယ်၊ မြန်မာရယ် အစား အသောက်ပြိုင်ကြတဲ့ပုံပြင်ကို ကြားဖူးလား"

သူမ ထိတ်ခနဲတစ်ချက်ဖြစ်သွားကာ . . .

"ကြားဖူးတယ်"

"တရုတ်ရယ်၊ ကုလားရယ်က သူတို့ကိုယ်ပိုင်အစားအစာတွေ နဲ့ ပြိုင်ပွဲဝင်ကြပေမဲ့ မြန်မာကတော့ အရသာချဉ်တဲ့ အသီးလေးတစ်လုံး ကိုင်ပြီး ပြိုင်ပွဲဝင်တယ်ဆိုတာလေ"

"အေး . . . ကြားဖူးတယ်"

"ငါမေးမှာက မြန်မာတွေ ပြိုင်ပွဲဝင်တဲ့အသီးက ဘာသီးလဲ။ သံပုရာသီးလား၊ ရှောက်သီးလား။ ပြီးတော့ အဲဒီပြိုင်ပွဲက ဘယ်မင်းလက် ထက်မှာ လုပ်ခဲ့တာလဲ"

"အဲဒါ နင်ဘယ်ကသိတာလဲ"

ဖုန်းထဲမှာပင် သူမအသံကျယ်သွားပြီး အနည်းငယ်တုန်သလို ပင် ဖြစ်သွားသည်။ တကယ့်တကယ်က ရင်ထဲမှာ လှုပ်ခနဲပင် ဖြစ်သွား တာပါ။

"ဟဲ့ . . . ကဗျာ . . . ဘာဖြစ်သွားတာလဲ။ ဘာလို့အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တာလဲ"

တစ်ဖက်မှ မိစုက အထိတ်တလန့်မေးပေမယ့် သူမနှုတ်မှ မေးခွန်းတွေသာ အလျင်စလို ထွက်သွားသည်။

"နင် အဲဒီပုံပြင်နဲ့မေးခွန်းကို ဘယ်ကသိတာလဲ ပြောပြစမ်းပါ"

"မနေ့က ကျူရှင်ဆရာကန်တော့ပွဲက သိခဲ့တာလေ"

"ဘယ်သူပြောတာလဲ"

"မိုးတိမ်"

"ဘာ . . . "

ကိုင်ထားသောဖုန်းခွက်ပင် လွတ်ကျသွားလား မသိတော့ပါ။ ရင်ထဲမှာက မိုးကြိုးတစ်ခုကပ်ပစ်လိုက်သလို ဒိန်းခနဲအော်ရင်း ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွားသည်။ ပြီးတော့ ကျောက်ရုပ်တစ်ခုပမာ သူမ ငြိမ်သက်သွားပါတော့၏။

"ကဗျာ . . . ကဗျာ . . . ဟဲ့ . . . ကဗျာ . . . "

မိစု၏ခေါ်သံက ဖုန်းထဲမှာ တောက်လျှောက်ထွက်လာပေမဲ့ သူမဆွံ့အနေသည်။ ခေါင်းထဲမှာလည်း အတွေးတွေ ဟိုဟိုဒီဒီ ကူးလျှောက်လို့။

"ကဗျာ . . . ဖုန်းပြန်ထူးဦး . . . ကဗျာ . . . "

ထိုခဏမှာပဲ သူမနှုတ်မှ ထင်မှတ်မထားသော စကားတစ်ခွန်းလွတ်ခနဲထွက်ကျသွားသည်။

"ဝေဖြိုးနောက်မှာ ငါထင်တဲ့အတိုင်း တစ်ယောက်ယောက်ရှိနေတာ သေချာသွားပြီ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ပြန်ဖြေဖို့အတွက်တော့ သူမအားယူလိုက်ရပါသည်။ ပြီးမှ အသံကိုထိန်းကာ . . .

"အခု နင်ပြောတဲ့ပုံပြင်နဲ့ မေးခွန်းက ဆရာဦးထွန်းမြတ် ငါတို့ကို ပြောပြခဲ့တဲ့ ပုံပြင်ဖြစ်နေလို့ပဲ"



ပိုဒ်ဗီဝမ်ကော်တွေထဲမှာ နင့်အတွက်
ခရမ်းရောင်သမ်းနေတဲ့
အနမ်းပွင့်လေးတစ်ပွင့်ရှိတယ်။

နောက်ပြီး
ပိုနှလုံးသားထဲမှာ နင့်အတွက်
အချစ်လို့ခေါ်တဲ့
(အာဒမ်ရဲ့)
ပန်းသီးတစ်လုံးရှိတယ်။

(ဇော်ကိုထိုး၏ 'လမင်းရဲ့အလင်းနဲ့ ရဲရင့်တတ်တဲ့အရိပ်' မှ)



www.burmeseclassic.com

www.burmeseclassic.com

# XVIII

"အခု ပုံပြင်ကတော့ အရင်ငါပြောခဲ့တဲ့ပုံပြင်ရဲ့ အဆက်ပေါ့။ ဒါပေမဲ့ ဒီပုံပြင်မှာက ပန်းချီဆရာလေးနန်းနွယ်နဲ့ ကြွေရုပ်လေးတို့ရဲ့ အကြောင်းပဲပါတယ်။ ကျန်တဲ့အကြောင်းတွေ မပါတော့ဘူး။ ရှင်းရှင်း ပြောရရင် နန်းနွယ်နဲ့ ကြွေရုပ်လေးတို့ရဲ့ဘဝဇာတ်ကြောင်းလို့တောင် ပြော လို့ရတယ်။

သူတို့နှစ်ဦး စတွေ့ခဲ့တာက ပထမပုံပြင်ထဲကအတိုင်းပဲ ပန်းချီ ပြပွဲတစ်ခုမှာ ကြွေရုပ်လေးက ပန်းချီဝါသနာပါသူမို့ အိမ်ကခိုးထွက်လာ ပြီး ပန်းချီပြပွဲကိုလာကြည့်တယ်။ အဲဒီမှာ နန်းနွယ်နဲ့ ဆုံခဲ့တာပေါ့။

ကြွေရုပ်လေးက ပန်းချီကားတစ်ချပ်ရှေ့မှာ အကြာကြီး ငေးလို့ နေပါတယ်။ ပြပွဲတစ်ခုလုံးမှာရှိတဲ့ ပန်းချီကားတွေအနက် ဒီပန်းချီကား လေးက သူမကို ထူးထူးခြားခြား ဆွဲဆောင်ထားတာပါ။ ပန်းချီကားရဲ့ နာမည်က 'ကြယ်တွေပျိုးတဲ့ဥယျာဉ်' တဲ့။ ရောင်စုံစုတ်ချက်တွေကြားထဲ မှာ ပန်းချီကားရဲ့နာမည်က တစ်ပိုင်းတစ်စ ပါဝင်လို့နေတယ်။



သူမ ရပ်ငေးနေစဉ်မှာပဲ စိတ်ထဲမှာ တစ်စုံတစ်ခု မသိုးမသန့် ဖြစ်လာတယ်။ အဲဒါက သူမကို တစ်ယောက်ယောက်က သေချာစူးစိုက် ကြည့်နေတယ်လို့ ခံစားမိနေတာပါပဲ။ ဒါနဲ့ ဆားပတ်ဝန်းကျင်ကို ဝေ့ဝဲ အကဲခတ်ကြည့်မိတော့ ထင်တဲ့အတိုင်းပါပဲ။ နောက်ကျောဘက်တစ်နေ ရာမှာ နံရံကိုမှီပြီး လူတစ်ယောက် သူမကို သေချာစူးစိုက်ကြည့်နေတယ်။

အသက်ချင်း မတိမ်းမယိမ်းလောက်ရှိမယ် ထင်တာပဲ။ လူပုံက တောက်တောက်ပြောင်ပြောင်ကြီး မဟုတ်ပေမဲ့ သန့်ရှင်းကြည်စင်တဲ့ ရုပ်ရည်ကတော့ ဖုံးဖိလို့မရအောင် ပေါ်နေတယ်။ သူမနဲ့ အကြည့်ချင်း ဆုံတော့ ထိုသူက ပြုံးပြပြီး ရှေ့တိုးလာတယ်။ ပြီးတော့ . . .

"ကျွန်တော့်နာမည် နန်းနွယ်လို့ခေါ်ပါတယ်။ ဒီပန်းချီကားရဲ့ ပိုင်ရှင်ပေါ့"

"ဟင် . . . "

ကြွေရုပ် မထင်မှတ်စွာ ကြောင်အသွားတယ်။ ပြီးတော့ မဝံ့မရဲ ဖြင့် . . .

"ဒီပန်းချီကားရဲ့ပိုင်ရှင်ဆိုတော့ . . . ရှင် . . . ရှင်က ပန်းချီ ဆရာပေါ့"

နန်းနွယ်ပြုံးရင်း ခေါင်းညိတ်ပြလိုက်တော့ ကောင်မလေးမှာ ပို လို့ အံ့သြသွားပါတယ်။ ပြီး ပန်းချီကားကိုတစ်လှည့်၊ သူ့ကိုတစ်လှည့် ကြည့်လို့နေတယ်။ အနည်းငယ် မယုံသင်္ကာဖြစ်နေပုံလည်း ရလေရဲ့။

ဒါပေမဲ့ သူကံကောင်းလိုက်ပါတယ်။

"နန်းနွယ် . . . ညီလေး မင်းပန်းချီကားကို လူတစ်ယောက်က စိတ်ဝင်စားလို့တဲ့။ မင်းနဲ့တွေ့ချင်တယ် ပြောနေတယ်"

အစ်ကိုလိုရင်းနှီးသူ သူငယ်ချင်း ပန်းချီဆရာတစ်ယောက်က လာရောက်ပြောဆိုတော့ . . .

"ဟုတ်ကဲ့အစ်ကို . . . စားပွဲမှာ စောင့်ခိုင်းထားလိုက်ပါ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော် လာခဲ့မယ်"

သူမရဲ့မျက်နှာမှာ အထင်ကြီးမှုတချို့ ဖြတ်ပြေးသွားကြောင်း တွေ့လိုက်တယ်။ ပြီးတော့ မဝံ့မရဲနဲ့ သူ့ကိုမော့ကြည့်ပြီး . . .

"ဆရာ . . . ဒီပန်းချီကားက ရောင်းဖို့လားဟင်"

ချက်ချင်းပြောင်းလဲသွားတဲ့ အခေါ်အဝေါ်နဲ့ စကားသံတိုးတိုးကြောင့် သူ မချိုမချဉ် ပြုံးမိလိုက်ပါတယ်။ ဒါပေမဲ့ . . .

"ဒီပန်းချီကားက ရောင်းဖို့မဟုတ်ပါဘူး။ ပြခန်းအတွက် တမင်တကာ တင်ပေးထားတာပါ"

"ဟုတ်လား"

ရည်ရွယ်ချက်တစ်ခု ပျောက်ရှသွားသလို မျက်နှာပျက်ပြီး ခေါင်းငုံ့သွားပေမယ့် တော်တော်နဲ့တော့ ဖွဲ့မလျော့ပါဘူး။

"ဖြစ်နိုင်ရင် ကျွန်မကိုရောင်းပါလားဟင်။ ကျွန်မ ဒီပန်းချီကားကို တကယ်သဘောကျလို့ပါ"

"မဖြစ်နိုင်လို့ပါဗျာ"

သူ့စကားဆုံးတော့ သူမဘေးမှာရပ်ပြီး တစ်ချိန်လုံးငြိမ်နေတဲ့ အဒေါ်ကြီးက တရားချသလိုလို၊ တိုက်တွန်းသလိုလို ဝင်ပြောတယ်။

"မမလေးက တကယ်သဘောကျလို့ပါ မောင်ရင်ရယ် . . . ဖြစ်နိုင်ရင် ရောင်းပေးလိုက်ပါ။ မောင်ရင်လေး မနစ်နာစေရပါဘူး"

ဒီစကားကြားရတော့ သူ ဟက်ဟက်ပက်ပက် ရယ်လိုက်မိပါတယ်။

"ခင်ဗျားတို့ချမ်းသာမှန်း ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော် ငွေမမက်ဘူး"

"ဒါဆို . . . သူ ဘယ်သူမှန်း မောင်ရင်လေးသိတယ်ပေါ့"

"သိတာပေါ့"

"ဒါနဲ့များတောင်ကွယ်"



သူမကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ပန်းချီကားလေးကို ငေးလို့သာ နေပါတယ်။ လက်ဝယ်ပိုင်ဆိုင်ခွင့်မရလိုက်လို့ နှမြောနေပုံပါပဲ။

"ကျန်တဲ့ပန်းချီကားတွေလည်း ရှိပါသေးတယ်။ လိုက်ကြည့်ကြည့်ပါဦး။ ကျွန်တော်ကတော့ အလုပ်ရှိသေးလို့ သွားလိုက်ပါဦးမယ်"

ကျောခိုင်းပြီး လှည့်ထွက်ခဲ့တော့ ကျောမလုံသလို ခံစားနေရတယ်။ ဘယ်လုံမှာလည်း ကြွေရုပ်လေးရဲ့အကြည့်တွေက သူ့နောက်ကျောမှာ ကပ်ပါလာတာကိုး။

ကြွေရုပ်တို့နှစ်ယောက်ကတော့ ပြခန်းကို အတော်ကြာ လှည့်ပတ်ကြည့်ရှုပြီး ပြန်ဖို့ပြင်ကြပါတယ်။ ပြခန်းကထွက်တော့ . . .

"အစ်မကို ပန်းချီဆရာလေးတစ်ယောက် ဒီပန်းချီကား လက်ဆောင်ပေးခိုင်းလို့ အစ်မလေးပြန်မယ့်အချိန်ကို ကျွန်တော်စောင့်နေတာပါ"

သူမထက် လေးငါးနှစ်လောက် ငယ်မယ်ထင်ရသော ကောင်လေးတစ်ယောက်က စက္ကူပတ်ထားတဲ့ ပန်းချီကားတစ်ခုကို တရိုတသေကိုင်ရင်း ပြောသည့်အတွက် သူမ အံ့ဩသွားမိတယ်။ ကောင်လေးက ပန်းချီကားကို သူမလက်ဝယ်ထည့်ရင်း ပြခန်းတွင်း ပြန်ဝင်လို့သွားပါတယ်။

အလျင်စလိုပင် သူမ ပန်းချီကားကို ဖွင့်ကြည့်လိုက်တော့ . . .

"ဟင် . . . "

'ကြယ်တွေပျိုးတဲ့ဥယျာဉ်' ဟူသော နာမည်တပ်ထားသည့် ပန်းချီကားတစ်ချပ်။ ရင်ထဲမှာ လှုပ်ခနဲအေးသွားပြီး ပြခန်းဆီလှမ်းကြည့်မိပေမဲ့ သူမတွေ့ချင်တဲ့လူတစ်ယောက်က ရှိမနေပါဘူး။ ဒါပေမဲ့ ပန်းချီကားရဲ့ကျောပြင်မှာ ထူးထူးခြားခြား ကဗျာတစ်ပုဒ်ရှိနေတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

မင်းစိတ်ညှတ်ရင် . . .
ကြယ်အပေါင်းလည်း အိမ်ခြေပျောက်ကာ
ကြွေလိမ့်မယ် . . .
ပင်လယ်ပြင်လည်း အလျှင်ပျောက်ကာ
သေလိမ့်မယ် . . .
နေရောင်ခြည်လည်း အလင်းပျောက်ကာ
နေလိမ့်မယ် . . .

အဲဒီနောက်ပိုင်းမှာတော့ ကြေရုပ်နဲ့နန်းနွယ်တို့ မတွေ့ဖြစ်ကြတော့ပါဘူး။ ပန်းချီပြခန်းကို နောက်တစ်ခေါက်သွားပေမယ့် ပြခန်းပိတ်သွားပြီဆိုတာကို သိရတယ်။

ဒီတော့ ကြေရုပ်လေး လုပ်စရာတစ်ခုပဲ ရှိတော့ပါတယ်။ အဲဒါက ပန်းချီဆရာတွေရှိတတ်တဲ့ နေရာတွေကို လိုက်ရှာဖို့ပါ။ ဘာကြောင့် နန်းနွယ်ကို ရှာမိနေမှန်းလည်း ကြေရုပ် ကိုယ့်ကိုယ်ကိုယ်မသိပါဘူး။ အပြင်ထွက်ရင် မပါမဖြစ်ပါရတဲ့ အထိန်းတော်ကြီးကတောင် သူမပုံစံကိုကြည့်ပြီး ပြောသေးတယ်။

"ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့။ အဟင်း . . . မမလေးနဲ့ လွဲနေသလိုပဲနော်" တဲ့။

ဘာပဲဖြစ်ဖြစ် သူမ ဂရုမစိုက်ပါဘူး။ အစပထမတော့ သူမကို အားလုံး ဝိုင်းတားကြပါသေးတယ်။ ဒါပေမဲ့ ဘယ်လိုတားတား တားလို့မရတော့မှ လက်လျှော့ပြီး သူမသဘောအတိုင်း လိုက်လုပ်ပေးကြတာ။ ဒါပေမဲ့ သူမအဖေမသိအောင်တော့ အကုန်လုံး ဝိုင်းဖုံးပေးထားကြတယ်။

ကံကြမ္မာကြီးကပဲ မျက်နှာသာပေးတာလား၊ သူမကပဲ ဇွဲရှိလို့လားမသိပါဘူး တစ်နေ့မှာ နန်းနွယ်ကို ပန်းချီဆရာအများစုရှိတတ်တဲ့ လက်ဖက်ရည်ဆိုင်မှာ ရှာလို့တွေ့ခဲ့တယ်။

တွေ့တွေ့ချင်း နှစ်ယောက်စလုံး စကားမပြောနိုင်ကြဘူး။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ကျောက်ရုပ်ကြီးတွေလို ငြိမ်သက်သွား



တယ်။ ပြီးတော့မှ ကြေရုပ်ကအရင်စပြီး အသင့်ယူလာတယ်ထင်ရတဲ့ စာရွက်လေးတစ်ရွက် နန်းနွယ်ရှေ့ကို ထိုးပေးတယ်။ ကဗျာလေးတစ်ပုဒ်ပေါ့။

မျှော်ငေး လွမ်းမော
တမ်းတဇောဖြင့်
အကျွန့်ရင်မှာ
ပူပြင်းမီးတောက်
ညတိုင်းရောက်လာ ရှည်ကြာနေပြီ၊

ကြေရုပ်ပေးတဲ့ ကဗျာလေးကိုဖတ်ပြီး နန်းနွယ်ကလည်း ကဗျာလေးတစ်ပုဒ် ပြန်ရေးပေးတယ်။

နေဝင်မိုးချုပ်
ပျားတုပ်လွမ်းနာ ရပါသော်လည်း
ဘဝ . . . ဘဝ တွေးကာမျှနှင့်
ခြားနားကြောင်းကံ၊ ရင်မှာခံ၍
ပါဏနလုံး စစ်မြင်းသုံးလို
ခွာစုံပေါက်ခံ
ပျို့အန်နေပြီ . . .

ဒီကဗျာကိုဖတ်ပြီးတော့ ကြေရုပ်လေးခမျာ မျက်ရည်ပင်ဝဲလို့သွားရပါတယ်။ ချက်ချင်းပဲ ကဗျာတစ်ပုဒ် ပြန်ရေးပေးလိုက်တယ်။

အရှင့်ရဲ့ အချစ်
စစ်ဖို့သာ လိုပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာခင်မှာပဲ နန်းနွယ်နဲ့ ကြွေရုပ်လေးတို့နှစ်ယောက်ဟာ ချစ်သူတွေဖြစ်လို့ သွားကြပါတယ်။ ချစ်သူတွေဖြစ်သွားတော့ ပိုဆိုးတော့တာပေါ့။ နန်းနွယ်ကလည်း အနုပညာကို ခုံမင်တဲ့ပန်းချီဆရာ၊ ကြွေရုပ်လည်း အနုပညာမြတ်နိုးသူဆိုတော့ သူတို့အချစ်တွေက သူများတွေလို မဟုတ်ဘဲ အရမ်းသိမ်မွေ့ နက်ရှိုင်းကြတယ်။

အစွဲအလမ်းလည်း တအားကြီးကြတာပဲတဲ့။ ဒါပေမဲ့ ဘဝချင်းက မိုးနဲ့မြေလိုကွာခြားတော့ သူတို့နှစ်ယောက်အကြောင်းကို ကြွေရုပ်အဖေ ပွဲစားကြီးဦးချမ်းသာ လုံးဝမရိပ်မိဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့ နှစ်ယောက်စလုံးကတော့ အဆက်အသွယ် မပြတ်ကြပါဘူး။ ကြွေရုပ်အိမ်ကထွက်လို့မရတဲ့ အချိန်တွေမှာ ထမင်းချက်အဒေါ်ကြီး ဈေးသွားရင် စာတစ်စောင်ထည့်ပေးလိုက်တယ်။

နန်းနွယ်ကတော့ ဈေးကစောင့်ပြီး စာယူပါတယ်။ ပြီးတော့ သူရေးထားတဲ့စာကိုလည်း ထိုအဒေါ်ကြီးနဲ့ပဲ ပြန်ထည့်ပေးလိုက်တယ်။

အိမ်ကထွက်လို့ရရင်တော့ သူတို့နှစ်ယောက်ဟာ မြို့လေးရဲ့ အသွားအလာနည်းလှတဲ့ ကမ်းခြေတစ်နေရာမှာ ချိန်းတွေ့ကြတယ်။

ဒီလိုမျိုး တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ပြီး အဆက်အသွယ်မပြတ်ရှိကြပေမယ့် တစ်ခါတစ်ခါမှာတော့ ကြွေရုပ်လေးဟာ သူ့ချစ်သူအတွက် စိတ်ပူရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နန်းနွယ်ဟာ ပန်းချီလောကမှာ တဖြည်းဖြည်း နာမည်ရလာတာကိုး။ အသက်လည်း ငယ်တယ်၊ ပညာလည်း တော်တယ်ဆိုတော့ ထုံးစံအတိုင်းပါပဲ။ နန်းနွယ်ကို လာရောက်ကြည့်ရှုသူ မိန်းကလေးတွေ၊ စိတ်ဝင်စားသူ မိန်းကလေးတွေရှိလာတယ်။

ဒီတော့ ကြွေရုပ်လေးခမျာ စိတ်ပူရပြီပေါ့။

အဲဒီအခါမျိုးမှာ သူမကိုမှ သတိရတော့ရဲ့လား၊ ချစ်မှချစ်သေးရဲ့လားဆိုပြီး နန်းနွယ်ကို ခဏခဏမေးတတ်တယ်။

နန်းနွယ်ကလည်း ပြန်ဖြေပါတယ်။ ဒါပေမဲ့ သူဖြေပုံလေးက တစ်မျိုးဆန်းတယ်။ ပန်းချီဆရာဆိုတော့ ပုံလေးတွေဆွဲလို့ပေါ့။





တစ်သက်လုံးချစ်သွားမယ်



ပါးရိုက်လည်းချစ်မှာပါ



နောက်တစ်ယောက်နဲ့တွဲသွားလည်း
ချစ်မှာပါ...



သေသွားတာတောင်မှ မင်းပုံကို
ဘဝဆက်တိုင်းထဲမှာ...ထားမယ်...

www.burmeseclassic.com

အဲဒီရုပ်ပုံလေးတွေရဲ့ အဓိပ္ပာယ်ကို ကြွေရုပ်လေး အရမ်းသဘောကျတာပဲတဲ့။ နှစ်တွေကြာညောင်းသွားတဲ့တိုင်တောင် အမြတ်တနိုးသိမ်းထားတယ်။

ဒါပေမဲ့ ကံကြမ္မာကြီးက သူတို့နှစ်ယောက်ကို မြန်မြန်နီးစပ်ပေးလိုက်ပါတယ်။ အဲဒါက တစ်နေ့ ကမ်းခြေမှာတွေ့ကြတုန်း ကြွေရုပ်အဖေရဲ့တပည့်တစ်ယောက်က သူတို့ကိုမြင်သွားတယ်။ ဒါဟာ ကွဲကွာသွားစေနိုင်တဲ့ အဓိကအစိတ်အပိုင်းတစ်ခုပါ။ ဘာပဲဖြစ်ဖြစ် ဒီသတင်း ကြွေရုပ်အဖေဆီရောက်သွားရင်း သူတို့ သေသေချာချာကို ဝေးသွားမှာလေ။

ဒီတော့ အဲဒီညမှာပဲ သူတို့နှစ်ဦးဟာ တစ်ယောက်လက်တစ်ယောက်ဆွဲလို့ မြို့လေးကနေ ထွက်ပြေးသွားပါတော့တယ်။ သူတို့နှစ်ဦးရဲ့ ဦးနှောက်နဲ့နှလုံးသားမှာ သူတို့ရဲ့ အနာဂတ်ကလွဲပြီး ကျန်တာမရှိတော့ပါဘူး။

သူတို့ရောက်သွားရာမြို့လေးကတော့ တောင်ပေါ်မြို့တစ်မြို့ပါ။ မြူခိုးဆီးနှင်းတွေ အမြဲဖုံးလွှမ်းနေတတ်တဲ့ မြို့လေးပေါ့။ ဒီမြို့လေးမှာ နန်းနွယ်ရဲ့အသိ ပန်းချီဆရာတစ်ယောက်ရှိတယ်။ သူ့အဆက်အသွယ်နဲ့ပဲ နန်းနွယ်တို့နှစ်ယောက် ဒီမြို့လေးမှာ ခြေချခွင့်ရခဲ့ပါတယ်။

ကြင်စဦးမောင်နှံတွေဆိုတော့ အရမ်းကို ပျော်ရွှင်နေကြတာပေါ့။ နန်းနွယ်က ထုံးစံအတိုင်းပဲ ပန်းချီဆွဲပြီး သူ့ပန်းချီကားတွေကို သူငယ်ချင်းပန်းချီဆရာကတစ်ဆင့် ဈေးကွက်မှာ ရောင်းချတယ်။ လက်ရာကောင်းပြီး ဈေးကွက်ဝင်ပြီးသားဆိုတော့ မဆိုးပါဘူး။ သူတို့နှစ်ယောက်ရဲ့ ကြင်စဦးနေ့ရက်တွေက အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်ဖွယ်ကောင်းလှပါတယ်။

ဒါပေမဲ့ ကြာလာတော့ ကြွေရုပ်လေးက ဒီအတိုင်းအလုပ်လက်မဲ့နေရတာကို ငြီးငွေ့လာပြီး အလုပ်တစ်ခုလုပ်ဖို့ ပြင်ဆင်တယ်။ သူမလုပ်ချင်တာက ခေါင်းစွပ်လေးတွေ၊ သဘက်လေးတွေ၊ ကလေးအဝတ်အစားလေးတွေ တစ်ပိုင်တစ်နိုင် ချည်ထိုးပြုလုပ်တဲ့အလုပ်ပါ။



နန်းနွယ်က ခွင့်မပြုချင်ပေမယ့် ကြွေရုပ်လေးက အရမ်းစိတ်သန်နေလို့ ခွင့်ပြုလိုက်ရတယ်။ ဒါပေမဲ့ ကြွေရုပ်လေးရဲ့အလုပ်က လအနည်းငယ်မှာပဲ မထင်မှတ်ဘဲ အဆင်ပြေသွားတယ်။ သူတို့မြို့လေးက အမြဲပဲ ဆီးနှင်းတွေဖုံးလွှမ်းပြီး ချမ်းအေးလှတာဆိုတော့ အလုပ်ဖြစ်သွားတာပေါ့။ ပြီးတော့ ကြွေရုပ်လေးရဲ့လက်ရာတွေက ဆန်းပြီး ဝယ်လိုသူတွေရဲ့စိတ်ကို ဆွဲခေါ်ထားနိုင်တာကိုး။

ဝယ်သူတွေ၊ အလုပ်အပ်သူတွေနဲ့ လက်မလည်အောင်ပါပဲတဲ့။ ကြာတော့ ကြွေရုပ်လေးဟာ ကလေးအဝတ်အစားတွေပင် မကတော့ဘဲ လူကြီးဝတ် အနွေးထည်တွေကိုပါ ထိုးလုပ်ပြီး ရောင်းချတယ်။ အိမ်မှာဆိုင်ဖွင့်ပြီး အလုပ်သမားတွေတောင် ခေါ်ထားရတဲ့အထိ အဆင်ပြေလာတယ်။

လင်မယားနှစ်ယောက်စလုံး ပျော်ကြတာပေါ့။ စီးပွားရေးလည်း အဆင်ပြေသွားပြီမို့ ကလေးယူဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒါပေမဲ့ လူ့ဘဝဆိုတာ ခက်သားလား။ ကိုယ့်နောက်မှာ အစဉ်အမြဲ ထပ်ချပ်မကွာလိုက်နေတဲ့ ကံကြမ္မာကို လှည့်ကြည့်ရုံနဲ့ မြင်ရတာမဟုတ်ဘူးလေ။ ထိုကံကြမ္မာကြီးက သူ့ကိုမေ့လောက်ပြီဆိုတော့မှ နောက်ကျောကို ဓားနဲ့ထိုးပစ်လိုက်တာ။

နန်းနွယ် တရောင်ရောင်ဖြစ်လာပါတယ်။ ဘာဖြစ်မှန်းလည်း ကိုယ့်ကိုယ်ကိုယ်မသိဘူး။ ပထမတော့ အမှတ်မထင် သဘောထားမိပေမဲ့ ကြာတော့ အခြေအနေက တဖြည်းဖြည်းဆိုးလာတယ်။ အစားအသောက်တွေလည်း မစားချင်တော့ဘူး။ ညဘက်ညဘက်လည်း အိပ်လို့မပျော်တော့ဘူး။

ပိုဆိုးတာက ပန်းချီဆွဲဖို့ အာရုံဖမ်းမမိတော့တာပါ။

ဆရာဝန်သွားပြတော့ ခန္ဓာကိုယ်တွင်းမှ အရေးကြီး အစိတ်အပိုင်းတစ်ခု ပျက်စီးစပြုလာတာလို့ ပြောတယ်။ ဆေးထိုးဆေးသောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ရောဂါကိုကုသပေမယ့် မပျောက်ကင်းပါဘူး။ တစ်နေ့ထက်တစ်နေ့ ပိုလို့သာ ဆိုးလာတယ်။

အမိက စိတ်ဒုက္ခရောက်သူကတော့ ကြွေရုပ်လေးပါပဲ။ သူ့ခမျာ နန်းနွယ်ရဲ့ရင်သွေးလေးကို လွယ်ထားပြီးနေပါပြီ။ ပြီးတော့ အလုပ်ကတစ်ဖက်၊ ယခု ခင်ပွန်းသည်ကပါ အိပ်ရာထဲလဲပြီဆိုတော့ စဉ်းစားသာကြည့်ကြပါတော့ ဘယ်လောက်ဒုက္ခရောက်လိုက်မလဲ။

အားကိုးစရာ ဆွေမျိုးအပေါင်းအသင်းလည်း ရှိတာမဟုတ်ဘူး။ နန်းနွယ်ရဲ့သူငယ်ချင်း ပန်းချီဆရာတစ်ယောက် ရှိတယ်ဆိုပေမဲ့ သူကအမြဲလိုလို မူးနေတဲ့လူပါ။ အဲတော့ ကြွေရုပ်လေးဘဝက ပင်လယ်ကို ကူးရင်း အတောင်ကျိုးသွားတဲ့ ငှက်လိုမျိုး။

ကိုယ်ဝန်ကလည်း တဖြည်းဖြည်းရင့်မာလာပြီ။ ခင်ပွန်းကလည်း မထူနိုင်အောင်ကို ဖြစ်သွားပြီ။ သူမ ဘာလုပ်ရမလဲ။

ရှိသမျှငွေကြေးလေးနဲ့ ခင်ပွန်းကို ကုသပေမယ့် အချည်းနှီးပါပဲ။ ငွေတွေသာကုန်သွားပြီး ခင်ပွန်းက ထူထူထောင်ထောင် ဖြစ်မလာပါဘူး။ ပြီးတော့ သိပ်မကြာခင်မှာ သူမ မီးဖွားရတော့မှာပါ။ သူတို့ရဲ့စီးပွားရေးကလည်း တဖြည်းဖြည်း ကျဆင်းလာတယ်။ ဦးစီးဦးဆောင်မည့်သူ မရှိတော့ဘူးလေ။

ဒါပေမဲ့ ကံကောင်းတာတစ်ခုကတော့ ဆိုင်ကဝန်ထမ်းတွေ အကူအညီနဲ့ သူမ ကောင်းကောင်းမွန်မွန် မီးဖွားနိုင်ခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ ကံကြမ္မာကြီးက သူမတို့ကို မျက်နှာသာပေးလိုက်ပါတယ်။ နန်းနွယ် အရမ်းလိုချင်တယ်ဆိုတဲ့ သားယောကျ်ားလေးကို သူမ မွေးဖွားပေးနိုင်ခဲ့တယ်။

သားလေးမျက်နှာမြင်ပြီးတော့ နန်းနွယ် ထူထူထောင်ထောင် ပြန်ဖြစ်လာသေးပေမဲ့ ခဏပါပဲ။ မကြာခင်မှာပဲ ပုံမှန်အခြေအနေကို ပြန်ရောက်သွားတယ်။ ဆရာဝန်တွေအကုန်လုံးလည်း လက်လျှော့ကုန်ကြပါပြီ။

ဆေးကုသစရိတ်၊ မီးဖွားစရိတ်၊ အသုံးစရိတ်တွေနဲ့ စီးပွားရေးက တော်တော်ယိုင်နဲ့သွားပြီ။

ကြွေရုပ်လေးမှာတော့ ကလေးတစ်ဖက်၊ ခင်ပွန်းသည်ကိုပြုစုရတာတစ်ဖက်၊ စားဝတ်နေရေးတစ်ဖက်နဲ့ အရမ်းသနားဖို့ကောင်းလှပါတယ်။

ဒီလိုနဲ့ သူတို့ရဲ့သားဦးလေး တစ်နှစ်မပြည့်ခင် အချိန်အတွင်းမှာပဲ နန်းနွယ်က သေမင်းခေါ်ဆောင်ရာနောက် လိုက်သွားခဲ့တယ်။

ကြွေရုပ်လေးမှာ ရှုးမတတ်ပါပဲ။ လူမမယ်သားငယ်လေးတစ်ယောက်နဲ့ မိဝေး၊ ဖဝေး၊ ဆွေမျိုးမိတ်သင်္ဂဟမရှိတဲ့နေရာမှာ တစ်ယောက်တည်း ကျန်ခဲ့ရတော့တယ်။

ကံကြမ္မာကြီးက အရမ်းကြောက်ဖို့ ကောင်းလှပါတယ်။

အရမ်းချမ်းသာတဲ့ သူဌေးကြီးတစ်ဦးရဲ့ သမီးဘဝကနေ ခဏလေးနဲ့ သာမာန်လူတန်းစားဘဝကို ရောက်သွားခဲ့တယ်။ ပြီးတော့ သူမတို့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် သာမန်လူတန်းစားဘဝမှာ အဆင်ပြေစပြုလာတယ်။ ဒါပေမဲ့ ခဏပါပဲ။

ကံကြမ္မာကြီးရဲ့ ကြောက်စရာလှည့်ကွက်အောက်မှာ ခင်ပွန်းဖြစ်သူသေဆုံးခဲ့ရတယ်။ စီးပွားပျက်ခဲ့ရတယ်။ အခု သားတစ်ယောက်လက်မှာဆွဲလို့ ကူသူမရှိ၊ ကယ်သူမရှိဘဝနဲ့ လောကဓံရဲ့အရိုက်အပုတ်၊ အထုအထောင်းတွေကို ခါးစည်းပြီး ခံရတော့မယ်။

ဒါပေမဲ့ စိတ်ဓာတ်မကျပါဘူး။ သူမဘေးမှာ သူမအရမ်းချစ်တဲ့ နန်းနွယ်ကိုယ်စား နန်းနွယ်ရဲ့ရင်သွေးလေး ရှိနေပါပြီ။

သူမ သားလေးလက်ကို ကိုင်ထားရချိန်က လောကဓံကို ရင်ဆိုင်ရဲဖို့ သတ္တိတွေ အစဉ်သဖြင့် ကွန့်မြူးနေချိန်ပါပဲ။

ဘာပဲဖြစ်ဖြစ် သူမ ဆက်လျှောက်နေဦးမှာပါ။

ဘဝဆိုတာ မနေမနားလျှောက်လှမ်းရတဲ့ လမ်းမကြီးတစ်ခုဖြစ်မယ်ဆိုရင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

မကြောက်ပါဘူး။

လျှောက်မှာပါ။

လျှောက်နေဦးမှာပါ။

သေချာတာတစ်ခုကတော့ . . .

သူမရဲ့ခြေလှမ်းတိုင်းဟာ သူမအတွက် မဟုတ်တော့ပါဘူး..

"သားလေးအတွက်"



## XIX

"ငါ မင်းကိုတွေ့ပေးချင်တယ်ဆိုတဲ့လူက . . . အခုပုံပြင်ထဲက ကြွေရုပ်ဆိုတဲ့ မိန်းကလေးပဲ"

တသွင်သွင်စီးကျနေသော မျက်ရည်တွေကြားမှာပင် သူမ ဗလုံးဗထွေးပြောမိသည်။

"တွေ့မယ် . . . ကျွန်မ သူ့ကိုတွေ့ချင်တယ်။ ဘယ်မှာလဲ .. သူတို့ ဘယ်မှာလဲ"

ဝေဖြိုး သက်ပြင်းကိုချရင်း ခေါင်းကို ခပ်လေးလေးယမ်းသည်။

"အခုချက်ချင်းကြီးတော့ ဖြစ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ထိုစကားနောက်မှာ သူမမျက်နှာ တစ်ချက်ပျက်သွား၏။ အရေးကြီးဆုံးတစ်ခုကို သတိရသွားသည်။ ပြီးတော့ နီထွေးစိုစွတ်နေသော မျက်ဝန်းအိမ်ကို လက်ခုံဖြင့် တစ်ချက်ပွတ်ကာ . . .

"ဟင့်အင်း . . . ကျွန်မ မတွေ့တော့ဘူး"

"ဘာ . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ကျွန်မ မတွေ့ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

ဝေဖြိုး နားမလည်နိုင်စွာ မျက်မှောင်ကြုတ်၍ မေးလိုက်တော့..

"ကျွန်မ သူတို့နဲ့မတွေ့ခင် ရှင့်နောက်မှာရှိနေတဲ့လူနဲ့ အရင်တွေ့ချင်တယ်"

"ဟင် . . . "

ဝေဖြိုးတစ်ယောက် ဆွံ့အသွားလေပြီ။ ပိုးကဗျာကိုလည်း မယုံကြည်နိုင်သော မျက်လုံးတွေနဲ့ စူးစူးစိုက်စိုက် ကြည့်မိသည်။ သို့ပေမဲ့ ပိုးကဗျာကတော့ . . .

"ဟုတ်တယ် . . . ကျွန်မတွေ့ချင်တဲ့လူနဲ့ တွေ့မပေးဘူးဆိုရင်တော့ ရှင်တွေ့ပေးချင်တဲ့လူနဲ့လည်း ကျွန်မ မတွေ့တော့ဘူး"

ခပ်ဝိုင်းဝိုင်းကျယ်သွားသော မျက်လုံးတွေရဲ့နောက်မှာ ဝေဖြိုးတစ်ယောက် ငြိမ်သက်လို့သွားချေပြီ။

သူ ဘာလုပ်ရမလဲ။

ᴥ ᴥ ᴥ



"ဘယ်လိုလုပ်ကြမလဲ . . . အစ်ကို။ ပိုးကဗျာကတော့ တွေ့ခွင့်တောင်းနေပြီ။ အဲလိုမှမဟုတ်ဘူးဆိုရင် သူလိုက်မတွေ့တော့ဘူးတဲ့"

တစ်ဖက်မှ သက်ပြင်းချသံအရှည်ကြီးကို ဖုန်းထဲမှာပင် ကြားရသည်။

"အေးလေ . . . ဘယ်တတ်နိုင်မှာလဲ။ တွေ့ချင်တယ်ဆိုတော့လည်း ထွက်ပြရတာပေါ့"

"ဒါ . . . ဒါဆိုရင် အစ်ကိုဆိုလိုတာက . . ."

" . . . "

"မနက်ဖြန်ချိန်းလိုက်ပါ"

ᴥ ᴥ ᴥ



www.burmeseclassic.com

www.burmeseclassic.com

# XX

မနက်စောစောစီးစီးမို့ ဘုရားပရဝဏ်လေးက လူသူရှင်းလင်းကာ အေးအေးချမ်းချမ်းရှိနေသည်။ လေကလည်း ခပ်သွက်သွက်လေး တိုက်ခတ်နေသည်မို့ ဘုရားထီးတော်မှ ခေါင်းလောင်းသံလေးတွေမှာ စိတ်အာရုံအား ကြည်လင်မှုကို ပေးစွမ်းနေပါ၏။ တစ်ခါတစ်ရံ ကြားရတတ်သော အမျှဝေသံနှင့် ကြေးစည်ထုသံတို့မှာလည်း နေ့သစ်တစ်ခု၏ မနက်ခင်းအား ကျက်သရေအပေါင်းနှင့် ပြည့်စုံနေစေသလို . . .

ပိုးကဗျာ သူမ၏ မွေးနေ့ထောင့်၌ မျက်လုံးကို စုံမှိတ်ရင်း လက်အုပ်ချီကာ ဘုရားရှိခိုးခြင်းအမှုကို ပြုနေသည်။ ချိန်းဆိုမှုတစ်ခုအရ သူမ ဤနေရာသို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ အရှေ့အရပ်ဆီမှာ ခေါင်းပြူကာစ နေရောင်လေးကလည်း ဘုရားရင်ပြင်ပေါ်သို့ ရောက်သည်ဆိုရုံလေး ထွန်းလင်းပေးထားသည်။

ထိုစဉ်မှာပဲ ဆုတောင်းမှုတစ်ခုကိုပြုကာ ဘုရားကို ဦးချကန်တော့လိုက်၏။ ပြီးတော့ မျက်လုံးကိုဖွင့်ကာ စေတီတော်အား ကိုင်းကိုင်းညွတ်ညွတ် ပူဇော်နေမိပါသည်။



ထိုစဉ် အရိပ်တစ်ခု သူမရှေ့သို့ ကျလာသည်။ ဘာရယ်မဟုတ် ထိုအရိပ်အား ကြည့်လိုက်မိတော့ စိတ်ထဲမှ အေးချမ်းသွားသလို ခံစားလိုက်ရ၏။ ထို့ကြောင့် အရိပ်ပိုင်ရှင်အား မော့ကြည့်မိလိုက်စဉ် . . .

"ဟင် . . ."

တစ်စက္ကန့်၏ အစိတ်အပိုင်းဆယ်ခုလောက် အံ့ဩသွားပုံရကာ . . .

ခဏလေးပါပဲ။

"ဟာ . . . မမ"

ပါးစပ်မှ လွှတ်ခနဲအော်ရင်း ပြေးယူထွေးပွေ့လိုက်တော့ . . .

"ညီမလေး . . ."

တစ်ဦးနဲ့တစ်ဦး တင်းကြပ်စွာ ပွေ့ဖက်မိသွားကြသည်။ ပျော်ရွှင်မှု၊ လွမ်းဆွတ်မှု၊ ကြင်နာမှုတွေက ရင်ထဲမှာ တစ်လှည့်စီ နေရာယူလာပြီး နောက်ဆုံးမှာ ဝမ်းနည်းမှုအဖြစ်သို့ . . .

"မမရယ် . . ."

မျက်လုံးအိမ်မှ မျက်ရည်တစ်စက် သက်ဆင်းကာသွားသည်။ ပြီးတော့ အစ်မဖြစ်သူအား တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလျက်မှ ..

"ရှာလိုက်ရတာ မမရယ် . . . ဘယ်တွေသွားနေတာလဲ။ မမ ဘယ်တွေရောက်နေတာလဲ ဟင်"

တတွတ်တွတ်ပြောရင်း ပိုးကဗျာတစ်ယောက် ရှိုက်၍ရှိုက်၍သာ ငိုနေမိပါတော့သည်။ သြော် . . . ဖေဖေ စိတ်ပြောင်းသွားပြီဆိုတာ မမ မှ သိပါလေစ။ ကြည့်ပါဦး . . .

အရင်တုန်းက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေခဲ့ရသည့် မမ၊ လိုအင်ဆန္ဒဟူသမျှ အကုန်ဖြစ်ခဲ့ရသော မမ၊ အပြင်ထွက်ရင်တောင် အိမ်မှ အကူမိန်းကလေးတစ်ယောက် အမြဲပါရသည့် မမက ယခုတော့ . . .

ပိုးကဗျာ ဖက်ထားရင်းမှပင် အစ်မဖြစ်သူအပေါ် သနားကရုဏာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်တွေ ထိန်းမရတော့။ မျက်ရည်တွေကတော့ တသွင်သွင်သာ စီးကျလို့နေပါသည်။

အကျီ၊ လုံခြည် နွမ်းနွမ်း၊

အသားအရေမှာ နေလောင်ဒဏ်တို့ကြောင့် ခြောက်သွေ့နီကျင်နေသည်။ မျက်နှာက ချောင်ကျသွားကာ သွေးမရှိတော့သလို။ နှုတ်ခမ်းတို့မှာ ဖြူလျော်နေပြီး အပြုံးတစ်ခုပင် အားမရှိချင်တော့။

ဒါပေမဲ့ မမမျက်လုံးတွေကတော့ ယခုတိုင် တောက်ဝင်းနေဆဲ။ ပိုးကဗျာ အစ်မဖြစ်သူ၏ ပခုံးနှစ်ဖက်အားကိုင်ရင်း ဝမ်းပန်းတနည်း ကြည့်နေစဉ်မှာပင် တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ အဲဒါက မမ၏ ညာလက်မှာဆွဲထားသည့် ကလေးငယ်တစ်ယောက်။

နှစ်နှစ်ကျော်၊ သုံးနှစ်လောက်ပင် ရှိပေလိမ့်ဦးမည်။

"ဟာ . . . မ . . . မမ . . . သူ . . . သူလေးက . . ."

မမက နွမ်းနွမ်းလျလျပြုံးလိုက်ရင်း . . .

"အဲဒါ မမသားလေးလေ။ ညီမလေးရဲ့ တူလေးပေါ့"

"ဟယ် . . . သား . . . သားလေး"

မမပခုံးအားလွှတ်ရင်း သူမ ဆတ်ခနဲထိုင်ချကာ ကလေးကိုထွေးပွေ့လိုက်သည်။ ကလေးကတော့ ဘာမျှနားမလည်စွာနှင့် သူမလက်တွင်းပါလာပါသည်။

ထို့နောက် တူဖြစ်သူ ကလေးငယ်၏ပါးပြင်အား သူမ ထပ်ကာထပ်ကာပင် နမ်းမိနေပါတော့၏။

ကြည်နူးမှုမျက်ရည်တွေ၊ ဝမ်းသာမှုအနမ်းတွေနှင့် မည်မျှကြာသွားသည်မသိ။ သူမရှေ့ရောက်လာသော ခြေအစုံကိုမြင်ပါမှ သတိရသွားသည်။ ဝေဖြိုးကတော့ ရည်ရွယ်ချက်တစ်ခု အောင်မြင်သွားသလို ကျေနပ်သောအပြုံးတစ်ခုကို ပြုရင်း . . .

"ရော့ . . . "

ကြည့်မိတော့ နှင်းဆီတစ်ပွင့်နှင့် စာတစ်စောင်။ ဝေဖြိုးဆီမှ စကားသံ ထပ်ထွက်လာသည်။



"သူ ရောက်လာခဲ့တယ်။ ဒါပေမဲ့ မင်းတို့ညီအစ်မနှစ်ယောက်ရဲ့ တွေ့ဆုံမှုကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ ငါ့ကို ဒါလေးပေးပြီး ပြန်သွားတယ်"

တဆတ်ဆတ်တုန်နေသော လက်နဲ့ပင် သူမ လှမ်းယူလိုက်ပါသည်။

စာကြောင်းတစ်ကြောင်းတည်း . . .

တိတိကျကျပြောရပါက စာလုံးငါးလုံးတည်း . . .

"ကိုယ့်ကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးရေ . . .
တကယ်ဆို
နင့်ရဲ့နောက်မှာ အမြဲရှိတတ်တဲ့
နင့်ရဲ့အရိပ်ကလေးကို
နင်မြင်တတ်ဖို့သာ လိုတာပါ။



## XXI

"အမှန်အတိုင်းပြောရရင်တော့ ငါပြောခဲ့တဲ့ ပုံပြင်တွေအားလုံးက ကိုမိုးတိမ်ဆီက သိခဲ့တာပဲ။ အဲဒါကို ပြောမယ်ဆိုရင် အစကနေပဲ စပြောရလိမ့်မယ်"

ပိုးကဗျာတို့အိမ်၏ ဧည့်ခန်းတွင်ထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။ အပြင်မှာမှောင်နေပါပြီ။ ပိုးကဗျာနှင့် အစ်မဖြစ်သူ ဆုကဗျာက ထိုင်ခုံတစ်လုံးတွင် နှစ်ယောက်ထိုင်၍ ဝေဖြိုးကတော့ မျက်နှာချင်းဆိုင်ထိုင်ခုံတွင်ထိုင်ကာ ပြောနေကြခြင်းဖြစ်သည်။

"အဲဒီညက မိုးတွေ မတရားရွာနေတယ်။ သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲကနေ ငါတစ်ယောက်တည်း ကားမောင်းပြီးပြန်လာတုန်း လမ်းချိုးတစ်ခုအဝင်မှာ ငါ့ရဲ့ပေါ့လျော့မှုကြောင့် ကလေးတစ်ယောက်ကို ငါ့ကားနဲ့ တိုက်မိသွားတယ်။ မှောင်မည်းကြီးထဲမှာဆိုတော့ ငါလည်း ဘာလုပ်ရမှန်းမသိဘူး။ အဲဒီအချိန်မှာ ငါ့အတွေးထဲကိုဝင်လာတာက ဘယ်သူမှမရိပ်မိခင် ဒီနေရာက ထွက်ပြေးဖို့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မဆုကဗျာတို့သားအမိ ကံကောင်းသွားပါတယ်။ ငါ မလုပ်မိခင်မှာပဲ ငါ့ကားနောက်ကို ကားတစ်စီး ထိုးဆိုက်လာတယ်။ ကိုမိုးတိမ်ရဲ့ကားပေါ့"

ဝေဖြိုးက စကားကိုရပ်ကာ ဆုကဗျာထိုင်နေရာဆီသို့ ကြည့်ရင်း . . .

"ကျန်တာတော့ အစ်မပဲ ပြောပြလိုက်တော့"

"အဲဒီညမှာပဲ သားလေးကို မမတို့ ဆေးရုံတင်ကြတယ်။ ဒါပေမဲ့ သားလေးက ဘာမှ ဆိုးဆိုးဝါးဝါး ထိခိုက်မသွားခဲ့ဘူး။ နောက်နေ့တွေမှာလည်း မိုးတိမ်နဲ့ဝေဖြိုးတို့ ဆေးရုံကိုရောက်ရောက်လာပြီး မမတို့သားအမိကို လာကြည့်တယ်။ တစ်နေ့ မိုးတိမ်တစ်ယောက်တည်း ရောက်လာတုန်း မမက သားလေးကို ပုံပြောပြနေတာနဲ့ ကြုံတယ်။ မမပြောပြနေတဲ့ပုံပြင်က . . .

မမတို့ငယ်ငယ်တုန်းက ဆရာဦးထွန်းမြတ်ပြောပြခဲ့တဲ့ ယုန်နဲ့လိပ် ဒုတိယပုံပြင်နဲ့ တတိယပုံပြင်လေ။ ပုံပြင်ဆုံးတော့ မိုးတိမ်က အဲဒီပုံပြင်တွေကို သူလည်းသိတယ်တဲ့။ ဘယ်ကသိတာလဲလို့မေးတော့ မပြောဘူး"

ပိုးကဗျာ စိတ်ဝင်တစားနှင့် အစ်မဖြစ်သူကိုမော့ကြည့်မိတော့..

"ဒါပေမဲ့ တစ်ခုတော့ပြောတယ်၊ သူတို့ကျောင်းမှာလည်း ပုံပြင်အရမ်းကြိုက်တဲ့ ကျောင်းသူတစ်ယောက်ရှိတယ်တဲ့။ သူ့ကို ရည်းစားစကားလိုက်ပြောတဲ့ ယောကျာ်းလေးတိုင်းကို ပုံပြင်တစ်ပုဒ်ပြောခိုင်းတယ်။ ပုံပြင်က 'ယုန်နဲ့လိပ် ဒုတိယပုံပြင်' တဲ့။

နာမည်မေးကြည့်တော့ ပိုးကဗျာလည်းဆိုရော မမ အံ့သြသွားတယ်။ ညီမလေးလို့လည်း ထင်သွားတယ်။ အဲဒါနဲ့ မမတို့ညီအစ်မနှစ်ယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံကိုပြကြည့်တော့ ဟုတ်တယ်တဲ့။

အဲမှာတင် မမလည်း မမတို့ရဲ့ဓာတ်ကြောင်းအားလုံးကို ပြောပြလိုက်တာပေါ့။

နားထောင်ပြီး မိုးတိမ်က မမကို ကတိတစ်ခုပေးတယ်။ အဲဒါ



က မမတို့သားအမိကို ညီမလေးတို့နဲ့ ပြန်ဆုံအောင် သူလုပ်ပေးမယ်တဲ့"

စကားဆုံးသွားတော့ အလှည့်ကျသူ ဝေဖြိုးဖြစ်လို့လာပြန်ပါပြီ။ ဝေဖြိုးက ကျောမှီထိုင်နေရာမှ ခါးကို ရှေ့သို့အနည်းငယ်ကုန်းကာ . . .

"အဲဒီနောက်မှာ ကိုမိုးတိမ်က မင်းမေးမဲ့ပုံပြင်အားလုံး ငါ့ကို ပြောပြတယ်။ ဘယ်ကသိတာလဲလို့မေးတော့ သူရှစ်တန်းတုန်းက သင်ခဲ့ရတဲ့ ဆရာတစ်ယောက်ဆီကတဲ့။ ငါ နောက်ဆုံးပြောခဲ့တဲ့ ပုံပြင်နှစ်ပုဒ်ကတော့ အစ်မဆုကဗျာ တကယ်ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ လောကဓံတရားတွေကို ပုံပြင်လုပ်ပြီး မင်းစိတ်ဝင်စားအောင် ပြောပြခဲ့တာပဲ။ အဲဒါလည်း ကိုမိုးတိမ် အကြံဉာဏ်တွေပါပဲ"

ပိုးကဗျာ သဘောပေါက်စ ပြုလာပါပြီ။ မိုးတိမ် ပုံပြင်တွေကို ဘယ်လိုသိခဲ့တယ်ဆိုတာကိုလည်း ဆက်စပ်နိုင်ခဲ့ပြီ။ တစ်ခါတုန်းက သူပြောခဲ့သလိုပေါ့။ နယ်ပြောင်းသွားတဲ့ ဆရာဦးထွန်းမြတ်ထံကပဲ သိခဲ့မှာပါ။ ကံကြမ္မာရဲ့တိုက်ဆိုင်မှုကတော့ မိုးတိမ်ရှိရာဒေသသို့ ဦးထွန်းမြတ် ပြောင်းရွှေ့သွားခြင်းဖြစ်ပါလိမ့်မည်။

ထို့ထက်တိုက်ဆိုင်ရင်တော့ ဆရာဦးထွန်းမြတ်၏ တပည့်တစ်ယောက် မိုးတိမ် ဖြစ်ခဲ့ဖူးပါလိမ့်မည်။ ဦးထွန်းမြတ်ပြောပြသော ပုံပြင်တွေကိုလည်း မိုးတိမ် သေချာပေါက် နားထောင်ဖူးပါလိမ့်မည်။

ထို့ကြောင့်သာ . . .

ဒါပေမဲ့ သူမတစ်ခုကို မရှင်း။ ထို့အတွက် . . .

"မိုးတိမ်က ပုံပြင်တွေသိနေရက်သားနဲ့ သူကိုယ်တိုင်လာမပြောဘဲ ဘာလို့ နင့်ကိုပြောခိုင်းတာလဲ"

ဒီမေးခွန်းကို စောင့်နေသူမို့ ဖြေရန်ပြင်ပြီးမှ မဆုကဗျာအား ကြည့်ပြီး အနည်းငယ် အိုးတိုးအမ်းတမ်းတော့ ဖြစ်သွားသည်။ ဒါပေမဲ့ . . .

"အစ်မရှေ့မှာပဲ ပြောလိုက်တော့မယ်။ သူကိုယ်တိုင် လာမပြောရတဲ့အကြောင်းက မင်းကို ချစ်မိသွားမှာစိုးလို့ပဲ"

"ရှင် . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . သူကိုယ်တိုင် လာပြောပြရင် မင်းကိုချစ်မိသွားမှာစိုးလို့ ငါ့ကိုပြောခိုင်းတာ"

တစ်ကိုယ်လုံးပင် ထူပူသွားလားမသိ။ မျက်နှာရဲသွားမှာ သေချာသည်မို့ ခေါင်းကိုတော့ ငုံ့လိုက်မိသည်။

"ဒါပေမဲ့ မင်းတို့က ငါ့အကြောင်းစုံစမ်းဖို့အတွက် ကိုမိုးတိမ်ကိုရွေးခဲ့တယ်။ အဲဒီမှာလည်း သူငြင်းလို့ရတယ်နော်။ မင်းသာ အကြောင်းစုံသိသွားခဲ့ရင် သူ့ကို မုန်းသွားမယ်၊ နာကြည်းသွားမယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ မငြင်းခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ ခဏတာရင်းနှီးခွင့်ရတဲ့ အချိန်လေးကို သာယာသွားလို့ပဲ။

အဲဒီအချိန်လေးတွေ ပျောက်ရှသွားမှာစိုးတဲ့အတွက် သူဆက်ပြီး ဟန်ဆောင်ခဲ့တာ"

သူမဘက်မှာ ပြောစရာစကားကို မဲ့နေပါပြီ။ သေချာတာတစ်ခုကတော့ သူမ ရင်ခုန်နေပေပြီ။

"ဒါပေမဲ့ အခုတော့ အားလုံးပြီးသွားပါပြီ။ မင်းတို့မိသားစုတွေလည်း ပြန်ဆုံသွားကြပြီ။ ငါတို့ရဲ့ရည်ရွယ်ချက်လည်း ပြည့်သွားပြီ။ ဒါပေမဲ့ တစ်ခုပဲ။ ကိုမိုးတိမ်ကတော့ မင်းကိုတွေ့ရဖို့ ဘယ်တော့မှ ကြိုးစားမှာမဟုတ်တော့ဘူး"

"ဘာဖြစ်လို့ . . . "

"မင်း သူ့ကို နာကြည်းသွားပြီလို့ တစ်ထစ်ချ မှတ်ယူသွားလို့ပဲ"

"ဟင် . . . "

သူမ အထိတ်တလန့်ဖြစ်သွားပေမဲ့ ဝေဖြိုးကတော့ ခပ်အေးအေးပင် ခေါင်းညိတ်ကာပြသည်။

"ဝေဖြိုး . . . ငါသူ့ကို တွေ့ချင်တယ်"

"အခုလား"

"အေး . . . "

ဝေဖြိုးက နာရီကို တစ်ချက်လှမ်းကြည့်ရင်း . . .



"သူ့ဖုန်းက ညဘက်ရောက်မှဖွင့်တာ။ ဒါပေမဲ့ ဒီအချိန်လောက်ဆိုရင်တော့ ဖြစ်လောက်ပါတယ်။ ခဏလေး . . . ငါခေါ်ကြည့်လိုက်ဦးမယ်"

"ဟဲလို . . . အစ်ကိုလား"

" . . . "

"အခု အစ်ကိုဘယ်မှာလဲ . . . တွေ့ချင်လို့"

" . . . "

"ဩော် . . . အင်းယားမှာလား။ ဟုတ်ပြီ၊ ဟုတ်ပြီ အစ်ကို။ လာခဲ့လိုက်မယ်"

ထို့နောက်တော့ ဖုန်းကိုချရင်း . . .

"အင်းယားမှာ ရှိနေတယ်တဲ့။ လိုက်သွားလိုက်တော့"

ဆတ်ခနဲပင် သူမထရပ်ကာ . . .

"အင်းယား ဘယ်နားမှာလဲ"

"ရှာရလွယ်မှာပါ။ ရေစက်ထားတဲ့ တိုက်ပုလေးခေါင်မိုးပေါ်မှာရှိလိမ့်မယ်"

အပြင်မှာ လမင်းကြီးက ထိန်ထိန်သာနေပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# XXII

## (7:30) PM

ကားကို ပြည်လမ်းပေါ်တွင်သာထိုးပြီး လှေကားအတိုင်း ကန်ပေါင်ပေါ်သို့ ပြေးတက်ခဲ့သည်။ လှေကားတစ်ဝက်အရောက်မှာပင် သူမတွေ့ချင်သောလူတစ်ယောက်ကို မြင်တွေ့ခွင့်ရလိုက်ပြီ။

ရေစက်ထားရာ တိုက်ပုလေး၏ အမိုးစွန်းပေါ်၌ ထိန်ထိန်သာနေသော လမင်းကြီးအားမော့ကြည့်ရင်း ရပ်နေသည့် မိုးတိမ်။ လမင်း၏အလင်းရောင်၊ ည၏ရနံ့၊ ထွန်းထားသော မီးလုံးဖြူပြာပြာလေးတို့၏အရောင်အသွေးတွေနှင့်ပေါင်းကာ မိုးတိမ်ရပ်နေပုံက ညို့ဓာတ်တစ်ခုထွက်နေသလို ကြည့်လို့အရမ်းကောင်းနေသည်။

ကန်ပေါင်တစ်လျှောက် လူတွေ ကြိတ်ကြိတ်တိုးနေပေမဲ့ မိုးတိမ်ရပ်နေရာ ခေါင်မိုးလေးပေါ်မှာတော့ တစ်ယောက်မျှမရှိ။ ကဗျာ ခပ်သွက်သွက်ပင် လျှောက်သွားလိုက်ပြီး တိုက်ပုလေးပေါ်သို့တက်ရန် ကြိုးစားသည်။

စိတ်ပဲလောနေလို့လား၊ လူကပဲ မြန်မြန်ရောက်ချင်လို့လားမသိအရင် တက်ရခက်သော အမြင့်လေးတစ်ခုကို သာသာလေးခုန်ရုံနဲ့ တင်ပါးလွှဲထိုင်ပြီးသား ဖြစ်သွားသည်။



ပြီးတော့ အလျင်စလိုပင် မိုးတိမ်ရပ်နေရာဆီ ပြေးသွားရန် ထလိုက်တော့ . . .

သူမမျက်လုံးအကြည့်တွေ တစ်နေရာမှာ တန့်သွားသည်။ ခေါင်မိုးကျောက်ပြား၏ နေရာလေးတစ်ခုမှာ correction pen ဖြင့် ရေးခြစ်ထားသော ကဗျာလေးတစ်ပုဒ်။ ဟုတ်ပါသည်။

သူမမွေးနေ့မှာ မိုးတိမ်လက်ဆောင်ပေးခဲ့သော ကဗျာလေး။

တစ်ဝက်တစ်ပျက်သာ ရေးထိုးထားခဲ့သော ကဗျာလေး။

တစ်ချိန်ချိန်မှာ အဆုံးသတ်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့ ကဗျာလေးက ယခုအခါမှာတော့ . . .

အရင်ရှိနေသည်ထက် စာကြောင်းရေ များပြားသွားတာတော့ သေချာသည်။ ပိုးကဗျာ ထိုင်လျက်မှပင် ထိုနေရာလေးသို့ တိုးသွားလိုက်ကာ သေချာကြည့်မိတော့ . . .

ဟုတ်ပါတယ်။ ကဗျာလေးက အဆုံးသတ်ပြီးနေပါပြီ။

လရောင်၏ ဖေးမမှုကြောင့် ကဗျာလေးက ရှည်လျားနေပြီဆိုတာ သိပေမယ့် ရေးထားသောစာလုံးတွေကိုတော့ သေချာမမြင်ရပါ။ ဒါပေမဲ့ သူမလုပ်တတ်ခဲ့သည်။ အဲဒါက လက်ကိုင်ဖုန်းလေးဆီမှထွက်ပေါ်လာသော အလင်းတန်းလေးတစ်ချက်။

ထိုအလင်းတန်းနဲ့ပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"အမှား"
တကယ်ဆို ငါတို့တွေကိုက
မှားယွင်းလို့ လူဖြစ်လာခဲ့ကြတာပါ။
ငါတို့ . . .
အမှားတွေကို ဖက်တွယ်ခဲ့တယ်၊
အမှားတွေရဲ့ ကြားယောင်းမှုမှာ မိန်းမောခဲ့တယ်၊
အမှားကို အမှန်ထင်ပြီး
အမှားကိုပဲ ဘုရင်တင်ခဲ့တယ်၊
အမှားကို အရှင်သခင်လို ကိုးကွယ်ခဲ့တယ်၊
. . . . . .
"အမှန်"
အမှားထဲမှာနေပြီး အမှန်ကိုရှာခဲ့တာ
ငါ . . .
ရှည့်နဲ့လွန်းလှပြီ
ဒါပေမဲ့ . . .
အခုတော့ သေချာတဲ့ အမှန်တစ်ခုကို
ရှာလို့တွေ့ခဲ့ပါပြီ၊
အဲဒါက . . .
ငါ မင်းကို ချစ်နေတယ်ဆိုတာပါပဲ၊



ကဗျာဆုံးသွားသည့်နောက်မှာ သူမ အလိုလို မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။ ပြီးတော့ ကျောပေးရပ်နေသော မိုးတိမ်ဆီသို့ တစ်လှမ်းချင်းတိုးသွားလိုက်၍ . . .

ကျောပြင်ဆီမှ သိုင်းဖက်လိုက်သော အထိအတွေ့တစ်ခုနှင့်အတူ စကားသံတိုးတိုးက . . .

"မိုးတိမ်ရယ် . . . "

ဆတ်ခနဲ တစ်ချက်ဖြစ်သွားပေမယ့် ခဏချင်းမှာပင် မိုးတိမ် အခြေအနေကို သဘောပေါက်လိုက်ပါသည်။

သူ၏ခါးဆီသို့ သိုင်းဖက်ထားသောလက်စုံ၊ သူ၏ပခုံးပေါ်ပါးအပ်ထားသည့် သူမ၏မျက်နှာနုနုလေး။ ပြီးတော့ ဘယ်ကမ္ဘာ၊ ဘယ်အရပ်ရောက်ရောက်၊ ဘယ်လောက်ပဲ အချိန်တွေကြာကြာ လုံးဝ မေ့လို့ရမှာမဟုတ်သည့် ရနံ့တစ်ခု။

ထိုရနံ့လေးနှင့်ပင် လှည့်မကြည့်ပေမဲ့ ဘယ်သူဆိုတာ သိလိုက်သည်။ အိပ်မက်တစ်ခုတော့ မဟုတ်ခဲ့ပါ။ ဒါပေမဲ့ အခါခါမက်ခဲ့ဖူးသော အိပ်မက်တစ်ခုလို သူရင်တွေခုန်နေသည်။

ထိုစဉ်မှာပဲ . . .

"မိုးတိမ် . . . ငါ့ကိုချစ်တယ်လို့ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

## (6 : 00) PM

ကျော်သူအောင့်အိမ်ကိုရောက်တော့ ကျော်သူအောင်က ဧည့်ခန်းတွင်ထိုင်ကာ လူတစ်ယောက်နဲ့ စကားပြောနေသည်။ သူ့ကိုမြင်တော့

"လာကွာ . . . မိုးတိမ်"

ဧည့်ခန်းကိုပတ်ကာ ကျော်သူအောင့် ဆားခုံလွတ်တစ်ခုတွင် ဝင်ထိုင်ပြီးတော့ . . .

"မင်းကို ကြုံတုန်း တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်။ ဆရာဦးထွန်းမြတ်ဆိုတာ ဒီဆရာကြီးပဲ"

မိုးတိမ် တအံ့တသြဖြင့် သေချာကြည့်မိသွားပါသည်။ တိုက်ဆိုင်လိုက်သည့်ဖြစ်ချင်း။ ဆရာကြီးက တော်တော်ပင် အသက်အရွယ်အိုမင်းလို့နေပါပြီ။ ဒါပေမဲ့ သွက်သွက်လက်လက်ပင် ရှိသေးသည်။

"မြို့ထဲကအပြန် လိုင်းကားပေါ်မှာတွေ့လို့ အိမ်ကိုအလည်ခေါ်လာတာ။ ဆရာ . . . သူ့နာမည်က မိုးတိမ်ဟန်တဲ့။ ကျွန်တော့်သူငယ်ချင်း"



ဆရာကြီးက အသိအမှတ်ပြုသလို ခေါင်းညိတ်ပြပေမဲ့ . . .

"ဟုတ်ကဲ့ပါဆရာ . . . လူချင်း အခုမှတွေ့ပေမယ့် ဆရာ့နာမည်ကိုတော့ ကျွန်တော် ကြားဖူးနေတာ ကြာပါပြီ"

"ဟေ . . . ဘယ်လိုကြောင့်လဲကွ"

"ဒီစာအုပ်ထဲက ပုံပြင်တွေကြောင့်ပေါ့ ဆရာရယ်"

လက်ထဲမှာကိုင်လာသော မှတ်စုစာအုပ်တစ်အုပ်အား ပြရင်းပြောတော့ ဆရာကြီးက နားလည်ဟန်မပြပါ။ ထို့ကြောင့် **ကျော်သူအောင်** မှပင် ဝင်ရှင်းပြသည်။

"ဒီလိုပါဆရာ။ ငယ်ငယ်တုန်းက ကျောင်းစာသင်ခန်းထဲမှာ ဆရာပြောပြခဲ့တဲ့ပုံပြင်တွေကို ကျွန်တော်က အရမ်းကြိုက်တာလေ။ အဲဒါကြောင့် ဒီစာအုပ်ထဲမှာ ဆရာပြောပြသမျှ ပုံပြင်အားလုံးကို လိုက်ရေးပြီး မှတ်ထားတာ။ အဲဒါ သူက ဒီစာအုပ်ကိုယူဖတ်ပြီး သဘောကျသွားတာ ဆရာ။ ကျွန်တော့်ဆီက ငှားသွားတာတောင် တော်တော်ကြာနေပြီ"

ဆရာကြီးအားရှင်းပြရင်း ကျော်သူအောင်က သူ့အား အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်ကာ . . .

"ငါ့ကို စာအုပ်လာပြန်ပေးတာလား"

BURMESE CLASSIC .com

"အေး . . . ဟုတ်တယ်"

ဒါပါပဲ။

ဒီထက် ကျော်သူအောင် ဘာမျှထပ်မမေးတော့ပါဘူး။

ဘာမျှထပ်မမေးပါနဲ့ သူငယ်ချင်းရယ်။ ပြီးတော့ ဒီအကြောင်းတွေကိုလည်း ဘယ်သူမှပြောမပြလိုက်ပါနဲ့။

မင်းကို ငါယုံပါတယ်။

ဒါ . . . မင်းနဲ့ငါ နှစ်ယောက်တည်းပဲသိတဲ့ ပုံပြင်တစ်ပုဒ်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

(7 : 35) PM

"ငါ့ကို ချစ်တယ်လို့ပြောပါ" တဲ့လား ချစ်သူလေးရယ်။

ချစ်တာပေါ့ . . . ငါနင့်ကို အရမ်းချစ်တာပေါ့။

သိုင်းဖက်ထားသော သူမလက်ဖမိုးလေးပေါ်သို့ သူ့လက်ဖဝါးကို အုပ်ကိုင်ရင်း ဘယ်ဘက်ရင်အုံပေါ် တင်ပေးလိုက်သည်။

သူ့ရင်တွေ ဘယ်လောက်ခုန်နေတယ်ဆိုတာကို ဒီလက်ဖဝါးတွေကတစ်ဆင့် သူမကြားနေရမှာပါ။

"ကဗျာ . . ."

" . . . "

"ငါ့ရင်ခုန်သံတွေကို ကြားရလား"

"ကြားရတယ်"

သွားကြားမှထွက်လာသော လေသံမျိုးလေးနဲ့ တိုးတိုးဖွဖွလေး သူမဆိုတော့ . . .



"ဟောဒီရင်ခုန်သံတွေ မရပ်သ၍ ငါ ရင်တစ်ချက်ခုန်တိုင်း နင့်ကိုချစ်တယ်လို့ တစ်ခါပြောနေတယ်"

ㅈ ㅈ ㅈ

သိုးဆောင်း

မြန်မာစံတော်ချိန် မွန်းလွဲ သုံးနာရီ
ဆယ့်ငါးမိနစ် ရှိပါပြီခင်ဗျာ။

*[ယုန်နဲ့လိပ် ဒုတိယပုံပြင်နှင့် တတိယပုံပြင်မှာ ဖတ်ခဲ့ဘူးသော စာအုပ်တစ်အုပ်ထဲမှ နားလည်သလို ပြန်ရေးထားခြင်းဖြစ်ပြီး . . .*

*ကျန်ပုံပြင်တွေမှာ ကျွန်တော်၏ ကိုယ်ပိုင်ပုံပြင်များသာ ဖြစ်ပါကြောင်း . . .]*



BURMESE CLASSIC .com
www.burmeseclassic.com